COLGATE-PALMOLIVE COMPANY

# လိုက်နာရန် စည်းမျဉ်းများ



## ကျွန်ုပ်တို့ တန်ဖိုးထားသည့်အတိုင်း နေထိုင်ခြင်း

စောင့်ရှောက်ခြင်း • ကမ္ဘာအနှံ့ သင်းဖွဲ့ဆောင်ရွက်မှု • စဉ်ဆက်မပြတ် တိုးတက်မှု




အမြင့်ဆုံး ကျင့်ဝတ်စံနှုန်းများကို ထိန်းသိမ်းထားခြင်း

# ကျွန်ုပ်တို့၏ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အရာရှိချုပ်ထံမှ နှုတ်ခွန်းဆက်စကား

ကျင့်ဝတ်နှင့်ညီညွတ်သော ခေါင်းဆောင်မှုထက် အရေးကြီးတာ ဘာမှမရှိပါဘူး။ ကျွန်ုပ်တို့ တန်ဖိုးထားဆောင်ရွက်နေသည့် စောင့်ရှောက်မှု၊ ကမ္ဘာ့အနှံ့ သင်းဖွဲ့ဆောင်ရွက်မှုနှင့် စဉ်ဆက်မပြတ် တိုးတက်မှုတို့အပြင် ကျွန်ုပ်တို့ ကုမ္ပဏီ၏ ဂုဏ်သိက္ခာဖြစ်သော ရိုးသားမှုနှင့် အမြင့်ဆုံး ကျင့်ဝတ်စံနှုန်းများ ကလည်း အင်အားတစ်ခုဖြစ်ပြီး ယှဉ်ပြိုင်မှုတွင် အားသာချက်တစ်ခု ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဂုဏ်သိက္ခာက Colgate ပုဂ္ဂိုလ်၊ ကျွန်ုပ်တို့၏ သုံးစွဲသူများနှင့် ဖောက်သယ်များ၊ ကျွန်ုပ်တို့ထံ ရင်းနှီးမြှုပ်နှံသူများနှင့် ကျွန်ုပ်တို့နှင့် လက်တွဲဖော် လုပ်ငန်းရှင်များအတွက် နက်ရှိုင်းစွာ အရေးပါလှပါသည်။

လွန်ခဲ့သည့် နှစ်ပေါင်း 30 ကျော်ကတည်းက စတင်ခဲ့သည့်အတွက် ကျွန်ုပ်တို့၏ လိုက်နာရန် စည်းမျဉ်းများက Colgate ၏ တန်ဖိုးများကို ထင်ဟပ်စေသည့် ထုံးတမ်း၊ စည်းကမ်းများဖြင့် လမ်းညွှန်ပြသပေးခဲ့ပြီး ကျွန်ုပ်တို့၏ ကျင့်ဝတ် အပြုအမူများကို လမ်းညွှန်မှုပေးသည့် စံနှုန်းများကို ဖော်ထုတ်ခဲ့ပါသည်။ စည်းမျဉ်းများကို ၎င်း၏ စဉ်ဆက်မပြတ် ဆီလျော်နေစေရေးအတွက် ပုံမှန် ပြန်လည်သုံးသပ်ခြင်း၊ အသစ်ပြုပြင်ခြင်းနှင့် ပြန်လည်ထုတ်ပြန်ခြင်းတို့ ပြုလုပ်ထားပါသည်။ ကမ္ဘာ့အနှံ့အပြားရှိ နိုင်ငံပေါင်းများစွာတွင် လုပ်ကိုင်နေသည့် တကယ့် ကမ္ဘာလုံးဆိုင်ရာ ကုမ္ပဏီတစ်ခု အနေနှင့် ကျွန်ုပ်တို့အားလုံးသည် ကျွန်ုပ်တို့၏ အပြုအမူနှင့် ဆုံးဖြတ်ချက်များက ကျွန်ုပ်တို့၏ စည်းမျဉ်းများထဲတွင် ဖော်ပြထားသည့်အတိုင်း ကျွန်ုပ်တို့၏ စံထားမှုများ တန်ဖိုးများအတိုင်း ရှိနေကြောင်း သေချာစေရပါမည်။

ကျွန်ုပ်တို့သည် ကိုယ်ရေးကိုယ်တာ၊ ငွေရေးကြေးရေးဆိုင်ရာ၊ လူမှုဝန်းကျင် သို့မဟုတ် ကျင့်ဝတ်ဆိုင်ရာ သက်ရောက်မှုများရှိသည့် ဆုံးဖြတ်ချက်များကို နေ့စဉ်ချမှတ်ကြပါသည်။ Colgate မိသားစုဝင်တစ်ဦးအနေဖြင့် ရိုးသားမှုနှင့် အမြင့်မားဆုံး ကျင့်ဝတ် စံနှုန်းများတို့နှင့် ဆောင်ရွက်ရန် ကျွန်ုပ်တို့၏ ကိုယ်ပိုင်တာဝန်ခံယူမှုဖြင့် လမ်းညွှန်စေလျက် ဆုံးဖြတ်ချက်များကို ကျွန်ုပ်တို့ချမိစေရန် ကျွန်ုပ်တို့၏ စည်းမျဉ်းများကို ဖတ်ရှု၊ နားလည်ပြီး လုံးဝလိုက်နာရန် အရေးကြီးပါသည်။

Colgate ပုဂ္ဂိုလ်တို့သည် သူတို့၏ ဆောင်ရွက်မှုများ၊ ပြောစကားများမှ တဆင့် ကျင့်ဝတ်နှင့်ညီသည့် အပြုအမူများကို တသမတ်တည်း ဖော်ပြမည်ဟု မျှော်လင့်ထားပါသည်။ ယင်းတွင် ကျွန်ုပ်တို့၏ စည်းမျဉ်းနှင့် အခြားသော Colgate မူဝါဒများ သို့မဟုတ် ပြဋ္ဌာန်းထားသော ဥပဒေများနှင့် သဟဇာတမဖြစ်သော အပြုအမူများကို စိန်ခေါ်ရန် "ထုတ်ဖော် ဖွင့်ပြောခြင်း" ပါဝင်ပါသည်။



Colgate ပုဂ္ဂိုလ်များသည် ကျွန်ုပ်တို့၏ လုပ်ငန်းဆိုင်ရာ ရလဒ်များတွင် ဂုဏ်ယူဝင့်ကြွားမှုရှိကြပါသည်။ ရလဒ်များသည် အရေးပါသကဲ့သို့ ထိုရလဒ်များကို ရရှိရန် ကျွန်ုပ်တို့ပြုလုပ်သည့် နည်းလမ်းသည်လည်း အရေးပါပါသည်။ ကျွန်ုပ်တို့၏ လုပ်ငန်းဆက်လက်တိုးတက်စေရန် အရေးပါသည့် ကျွန်ုပ်တို့၏ တူညီသောတန်ဖိုးများနှင့် သင်၏ကျင့်ဝတ်နှင့်ညီသော ခေါင်းဆောင်မှုအတွက် ကျေးဇူးတင်ပါသည်။

Ian Cook

ဥက္ကဋ္ဌ၊ ပရက်ဆီဒန့် နှင့် စီအီးအို

# ကျွန်ုပ်တို့၏ တန်ဖိုးများအတိုင်း နေထိုင်ခြင်း

ကျွန်ုပ်တို့ Colgate ၏ တန်ဖိုးထားဆောင်ရွက်နေသည့် ဂရုစိုက်ခြင်း၊ ကမ္ဘာ့အနှံ့ သင်းဖွဲ့ဆောင်ရွက်မှုနှင့် စဉ်ဆက်မပြတ် တိုးတက်မှုတို့ဖြင့် နေထိုင်နေခြင်းဖြင့် လူအများ အသင်းအဖွဲ့ကဲ့သို့ ဆောင်ရွက်မှုမှု၊ တူညီသော ရည်မှန်းချက်များဆီသို့ အတူတကွ အလုပ်လုပ်ကိုင်ခြင်း တို့ဟူသည့် အလေ့အကျင့်ကို ဖန်တီးပါသည်။ Colgate ၏ အခြေခံ တန်ဖိုးသုံးခုမှာကျွန်ုပ်တို့ လုပ်ကိုင်သမျှ၏ အစိတ်အပိုင်းဖြစ်ပါသည်။

## ဂရုစိုက်ခြင်း

ကုမ္ပဏီသည် လူများအပေါ် ဂရုစိုက်ပါသည်- Colgate ပုဂ္ဂိုလ်များ၊ ဖောက်သည်များ၊ ရှယ်ယာရှင်များ၊ သုံးစွဲသူများ၊ ပစ္စည်းပံ့ပိုးသူများနှင့် လက်တွဲဖော် လုပ်ငန်းရှင်များ။ Colgate သည် အားလုံးသော အခြေအနေတို့တွင် အခြားသူများကို တလေးတစားဖြင့် နားထောင်နိုင်ရန်နှင့် ကွဲပြားမှုများကို တန်ဖိုးထားနိုင်ရန် မြတ်နိုးမှု၊ ဂုဏ်သိက္ခာ၊ ရိုးသားမှုနှင့် အမြင့်ဆုံး ကျင့်ဝတ်စံနှုန်းတို့ဖြင့် ဆောင်ရွက်ရန် ဆုံးဖြတ်ထားပါသည်။ ကုမ္ပဏီသည် ကမ္ဘာ့ပတ်ဝန်းကျင်ကို ကာကွယ်ထိန်းသိမ်းရန်၊ Colgate ပုဂ္ဂိုလ်များ နေထိုင်အလုပ်လုပ်ကိုင်သည့် လူမှုဝန်းကျင်များ တိုးတက်ရန်နှင့် အားလုံးသော အစိုးရဆိုင်ရာ ဥပဒေများ၊ စည်းမျဉ်းများတို့ဖြင့် လိုက်လျောညီထွေစေရန် ဆုံးဖြတ်ထားပါသည်။

## ကမ္ဘာ့အနှံ့ သင်းဖွဲ့ဆောင်ရွက်မှု

အားလုံးသော Colgate မှ ပုဂ္ဂိုလ်များသည် ကမ္ဘာ့အနှံ့ သင်းဖွဲ့ဆောင်ရွက်မှု၏ တစ်စိတ်တစ်ပိုင်းဖြစ်ပြီး ကမ္ဘာ့တစ်လွှား နိုင်ငံအများတွင် အတူတကွ လုပ်ကိုင်ရန် ဆုံးဖြတ်ထားပါသည်။ အတွေးအခေါ်များ၊ နည်းပညာများနှင့် ကျွမ်းကျင်မှုများ ဝေမျှခြင်းဖြင့်သာ ကုမ္ပဏီသည် အောင်မြင်လာပြီး ရေရှည်တည်တံ့သည့် အကျိုးအမြတ်တိုးပွားမှု ဖြစ်လာပါမည်။

## စဉ်ဆက်မပြတ် တိုးတက်မှု

Colgate ကနေ့စဉ်နှင့်အမျှ လူတစ်ဦးချင်းစီ အပြင် အဖွဲ့များအနေနှင့်ပါ ပိုမိုကောင်းမွန်လာစေရန် ဆုံးဖြတ်ထားပါသည်။ သုံးစွဲသူနှင့် ဖောက်သည်များ၏ မျှော်လင့်ချက်များကို ပိုမိုနားလည်အောင်ပြုကာ ထုတ်ကုန်ပစ္စည်းများ၊ ဝန်ဆောင်မှုများနှင့် လုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ် တီထွင်ဆန်းသစ် ကောင်းမွန်အောင်ပြုလျက် Colgate သည် အကောင်းဆုံး ဖြစ်လာပါသည်။ ယနေ့၏ ပိုမိုကာ အပြိုင်အဆိုင်များလှသော ဈေးကွက်တွင် Colgate ၏တန်ဖိုးများသည် တစ်ဦးချင်းစီ၊ အဖွဲ့နှင့် ကုမ္ပဏီအောင်မြင်မှုအတွက် အခြေခံပင် ဖြစ်ပါသည်။ အခြားသူများအား လေးစားမှုရှိကာ Colgate တန်ဖိုးများအတိုင်း နေထိုင်ခြင်းဖြင့်သာ သာလွန်ကောင်းမွန်သော လုပ်ငန်းဆိုင်ရာ ရလဒ်များကို ရရှိရန် ကျွန်ုပ်တို့ မျှော်မှန်းနိုင်ပါသည်။

# လေးစားမှုဖြင့် စီမံခန့်ခွဲခြင်း

## *"လေးစားမှုဖြင့် စီမံခန့်ခွဲခြင်း" ဟူသည်မှာ Colgate ပုဂ္ဂိုလ်များက ကုမ္ပဏီ၏တန်ဖိုးများကို သက်ဝင်လာအောင်ပြုသည့် နည်းလမ်းဖြစ်ပါသည်။*

လေးစားမှုဖြင့် စီမံခန့်ခွဲခြင်းဖြင့် အဖွဲ့အစည်းတွင် အချင်းချင်း လွတ်လပ်စွာ အကြံပြုချက်များ၊ အကြံဉာဏ်များပေးကာ ပါဝင်မှုပြုနိုင်သည့် ပတ်ဝန်းကျင်တစ်ခုကို ဖန်တီးပေးပါသည်။

လေးစားမှုဖြင့် စီမံခန့်ခွဲခြင်းဖြင့် တစ်ဦးနှင့်တစ်ဦး စစ်မှန်စွာ ဂရုစိုက်စောင့်ရှောက်ပြီး သူတို့၏ အမြင့်မားဆုံး အနေအထားအထိ အတူတကွ အလုပ်လုပ်နိုင်သော ပတ်ဝန်းကျင်တစ်ခုကို ဖန်တီးပေးပါသည်။

လေးစားမှုဖြင့် စီမံခန့်ခွဲခြင်းအခြေခံသဘောတရားများမှာ-

### ပြောဆိုအသိပေးခြင်း

အိုင်ဒီယာများကို ရှင်းလင်းစွာ၊ ရိုးရှင်းစွာဖော်ပြပါ၊ အခြားသူများကို နားထောင်ပါ၊ မိမိတို့၏ အတွေးများကို ဖော်ပြရာတွင် သက်သောင့်သက်သာ ဖြစ်စေသော ပတ်ဝန်းကျင်တစ်ခုကို ဖန်တီးပါ၊ အခြားသူများထံသို့ ၊ မှအချက်အလက်များကို အချိန်နှင့်အညီရနိုင်ရန် ပိုမိုကြိုးပမ်းပါ။

### တုံ့ပြန်ချက်ပေးခြင်းနှင့် တုံ့ပြန်ချက်တောင်းခံခြင်း

အပြုသဘောဆောင်သည့်၊ တုံ့ပြန်ချက်အတိအကျပေးခြင်းနှင့် တုံ့ပြန်ချက် တောင်းခံခြင်းတို့ ကိုသင်ကြားပေးခြင်း၊ လမ်းညွှန်ပေးခြင်းနှင့် လူများအား လမ်းမှန်ပေါ်တွင် ရှိစေရန် ကူညီခြင်း၊ အပြုသဘောပြောင်းလဲမှုများကို အားပေးခြင်းနှင့် ထူးကဲကောင်းမွန်သည့်အလုပ် လုပ်ချင်စိတ် ပေါ်လာအောင် ပြုလုပ်ပေးခြင်း တို့ဖြင့် Colgate ပုဂ္ဂိုလ်များအားလုံးအား တိုးတက်လာအောင် ပြုပါ။

### ထူးကဲသော ပါဝင်ဆောင်ရွက်မှုများအား တန်ဖိုးထားခြင်း

အခြားသူများ၏ ပါဝင်ဆောင်ရွက်မှုများနှင့် အလုပ်ကောင်းကောင်းလုပ်ခြင်းတို့အား တန်ဖိုးထားပြီး အသိအမှတ်ပြုပေးပါ၊ တစ်ဦးစီကွဲပြားမှုကို လေးစားပါ၊ ဆုံးဖြတ်ချက်များချရာနှင့် ဦးစားပေးဆောင်ရွက်မှုများ ပြုလုပ်ရာတွင် အခြားသူများကိုပါ ထည့်သွင်းပါဝင်ပါ။ လူတို့အား ၎င်းတို့တစ်ဦးတစ်ယောက်စီ၏ ကွဲပြားမှုများကို တန်ဖိုးထားပေးခြင်းသည် လုပ်ငန်းဆောင်ရွက်ရာတွင် လက်ရှိရော အနာဂတ်တွင်ပါ အောင်မြင်မှုကို တည်ဆောက်ခိုင်မြဲစေသည့် သော့ချက်ဖြစ်ပါသည်။

### အသင်းအဖွဲ့အလုပ်ကို ပိုမိုပြုလုပ်ပါ

တူညီသည့်ပန်းတိုင်များဆီသို့သွားရန် ခံယူချက်ဖန်တီးပါ၊ ပဋိပက္ခများကို အပြုသဘောနည်းလမ်းဖြင့် ဖြေရှင်းပါ။

### နမူနာပြပါ

ကျင့်ဝတ်နှင့်အညီ လုပ်ငန်းဆောင်ရွက်ခြင်း၊ စိတ်ဖိစီးမှုအား ဖြေရှင်းခြင်းနှင့် သာယာပြီး မျှချေရှိသော အလုပ်ခွင်ပတ်ဝန်းကျင် ဖန်တီးခြင်းတို့အတွက် အပြုသဘောနမူ ပြုပါ။

COLGATE-PALMOLIVE လိုက်နာရန် စည်းမျဉ်းများ

# မာတိကာ


လိုက်နာရန် စည်းမျဉ်းများ

ကျွန်ုပ်တို့၏ တစ်ဦးနှင့်တစ်ဦး ဆက်ဆံရေး 9

- အောင်မြင်သော လုပ်ငန်းခွင်ဆက်ဆံရေး ရရှိစေရန် ကျွန်ုပ်တို့ ကြိုးပမ်းကြပါသည်
- ကျွန်ုပ်တို့သည် ပွင့်လင်းပြီး ရိုးသားသော ဆက်ဆံရေးများကို အားပေးပါသည်
- Colgate ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့၏ အကြီးမားဆုံး ရင်းမြစ်အဖြစ် တန်ဖိုးထားပါသည်

ကုမ္ပဏီနှင့် ကျွန်ုပ်တို့၏ ဆက်ဆံရေး 12

- အကျိုးစီးပွားချင်းပဋိပက္ခ ဖြစ်မှုကို ကျွန်ုပ်တို့ ရှောင်ကြဉ်ပါသည်
- ကုမ္ပဏီ၏ ရောင်းဝယ်ဖောက်ကားမှု လျှို့ဝှက်ချက်များနှင့် လျှို့ဝှက်သတင်းအချက်အလက်များကို ကာကွယ်ပါသည်
- သတင်းနှင့် မီဒီယာ တောင်းဆိုမှု မူဝါဒများအတိုင်း လိုက်နာပါသည်
- စာရင်းဇယားများနှင့် မှတ်တမ်းများကို တိတိကျကျထားရှိထားပါသည်
- Colgate ၏ ပိုင်ဆိုင်မှုများကို ကာကွယ်ပါသည်
- သတင်းနည်းပညာ ရင်းမြစ်များနှင့် လူမှုမီဒီယာတို့ကို သတိရှိစွာ သုံးစွဲပါသည်

ကျွန်ုပ်တို့၏ ဒါရိုက်တာ ဘုတ်အဖွဲ့နှင့် ဆက်ဆံရေး 19

- ကျွန်ုပ်တို့တွင် လွတ်လပ်သော၊ အတွေ့အကြုံရှိပြီး ကွဲပြားသော ဒါရိုက်တာဘုတ်အဖွဲ့ဝင်များ ရှိပါသည်။
- ဘုတ်နှင့် တိုက်ရိုက်ပွင့်လင်းသော ဆက်ဆံရေးများကို ကျွန်ုပ်တို့ အားပေးပါသည်။
- ကျွန်ုပ်တို့ကုမ္ပဏီသည် ထူးကဲ ကောင်းမွန်စွာ ကုမ္ပဏီစီမံခန့်ခွဲမှုပေးရန် ခံယူထားပါသည်

ပြင်ပ စီးပွားရေး စီးပွားရေးလုပ်ငန်းရပ်များနှင့် ကျွန်ုပ်တို့၏ ဆက်ဆံရေး 20

- ပစ္စည်းပံ့ပိုးပေးသူများ၊ ဖောက်သည်များနှင့် အခြား ပြင်ပလုပ်ငန်းများနှင့် ကျင့်ဝတ်ညီညွတ်စွာ ဆက်ဆံပါသည်
- မသင့်လျော်သော လက်ဆောင်များ ပေးခြင်း သို့မဟုတ် လက်ခံခြင်းများ မပြုလုပ်ပါ
- ကုန်သွယ်မှု လျှို့ဝှက်ချက်များနှင့် အခြားသူများ၏ လျှို့ဝှက် သတင်းအချက်အလက်များကို လေးစားမှုရှိပါသည်

ကျွန်ုပ်တို့ သုံးစွဲသူများ နှင့်ဆက်ဆံရေး 22

- ကျွန်ုပ်တို့၏ ထုတ်ကုန်ပစ္စည်းများအတွက် အမြင့်ဆုံး စံနှုန်းများကို သတ်မှတ်ထားပါသည်။
- သုံးစွဲသူများအားလည်း တုန့်ပြန်မှုများ ပေးပါသည်
- ကျွန်ုပ်တို့၏ ကြော်ငြာပုံမှာ ရိုးရှင်းပြီး မှန်ကန်ပါသည်

အစိုးရနှင့် ဥပဒေတို့နှင့် ကျွန်ုပ်တို့၏ ဆက်ဆံရေး 24

- အားလုံးသော ပြဋ္ဌာန်းထားသည့် ဥပဒေများကို လိုက်နာပါသည်
- အပြိုင်အဆိုင် ဥပဒေများကို လိုက်နာပါသည်
- အစုရှယ်ရာလက်မှတ်ဆိုင်ရာ ဥပဒေများကို လိုက်နာပါသည်။
- လာဘ်ထိုးမှု ဆန့်ကျင်ရေး ဥပဒေများကို လိုက်နာပါသည်။
- နိုင်ငံတကာ ကုန်စည်ရောင်းဝယ်မှု စည်းမျဉ်းများကို လိုက်နာပါသည်။
- အချက်အလက်လျှို့ ဝှက်မှုနှင့် အချက်အလက် ကာကွယ်မှု ဥပဒေကို လိုက်နာပါသည်။
- မှတ်တမ်း သိမ်းဆည်းမှု ဥပဒေကို လိုက်နာပါသည်။
- နိုင်ငံရေးဆိုင်ရာ ငွေထည့်ဝင်မှုများ မပြုလုပ်ပါ။

လူမှုအဖွဲ့အစည်းနှင့် ကျွန်ုပ်တို့ ဆက်ဆံရေး 31

- ကျွန်ုပ်တို့သည် ဒေသတွင်း ပေးကမ်းမှုနှင့် လုပ်အားပေးများတွင် ပါဝင်ဆောင်ရွက်ပါသည်
- ကျွန်ုပ်တို့၏ လုပ်ငန်းကို သက်ရောက်မှုရှိသော ကိစ္စရပ်များအတွက် အစိုးရများနှင့် အတူလုပ်ဆောင်ပါသည်
- အမြတ်ထုတ်သော၊ လူသားမဆန်သော လုပ်အားရယူမှုကို ကန့်ကွက်ပါသည်
- ကျွန်ုပ်တို့သည် လူတိုင်းတွင်ရှိသော လူ့အခွင့်အရေးများအပေါ် ခံယူချက် ရှိကြောင်းပြသပါသည်

ပတ်ဝန်းကျင်နှင့် ကျွန်ုပ်တို့၏ ဆက်ဆံရေး 33

- ကျွန်ုပ်တို့သည် ရေရှည်တည်တံ့မှုနှင့် လူမှုရေးရာ တာဝန်ခံယူမှုတို့တွင် ပါဝင်ပါသည်
- ကျွန်ုပ်တို့သည် ကမ္ဘာမြေကြီးအား စောင့်ရှောက်ပြီး ကာကွယ်ပါသည်

ရှယ်ယာပိုင်ရှင်များနှင့် ကျွန်ုပ်တို့၏ ဆက်ဆံရေး 34

- ကျွန်ုပ်တို့သည် ရှယ်ယာရှင်တန်ဖိုးအား ကာကွယ်မှုပြုရန် ကောင်းမွန်သည့် ကုမ္ပဏီစီမံခန့် ခွဲမှုကို လက်ကိုင်ပြုပါသည်
- ကျွန်ုပ်တို့သည် ရင်းနှီးမြုပ်နှံသူတို့၏ ယုံကြည့်မှုကို တိုးပွားစေရန် ကြပ်မတ်သော စာရင်းစစ်ခြင်းကို ကျင့်သုံးပါသည်
- ကျွန်ုပ်တို့သည် ရှယ်ယာဝင်များအား ကုမ္ပဏီ၏ တိုးတက်မှုကို အစဉ်မပြတ် အကြောင်းကြားနေပါသည်

လိုက်နာမှုအတွက် တာဝန်ယူခြင်း 35

- သင့်တွင် လမ်းညွှန်မှုလိုအပ်လျှင် သင့်အားကူညီရန် ကျွန်ုပ်တို့တွင် ဌာနတွင်း အရင်းအမြစ်များ ရှိပါသည်
- သင့်လျော်သော ရင်းမြစ်များသို့ ပြဿနာများအား သတင်းပို့ရန် ကျွန်ုပ်တို့ "ဖွင့်ဟပြောခြင်း" ပြုပါသည်
- အပြစ်ပေးခြင်းဆိုင်ရာ ဆောင်ရွက်မှုများ ပြုလုပ်နိုင်ပါသည်
- ကျင့်ဝတ်များသည် Colgate ဝန်ထမ်းအာလုံးနှင့် ကုမ္ပဏီလုပ်ဆောင်မှုများအပေါ် သက်ရောက်မှုရှိပါသည်

# လိုက်နာရမည့် စည်းမျဉ်းများ

ကျွန်ုပ်တို့ Colgate ၏ လိုက်နာရမည့် စည်းမျဉ်းများသည် ကျွန်ုပ်တို့၏နေ့စဉ် လုပ်ငန်းဆိုင်ရာ ဆက်သွယ်ဆောင်ရွက်မှုများသည် သမာဓိရှိစွာ ဆောင်ရွက်ကြောင်း သေချာစေရန် အရေးကြီးသည့် ရင်းမြစ်များအဖြစ် ဆောင်ရွက်ပါသည်။ ကျွန်ုပ်တို့၏ လုပ်ငန်းဆိုင်ရာ ရလဒ်များကို ရယူသည့် နည်းများမှာ အရေးပါကြောင်း ကျွန်ုပ်တို့တစ်ဦးချင်းစီအား စည်းမျဉ်းများက ရှင်းလင်းစွာ ပြောပြပါသည်။ စည်းမျဉ်းများသည် ဒါရိုက်တာများ၊ အရာရှိများနှင့် ကုမ္ပဏီနှင့် ၎င်း၏အခွဲရှိ ဝန်ထမ်းအားလုံး အပါအဝင် အားလုံးသော Colgate ပုဂ္ဂိုလ်များ အပေါ် သက်ရောက်မှုရှိပါသည်။ Colgate ၏ Colgate နှင့် လုပ်ငန်းဆောင် ရွက်သည့်အချိန်အခါတွင် ပြင်ပအဖွဲ့အစည်းတို့ စည်းမျဉ်းများလိုက်နာရန် သတ်မှတ်ထားသဖြင့် အရောင်းသမားများနှင့် ပစ္စည်းပံ့ပိုးသူများသည်လည်း ထိုသတ်မှတ်ချက်များကို လိုက်နာရမည်ဖြစ်ပါသည်။

ဝန်ထမ်း တစ်ဦးချင်းစီသည် စည်းမျဉ်း၊ ကမ္ဘာလုံးဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှု လမ်းညွှန်ချက်များ၊ ကုမ္ပဏီ မူဝါဒများနှင့် ပြဋ္ဌာန်းထားသော ဥပဒေအားလုံး အတိုင်း လိုက်နာခြင်းဖြင့် သမာဓိနှင့် ခေါင်းဆောင်မှုတို့ကို ဖော်ပြရန် တာဝန်ရှိပါသည်။ ကျွန်ုပ်တို့၏ လုပ်ငန်းဆိုင်ရာ လက်ရှိဆက်ဆံရေးများနှင့် ဆုံးဖြတ်ချက် ချမှတ်မှုများတွင် ကျင့်ဝတ်ညီညွတ် ပြည့်စုံ၍ သမာဓိရှိစွာ ဆောင်ရွက်မှုဖြင့် အမြင့်ဆုံး ကျင့်ဝတ်စံနှုန်းများ ဖွံ့ဖြိုးစေသည့် အလေ့အထတစ်ခုကို ဖော်ဆောင်ရန် ခံယူထားကြောင်း ပြသပါသည်။

စည်းမျဉ်းများ သို့မဟုတ် မည်သည့် Colgate နှင့်ပတ်သက်သော မူဝါဒ သို့မဟုတ် လုပ်ထုံးလုပ်နည်း မဆိုအား နားလည်အောင်ပြုခြင်း သို့မဟုတ် လိုက်နာရန်ပြုခြင်းတွင် မေးစရာများ သို့မဟုတ် ပြဿနာများ ရှိလာပါက၊ အခြေအနေကို သင့်မန်နေဂျာ၊ လူသားရင်းမြစ်၊ ကမ္ဘာလုံးဆိုင်ရာ ဥပဒေရေးရာ အဖွဲ့အစည်းများ သို့မဟုတ် ကမ္ဘာလုံးဆိုင်ရာ ကျင့်ဝတ်နှင့် လိုက်နာမှု အဖွဲ့အစည်းတို့ဖြင့် ဆွေးနွေးသင့်ပါသည်။

အမြင့်မားဆုံး ကျင့်ဝတ်စံနှုန်းများကို ထိန်းသိမ်းထားရှိရန်နှင့် မသင့်လျော်သော သို့မဟုတ် ဥပဒေနှင့်မညီညွတ်သော အပြုအမူများကင်းစင်ပြီး လူအများသည် လက်စားချေတုန့်ပြန်ခံရမည်ကို မကြောက်ဘဲ မိမိတို့၏ ပြဿနာများအား ကုမ္ပဏီနှင့် မျှဝေရန် အားပေးထားသည့် လုပ်ငန်းခွင်တစ်ခုကို ဖန်တီးရန်မှာ Colgate ၏ မူဝါဒနှင့် ဆောင်ရွက်မှုများ ဖြစ်ပါသည်။ နောက်ဆက်တွဲအနေဖြင့် Colgate တွင် တိုင်ကြားမှုပြုလုပ်သည့် ဆောင်ရွက်ချက် သို့မဟုတ် ပေးအပ်သည့် သတင်းအချက်အလက်သည် တမင်မှားယွင်းခြင်း သို့မဟုတ် စိတ်ကောင်းစေတနာ ဖြင့်ပြုလုပ်ခြင်းတို့ မဟုတ်ကြောင်း မတွေ့ရှိခဲ့လျှင် ကုမ္ပဏီ၏ စည်းမျဉ်း၊ ကုမ္ပဏီ၏ မူဝါဒ သို့မဟုတ် လိုက်နာရမည့် ဥပဒေအား ဖောက်ဖျက်ခြင်းကြောင်း သံသယရှိသည့် စုံစမ်းစစ်ဆေးမှုတွင် တိုင်ကြားခြင်း၊ သတင်းပေးပို့ခြင်း၊ ပါဝင်ခြင်း သို့မဟုတ် ကူညီခြင်း ပြုသူ မည်သည့် ဝန်ထမ်း၊ ဝန်ထမ်းဟောင်း၊ ကိုယ်စားလှယ် သို့မဟုတ် ပြင်ပလူပုဂ္ဂိုလ်တို့မဆို အား ဆိုးကျိုးများ ပေါ်ပေါက်လာမည် မဟုတ်ပါ။ ဖြစ်နိုင်သည့် အမြင့်ဆုံးအတိုင်းအတာ အထိ Colgate သည် အားလုံးသော တိုင်ကြားမှုများကို လျှို့ဝှက်စွာ ထားရှိသွားပါမည်။ လက်တုန့်ပြန်မှုအား တိုင်ကြားမှုအားလုံးကို စုံစမ်းစစ်ဆေးပြီး အကယ်၍လိုအပ်လျှင် အလုပ်မှ ရပ်ဆိုင်းခြင်း အထိပါဝင်သော စည်းကမ်းရေးရာ ဆောင်ရွက်မှုများ ပြုလုပ်ပါမည်။

စည်းမျဉ်းအား အွန်လိုင်းတွင်ရရှိနိုင်ပြီး ဘာသာစကားပေါင်း လေးဆယ်အထိ ပြန်ဆိုထားပါသည်။ Colgate ပုဂ္ဂိုလ်များသည် စည်းမျဉ်းအား ဖတ်ရှု၊ နားလည်ပြီး လိုက်နာရန် လိုအပ်ပါသည်။ ကျွန်ုပ်တို့၏ ခံယူချက်ကို ပိုမိုအားကောင်းစေရန် Colgate ပုဂ္ဂိုလ်များသည် စည်းမျဉ်းဆိုင်ရာ သင်တန်းပို့ချမှု များကိုရရှိထားပြီး နှစ်စဉ် အသိအမှတ်ပြုထားပါသည်။

မေးခွန်းများပေါ်ပေါက်လာပါက ကောင်းမွန်သော သုံးသပ်ခြင်းနှင့် လမ်းညွှန်မှုကို ရှာဖွေခြင်းတို့ဖြင့် စည်းမျဉ်းကို လိုက်နာခြင်းအား ပိုမိုလွယ်ကူစေပါသည်။ တစ်စုံတစ်ခုအား မသေချာဖြစ်နေပါက၊ သင့်ကိုယ်သင် အောက်ပါတို့ကို မေးမြန်းပါ-

# ကျင့်ဝတ်ဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်မှုများဆိုင်ရာ မေးခွန်းများ

**မေးခွန်း-**

ဒါလုပ်ဖို့ ငါ့မှာ လုပ်ပိုင်ခွင့်ရှိရဲ့လား။

**မေးခွန်း-**

ငါလမ်းပြန်မှုနာပေးမှ ဟုတ်ရဲ့လား။

**မေးခွန်း-**

ဆောင်ရွက်မှုဟာ မှန်ကန်တဲ့ကိစ္စဟုတ်ရဲ့လား။

**မေးခွန်း-**

ဆောင်ရွက်မှုဟာ တရားဝင်ပြီး ငါတို့ရဲ့ တန်ဖိုးထားတဲ့အရာတွေ၊ လိုက်နာရမယ့် စည်းမျဉ်း၊ လုပ်ငန်းဆောင်ရွက်မှု လမ်းညွှန်ချက်နဲ့ အခြားမူဝါဒတွေနဲ့ ကိုက်ညီရဲ့လား။

**မေးခွန်း-**

ငါလေးစားရတဲ့ တစ်စုံတစ်ယောက်ကို ဒီဆောင်ရွက်မှုကို ငါသတင်းပေးပို့လိုက်လို့ ငါ့ကိုယ်ငါ ဂုဏ်ယူမလား။

**မေးခွန်း-**

ဒီဆောင်ရွက်မှုဟာ Colgate ဟာ ကျင့်ဝတ်နဲ့ညီတဲ့ ကုမ္ပဏီအဖြစ် ဂုဏ်သိက္ခာကို တိုးပွားစေမှာလား။

**မေးခွန်း-**

ငါဟာ အမြင့်ဆုံးကျင့်ဝတ် စံနှုန်းများကို သရုပ်ဖော်ပြနေရဲ့လား။

**အဖြေ-**

**ဟုတ်တယ်၊** ဆက်လုပ်ပါ။

**မဟုတ်၊** ကမ္ဘာလုံးဆိုင်ရာ တရားဝင် အဖွဲ့အစည်း သို့မဟုတ် ကမ္ဘာလုံးဆိုင်ရာ ကျင့်ဝတ်နှင့် လိုက်နာမှု တို့ဖြင့် ဆွေးနွေးပါ

# ကျွန်ုပ်တို့၏ တစ်ဦးနှင့်တစ်ဦး ဆက်ဆံရေး



*ကျွန်ုပ်တို့ တစ်ဦးနှင့်တစ်ဦး ဆက်ဆံမှုများသည် တစ်ဦးအပေါ်တစ်ဦး ယုံကြည်မှုနှင့် လေးစားမှုပေါ်တွင် အခြေခံသင့်ပါသည်။*

## အောင်မြင်သော လုပ်ငန်းခွင်ဆက်ဆံရေး ရရှိစေရန် ကျွန်ုပ်တို့ ကြိုးပမ်းကြပါသည်

Colgate တွင် ကျွန်ုပ်တို့ ဝန်ထမ်းများ၏ ခိုင်မာသော ခံယူချက်ဖြင့် ဆောင်ရွက်မှုနှင့် ၎င်းခံယူချက်မှ ရရှိလာသော ထူးကဲသည့် အောင်မြင်မှုများကို ဂုဏ်ယူပါသည်။ သို့သော်လည်း ထိုခံယူချက်မှာ ယုံကြည်မှု၊ ပွင့်လင်းမှုနှင့် ရိုးသားသော ဆက်သွယ်ပြောဆိုခြင်းတို့အပြင် လေးစားမှု တို့ရှိမှသာ ရရှိမည် ဖြစ်ပါသည်။ သင့်လုပ်ဖော်ကိုင်ဖက်များ၊ သင့်တိုက်ရိုက် သတင်းပို့ရသူများနှင့် သင့်ကိုကြီးကြပ်ပေးသူများဖြင့် ပြောဆိုဆက်ဆံရာတွင် လုပ်ဖော်ကိုင်ဖက် စိတ်ဓာတ်ဖြင့် ဆက်ဆံသင့်ပါသည်။ ထိုသို့ ဆက်ဆံရာတွင် တစ်ဦးချင်းစီ၏ အပြုအမူတို့ကို အမြင့်ဆုံးကျင့်ဝတ်စံနှုန်းကို ထိန်းသိမ်းထားရန် စိတ်အားထက်သန်သော ခံယူချက်ဖြင့် ထိန်းကွပ်ထားရပါမည်။

သင်နှင့် အလုပ်အတူလုပ်ကိုင်သူများနှင့် ဆက်နွယ်မှုသည် အနိုင်ရသည့်အဖွဲ့တစ်ဖွဲ့၏ အသင်းသားများကဲ့သို့ ဖြစ်သင့်သည်။ တူညီသောရည်ရွယ်ချက်များသို့ ညီညွတ်စွာ အာရုံစူးစိုက် လုပ်ကိုင်သော ပုဂ္ဂိုလ်များမှာ ကျွန်ုပ်တို့ လုပ်ငန်း၏နောက်ကွယ်က မောင်းနှင်နေသည့် တွန်းအား ဖြစ်ပါသည်။ ထိုလှုပ်ရှားနေသော သင်းဖွဲ့ဆက်ဆံမှုအောင်မြင်စေရန် အတွက်၊ လူတစ်ဦးချင်းစီသည် သူ သို့မဟုတ် သူမ၏ တာဝန်ဝတ္တရားများကို ပြီးမြောက်အောင်ဆောင်ရွက်ကာ အခြားသူများလည်း ထိုနည်းတူဆောင်ရွက်မည် ဖြစ်ကြောင်း သေချာနေရပါမည်။ ဆိုလိုသည်မှာ အလုပ်ပြီးမြောက်ရန် အဆင့်တိုင်းတွင် လိုအပ်သော ပံ့ပိုးမှုများအား အခြားသူများသို့ ပေးခြင်းဖြစ်ပါသည်။ မည်သည့် တစ်ဦးတစ်ယောက် သို့မဟုတ် လုပ်ငန်းယူနစ်တစ်ခုကမှ သူတို့ကိုယ်ပိုင်ကိစ္စအား ကုမ္ပဏီကိစ္စထက် ဦးစားပေးခြင်း မပြုရပါ။

ယဉ်ကျေးခြင်း၊ တရားမျှတမှုနှင့် သမာဓိတို့ပေါ်တွင် နမူနာပြခြင်းဖြင့် သင်နှင့်လက်တွဲ လုပ်ကိုင်နေသူတို့နှင့် ဆက်ဆံရေးသည် ကျင့်ဝတ်များကို ပိုမိုကောင်းမွန်စေပါသည်။ ခေါင်းဆောင်များအနေဖြင့်၊ ကျွန်ုပ်တို့အားလုံးသည် စံနှုန်းမြင့်ဆောင်ရွက်မှုများ ထားရှိခြင်းနှင့် သင်းဖွဲ့ဆောင်ရွက်မှု၊ လေးစားမှုနှင့် ကျင့်ဝတ်နှင့်ညီသော အပြုအမူတို့ကို တိုးတက်စေသည့် လုပ်ငန်းခွင်ဝန်းကျင်ကို ဖန်တီးရန် တာဝန်ရှိကြပါသည်။

## ကျွန်ုပ်တို့သည် ပွင့်လင်းပြီး ရိုးသားသော ပြောဆိုခြင်းများကို အားပေးပါသည်

တီထွင်ဖန်တီးမှုနှင့် အတွေးအခေါ်သစ်များကိုအားပေးပြီး သင်သည် ကြီးကြပ်သူတစ်ဦး ဖြစ်လျှင်၊ လက်အောက်မှ ဝန်ထမ်းများအား လူပုဂ္ဂိုလ်များအဖြစ် ဆက်ဆံပြီး ယင်းတို့အလုပ်လုပ်နိုင်ရန် လိုအပ်သော လွတ်လပ်မှု ပေးပါ။ လုပ်ဆောင်မှု တိုးတက်ရေးအတွက် အကြံဉာဏ်များ ပေးပါ။

သင့်ကြီးကြပ်သူနှင့် သင့်တွင် အချင်းချင်း လေးစားမှု၊ ယုံကြည်မှုရှိသည့် ဆက်ဆံရေးတစ်ခု ဖြစ်သင့်သည်။ သင်နှင့် သင့်ကြီးကြပ်သူတို့သည် ကုမ္ပဏီက သင်တို့ယူနစ်အတွက် သတ်မှတ်ပေးထားသော ပန်းတိုင်ကို အောင်မြင်အောင်ပြုလုပ်ရမည့် တူညီသော ရည်ရွယ်ချက်တစ်ခုရှိသည့် အဖွဲ့တစ်ခု ဖြစ်သည်။

သင်တို့ကြားရှိ ဆက်ဆံရေးသည် ပွင့်လင်းပြီး ရိုးသားစေရန် သင့်ကြီးကြပ်သူကဲ့သို့ပင် သင့်တွင်လည်း တာဝန်ရှိပါသည်။ တတ်နိုင်သမျှ မိမိဘက်စတင် လုပ်ဆောင်ပါ။ ပြဿနာများဖြေရှင်းရာတွင် တီထွင်မှုရှိပါ။ သင့်ပူးပေါင်းပါဝင်မှုနှင့် တီထွင်နိုင်စွမ်းအားသည် သင့်ယူနစ်နှင့် ကုမ္ပဏီ၏ ရည်မှန်းချက်များ အောင်မြင်ရန် မရှိမဖြစ် အရေးပါပါသည်။

## COLGATE ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့၏ အကြီးမားဆုံး ရင်းမြစ်အဖြစ် တန်ဖိုးထားပါသည်

Colgate ၏ လူများကို ဂရုပြုစောင့်ရှောက်ရန် စိတ်အားထက်သန်မှုသည် တစ်ဦးတစ်ယောက်ချင်းစီနှင့် အသင်းအဖွဲ့ အောင်မြင်မှုများကို ပိုမိုတိုးတက်စေရန်နှင့် ဆုချီးမြှင့်နိုင်ရန် ရေးဆွဲထားသော အစီအစဉ်ပေါင်းမြောက်များစွာမှ ရရှိလာပါသည်။ သင့်တိုးတက်နိုင်သမျှ ပိုမိုတိုးတက်ရန်နှင့် ကုမ္ပဏီ၏ အောင်မြင်မှုအတွက် အဓိပ္ပာယ်ရှိစွာ ပါဝင်ဆောင်ရွက်ရန် အားပေးပါသည်။ အဆုံးသတ်တွင်၊ ကုမ္ပဏီ၏ အောင်မြင်မှုကို ဖြစ်စေခဲ့သည်မှာ ကမ္ဘာအနှံ့ရှိ ကျွန်ုပ်တို့၏ အရည်အသွေးရှိပြီး ကျွမ်းကျင်သော Colgate ပုဂ္ဂိုလ်များ ပင်ဖြစ်ပါသည်။

Colgate ပုဂ္ဂိုလ်များသည် ကုမ္ပဏီ၏ သာတူညီမျှ ခန့်အပ်မှုမူဝါဒ ကို ourcolgate.com တွင်ရည်ညွှန်းလျက် သိလိုသော အချက်အလက်များကို ဆက်လက်ရယူနိုင်ပါသည်။

- ကျွန်ုပ်တို့၏ လုပ်သားအင်အားတွင် နောက်ခံအခြေအနေအားလုံးပါဝင်သော ပုဂ္ဂိုလ်များကို စွဲဆောင်၊ ထားရှိခြင်းဖြင့် အလုံးစုံပါဝင်သော အလုပ်ခွင် ပတ်ဝန်းကျင်ကို ထိန်းသိမ်းထားရှိပြီး ကျွမ်းကျင်မှုကို ရရှိပါသည်။

- အလုပ်ခွင်တွင်းမှ မည်သူမဆိုဖြစ်စေ သို့မဟုတ် ကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်နေစဉ်ဖြစ်စေ Colgate ပုဂ္ဂိုလ်အား လိင်ပိုင်းဆိုင်ရာ သို့မဟုတ် မည်သည့် ထိခိုက်စော်ကားမှုကိုမဆို တားမြစ်ပါသည်။
- ကုမ္ပဏီမှ ရယူသုံးစွဲနေသော မူဝါဒများနှင့် လုပ်ငန်းစဉ်များအရ အလုပ်ခွင်တွင် မျက်နှာသာပေးခြင်း သို့မဟုတ် မျက်နှာသာပေးပုံ ပေါက်နေခြင်း တို့အား ရှောင်ကြဉ်ရန် ကြိုးစားပါသည်။

Colgate ပုဂ္ဂိုလ်များသည် ကုမ္ပဏီ၏ ထိခိုက်စော်ကားမှု ဆန့်ကျင်ခြင်း မူဝါဒ ကို ourcolgate.com တွင်ရည်ညွှန်းလျက် သိလိုသော အချက်အလက်များကို ဆက်လက်ရယူနိုင်ပါသည်။

Colgate က သာတူညီမျှ အခြေခံပေါ် မူတည်ပြီး အားလုံးသော အရည်အချင်း ပြည့်ဝသူများအား အလုပ်အကိုင် အခွင့်အလမ်းပေးပါသည်။ ကုမ္ပဏီသည် မည်သည့် ဝန်ထမ်း သို့မဟုတ် လျှောက်ထားသူကိုမှ အောက်ပါတို့ကြောင့် ခွဲခြားဆက်ဆံမည် မဟုတ်ပါ။

ယင်းတို့ပါဝင်သော်လည်း ကန့်သတ်ထားခြင်းမရှိသည့် – အလုပ်ခေါ်ယူခြင်း၊ ငှားရမ်းခြင်း၊ ရာထူးတက်ခြင်း၊ ပြောင်းရွှေ့ခြင်း၊ နစ်နာကြေးတောင်းခြင်း၊ သင်တန်းပေးခြင်း၊ ရာထူးချခြင်း သို့မဟုတ် ထုတ်ပယ်ခြင်း။

- လူမျိုး သို့မဟုတ် တိုင်းရင်းသား
- အသားအရောင်
- ကိုးကွယ်မှု
- လိင်၊ သို့မဟုတ် လိင်အမှတ်သညာ
- မွေးဖွားရာနိုင်ငံ
- အသက်
- လိင်နှစ်သက်မှု
- မသန်စွမ်းမှု
- အိမ်ထောင်ရေးအခြေအနေ
- စစ်ပြန်အခြေအနေ
- ဥပဒေက ကာကွယ်ထားသော ဝိသေသမည်သည့်မဆို

**မေးခွန်း-**

ကျွန်ုပ်၏ ကြီးကြပ်သူက အဖွဲ့ဝင်အချို့ကို ကျွန်ုပ်သေချာမသိတဲ့ ကျွန်ုပ်တို့ရဲ့ လေးစားမှုဖြင့် စီမံခန့်ခွဲခြင်း သဘောတရားနဲ့ မကိုက်ညီဘဲ မလေးမစား အပြုအမူတွေနဲ့ ဆက်ဆံတာကို တွေ့ရပါတယ်။ ဒါကို ကျင့်ဝတ်လိုင်းကနေတဆင့် တစ်ယောက်ယောက်နဲ့ ကျွန်ုပ်ဆွေးနွေးနိုင်ပါသလား။

**အဖြေ-**

**ဟုတ်ပါပြီ၊သင်** လုပ်နိုင်ပါတယ်။ ဒါပေမယ့် သင်သတိရရမှာက မည်သည့်အလုပ်ခွင်ကိစ္စ မဆို သင့်စိတ်ထဲမှာ စိုးရိမ်တဲ့အခါ သင့်နယ်မြေတွင် လူ့သားရင်းမြစ် ကိုယ်စားလှယ် သို့မဟုတ် သင့် ခေါင်းဆောင်မှုအဖွဲ့က ယုံကြည်ရတဲ့ အဖွဲ့ဝင်တစ်ဦးကိုလည်း ဆွေးနွေးနိုင်ပါတယ်။ သင်လမ်းညွှန်မှု ရှာဖွေရန်နှင့် ရှင်းလင်းစေရန် ကမ္ဘာလုံးဆိုင်ရာ ကျင့်ဝတ်နှင့် လိုက်နာမှုလည်း ရှိပါတယ်။

### မေးခွန်း-

ကျွန်ုပ်ဌာနက အဖွဲ့သားတစ်ဦးဟာ လုပ်ဖော်ကိုင်ဖက်တစ်ဦးရဲ့ လိင်နစ်သက်မှုကို နာမည်ပြောင်များ အသုံးပြုခြင်း အပါအဝင် ထပ်ကာထပ်ကာ ပြောဆိုနေပါတယ်။ ကျွန်ုပ် အဲဒီအကြောင်း သူနဲ့ စကားပြောတဲ့အခါ သူက နောက်ယုံသက်သက်ပါလို့ ပြောပြီး ဆက်လက် လုပ်မြဲလုပ်နေပါတယ်။ ကျွန်ုပ် လုပ်ခဲ့တာမှန်ရဲ့လား။

### အဖြေ-

**မှန်ပါသည်** ဖွင့်ပြောခြင်းဖြင့် သင်မှန်ကန်သည့် အလုပ်ကို လုပ်ခဲ့ပါသည်။ သို့သော်လည်း သင့်အကောင်းဆုံး အားထုတ်မှု ပြုခဲ့သော်လည်း စော်ကားသော အပြုအမူမှာ ဆက်လက်ဖြစ်ပွားနေပါသည်။ သင့် ကြီးကြပ်သူ၊ လူ့စွမ်းအားရင်းမြစ်၊ ကမ္ဘာလုံးဆိုင်ရာ တရားဝင် အဖွဲ့အစည်း သို့မဟုတ် ကမ္ဘာလုံးဆိုင်ရာ ကျင့်ဝတ်နှင့် လိုက်နာမှုတို့ထံသို့ ကျွန်ုပ်တို့၏ စည်းမျဉ်း၊ မူဝါဒ သို့မဟုတ် လေးစားမှု သဘောသဘာဝ ဖြင့် ကျွန်ုပ်တို့၏ ဦးဆောင်မှုတို့ကို ချိုးဖောက်သည့် မည်သည့် အပြုအမူကိုမဆို ပြောကြားပါ။

- ကျွန်ုပ်တို့ ကလေးလုပ်သား အသုံးမပြုပါ။ ကလေးလုပ်သားဟူသည်မှာ ဥပဒေက သတ်မှတ်ခွင့်ပြုထားသည့် အနိမ့်ဆုံးအသက်ထက် ငယ်ရွယ်သော သူများကို အလုပ်ခန့်ထားခြင်းဟု ဆိုလိုပါသည်။ သို့သော်လည်း မည်သည့်အခါကမှ ကျွန်ုပ်တို့သည် သိလျက်နှင့် အသက် (16) ထက်ငယ်သူ မည်သူကိုမဆို အလုပ်ခန့်ခဲ့ခြင်း မရှိပါ။
- အလုပ်ခွင်မှ ဖြစ်နိုင်ခြေရှိသော ဘေးအန္တရာယ်များကို ဖယ်ရှားရန်နှင့် ပြဌာန်းထားသော လုပ်ငန်းခွင် ဘေးကင်းရေးနှင့် ကျန်းမာရေး ဥပဒေနှင့် စံနှုန်းများကို လိုက်နာရန် ကြိုးပမ်းနေပါသည်။
- အားလုံးသော Colgate ပုဂ္ဂိုလ်များနှင့် အခြားသူတို့အတွက် ကျွန်ုပ်တို့သည် ဘေးအန္တရာယ်ကင်းသော၊ ကျန်းမာသော၊ ထုတ်လုပ်နိုင်စွမ်းရှိသော အလုပ်ခွင်ပတ်ဝန်းကျင်ကို အောက်ပါတို့ ပြုလုပ်လျက် ထိန်းသိမ်းနေပါသည်။
    - ကုမ္ပဏီ ပိုင်နက် သို့မဟုတ် အလုပ်ချိန်တွင် တရားမဝင် မူးယစ်ဆေးဝါးများ သို့မဟုတ် မူးယစ်ဆေးသုံး ဆက်စပ်ပစ္စည်းများ လက်ဝယ်ထားရှိခြင်း၊ အသုံးပြုခြင်း၊ ရောင်းချခြင်း သို့မဟုတ် လက်လွှဲပြောင်းခြင်း ကို တားမြစ်ခြင်း
    - အရက်သေစာ သောက်စားထားချိန်တွင် ကုမ္ပဏီလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်မှုကို တားမြစ်ခြင်း
    - ကုမ္ပဏီပိုင်နက်သို့မဟုတ်ကုမ္ပဏီလုပ်ငန်းဆောင်ရွက်နေစဉ်တွင်ဒေသတွင်းဥပဒေကသတ်မှတ်ထားသည့်အတိုင်းလက်နက်၊ခဲယမ်းများ၊ပေါက်ကွဲစေတတ်သော ပစ္စည်းများ သို့မဟုတ် ကျည်ဆံများအား လက်ဝယ်ထားရှိခြင်း သို့မဟုတ် အသုံးပြုခြင်းအား တားမြစ်ခြင်း။ လက်နက်ပိုင်ဆိုင်ခြင်းမှာ Colgate ပုဂ္ဂိုလ်များ၏ ဘေးကင်းရေးနှင့် လုံခြုံမှုအတွက် လိုအပ်သည်ဟု ဆုံးဖြတ်ထားလျှင် ထိုပိုင်ဆိုင်မှုအား လုံခြုံရေးဝန်ထမ်းများအတွက် ခွင့်ပြုထားနိုင်ပါသည်
    - ခိုက်ရန်ဖြစ်ပွားခြင်း၊ ခြိမ်းခြောက်ခြင်း၊ သိက္ခာချခြင်း သို့မဟုတ် ခြောက်ခြားစေခြင်းဟု ယူဆရနိုင်သော မည်သည့်လုပ်ဆောင်မှုများ ကိုမဆို တားမြစ်ခြင်းနှင့်
    - မူးယစ်ဆေးဝါး သို့မဟုတ် အရက်သေစာ သုံးစွဲခြင်းတို့ကို အလုပ်ခွင်တွင်ပြုလုပ်ခြင်း၊ ခိုက်ရန်ဖြစ်ပွားခြင်း သို့မဟုတ် ကုမ္ပဏီပိုင်နက် သို့မဟုတ် အလုပ်ချိန်တွင် ဥပဒေနှင့်မညီညွတ်သော လက်နက်များလက်ဝယ် ပိုင်ဆိုင်ထားခြင်းဟူသည့် မည်သည့် အဖြစ်အပျက်ကိုမဆို လူသားရင်းမြစ်၊ ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေး၊ ကမ္ဘာလုံးဆိုင်ရာ တရားဝင်အဖွဲ့အစည်း၊ ကမ္ဘာလုံးဆိုင်ရာ ကျင့်ဝတ်နှင့် လိုက်နာမှု သို့မဟုတ် စီမံခန့်ခွဲရေးတို့သို့ ချက်ချင်း သတင်းပေးပို့ရမည် ဖြစ်ပါသည်။

### မေးခွန်း-

ကျွန်ုပ်၏ လုပ်ဖော်ကိုင်ဖက်တစ်ဦးမှာ အသက်ကြီးရင့်သူ ဖြစ်သည့်အလျောက် သူ့အသက်အရွယ် တစ်စုံတစ်ဦးအတွက် ခက်ခဲနိုင်သည်ဟု ကျွန်ုပ်ထင်သော ကိစ္စများတွင် သူ့ကို တက်ကြွစွာ ကူညီခြင်းဖြင့် ယင်းအတွက် လွယ်ကူအဆင်ပြေအောင် ကျွန်ုပ်ပြုလုပ်ပေးရန် ကြိုးစားပါသည်။ ကျွန်ုပ်က ကူညီယုံသက်သက်ဖြစ်သော်လည်း လက်တလောတွင် ကျွန်ုပ်၏ ကြီးကြပ်သူထံမှ ကြားသိရသည်မှာ သူကျွန်ုပ်ကို စိတ်ဆိုးနေသည်ဟူ၍ ဖြစ်ပါသည်။ ဤအပြုအမူက မှားယွင်းပါသလား။

### အဖြေ-

**ဟုတ်ပါသည်။** သူ့အသက်အရွယ်ကြောင့် သင့်လုပ်ဖော်ကိုင်ဖက်တွင် သင့်တွင်ရှိသော ကျွမ်းကျင်မှုနှင့် အရည်အချင်းများ မရှိနိုင်ဟု သင်မယူဆသင့်ပါ။ သူတို့၏ အသက်အရွယ်ကြောင့် တစ်စုံတစ်ဦးအား ကွဲပြားစွာ ဆက်ဆံခြင်းမှာ အလုပ်ခွင်တွင် မည်သည့်အခါမျှ လက်ခံနိုင်မည် မဟုတ်ပါ။ သူ့ကို ကူညီချင်သည်မှာ သူ့အား ခင်မင်၍ဖြစ်ပြီး မည်သည့် စော်ကားလိုစိတ်မှ မရှိကြောင်း သူ့အား ဖွင့်ပြော၍ ရှင်းပြပါ။

# ကုမ္ပဏီနှင့် ကျွန်ုပ်တို့၏ ဆက်နွယ်မှုများ




*Colgate ပုဂ္ဂိုလ်များအနေဖြင့်၊ ကျွန်ုပ်တို့အား ယုံကြည်ခြင်း၊ အားကိုးခြင်းနှင့် အခြေအနေအားလုံးတွင် ဂုဏ်သိက္ခာရှိရှိ ရိုးသားစွာ ဆက်ဆံခြင်းကို သိရှိပါသည်။*

## ဘက်လိုက်ကာ စိတ်ထဲမှအလေးပေးမှုကို ကျွန်ုပ်တို့ ရှောင်ကြဉ်ပါသည်

အကဲဖြတ်မှုသည် သင့်တန်ဖိုးအထားရဆုံး အခွင့်တစ်ခု ဖြစ်ပါသည်။ သင့်အနေနှင့် ကုမ္ပဏီ၏ တရားဝင် လုပ်ငန်း အကျိုးအမြတ်များနှင့် ပဋိပက္ခရှိစေသော၊ သို့မဟုတ် သင့်ရည်မှန်းချက် ပျက်ပြားစေနိုင်သော၊ သို့မဟုတ် ကုမ္ပဏီအတွက် သို့မဟုတ် ကုမ္ပဏီနှင့် လုပ်ငန်းလုပ်ကိုင်နေစဉ်တွင် လွတ်လပ်သည့် အကဲဖြတ်မှုကို အသုံးပြုရမည်ဖြစ်သော မည်သည့် လှုပ်ရှားမှု၊ စိတ်ဝင်စားမှု သို့မဟုတ် ဆက်နွယ်မှုတို့ကိုမဆို ရှောင်ကြဉ်သင့်ပါသည်။ ပဋိပက္ခဟူသည်မှာ အခြေအနေပေါင်းများစွာတွင် ပေါ်ပေါက်လာနိုင်ပါသည်။ ယင်းတို့အားလုံးကို ထည့်သွင်းရန်မဖြစ်နိုင်ပါ၊ ထို့ပြင် မှန်ကန်သည့်၊ မမှန်ကန်သည့် လုပ်ကိုင်မှုဟူ၍ ခွဲခြားနိုင်ရန်မှာလည်း အမြဲတမ်း မလွယ်ကူနိုင်ပါ။ သံသယရှိလာသည့် အခါတွင် သင်ဘာမှ မလုပ်ခင် လူသားရင်းမြစ်၊ ကမ္ဘာလုံးဆိုင်ရာ တရားဝင်အဖွဲ့အစည်း၊ ကမ္ဘာလုံးဆိုင်ရာ ကျင့်ဝတ်နှင့် လိုက်နာမှု သို့မဟုတ် သင့်မန်နေဂျာတို့သို့ ဆွေးနွေးတိုင်ပင်ပါ။

အောက်ပါ လမ်းညွှန်ချက်များသည် အများစုသော ပဋိပက္ခအခြေအနေများကို သက်ရောက်စေနိုင်ပါသည်-

### ရင်းနှီးမြှုပ်နှံမှုများ

သင့်လုပ်ငန်းဆုံးဖြတ်ချက်များကို သက်ရောက်စေနိုင်သော မည်သည့်ရင်းနှီးမြှုပ်နှံမှုကိုမျှ မပြုလုပ်ပါနှင့်။ ကုမ္ပဏီ၏ မူဝါဒများသည် Colgate ပုဂ္ဂိုလ်များအား စတော့ခ်များပိုင်ဆိုင်ထားခြင်း သို့မဟုတ် Colgate နှင့် ပြိုင်ဆိုင်နေသော သို့မဟုတ် လုပ်ငန်းလုပ်ကိုင်နေသော ကုမ္ပဏီတစ်ခုတွင် ပိုင်ဆိုင်မှုအကျိုးအမြတ်များ ရှိနေခြင်းတို့ကို တားမြစ်ထားပါသည်။ ယင်းတားမြစ်ချက်သည် အများပိုင် ကုမ္ပဏီတစ်ခု၏ စတော့ခ် အနည်းငယ်သော ပမာဏ (ယေဘုယျအားဖြင့် 1% အောက်)၊ သည် ဘက်လိုက်ကာ စိတ်ထဲမှအလေးပေးမှုကို ဖြစ်စေနိုင်မည့် ငွေရေးကြေးရေးအရ မယ်မယ်ရရမဖြစ်သော ရင်းနှီးမြှုပ်နှံခြင်းကို သက်ရောက်ခြင်းမရှိပါ၊ Colgate ကို မဝင်ရောက်မီက တားမြစ်ခံရနိုင်သည့် အလားအလာရှိသော ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ခဲ့ပါက ကမ္ဘာလုံးဆိုင်ရာ တရားဝင် အဖွဲ့အစည်းသို့ ဆက်သွယ်ပါ။

### မိသားစု

သင် သို့မဟုတ် မိသားစုဝင် အရင်းတစ်ယောက်၏ ထိုသို့အကျိုးအမြတ်မျိုးရှိနေသည့် မည်သည့် ကုမ္ပဏီတွင်မဆိုတွင် Colgate ၏ကိုယ်စား လုပ်ငန်းမလုပ်ကိုင်ခင်တွင် သင့်မန်နေဂျာကို အသိပေးပြီး သင့်ဌာနစိတ် သို့မဟုတ် လုပ်ငန်း၏ အကြီးအကဲနှင့် ကမ္ဘာလုံးဆိုင်ရာ တရားဝင် အဖွဲ့အစည်းထံမှ ခွင့်ပြုချက်ယူပါ။

### အခြားအလုပ်

Colgate အတွက် အလုပ်လုပ်ကိုင်နေစဉ် Colgate ၏ ပြိုင်ဖက်အတွက် မလုပ်ကိုင်ပါနှင့် သို့မဟုတ် မည်သည့်အလုပ်မှ မလုပ်ပါနှင့် သို့မဟုတ် အလုပ်တွင် သင့်လုပ်ကိုင်ရည် သို့မဟုတ် အကဲဖြတ်နိုင်မှုကို ဆိုးရွားသည့် သက်ရောက်မှု ရှိစေနိုင်သည့် အခြားပြင်ပ အဖွဲ့အစည်း (ပစ္စည်းဖြန့်သူ၊ ဖောက်သည် သို့မဟုတ် ပစ္စည်းပံ့ပိုးသူ) တို့အား အကူအညီမပေးပါနှင့်။ သင့်ဌာနစိတ် သို့မဟုတ် လုပ်ငန်းအကြီးအကဲထံမှ ခွင့်ပြုချက်မရှိပဲနှင့် Colgate ရှိ သင့်အလုပ်နှင့် မသက်ဆိုင်သော ပြင်ပအလုပ်အတွက် ကုမ္ပဏီ၏ အချိန်၊ ပံ့ပိုးမှုများ၊ ရင်းမြစ်များ၊ အမှတ်တံဆိပ် သို့မဟုတ် လိုဂိုများကို အလုပ်ပြင်ပတွင် မသုံးစွဲပါနှင့်။

### ကိုယ်ရေးကိုယ်တာ

Colgate ပုဂ္ဂိုလ်များအား အလုပ်ခွင်တွင် သူတို့တွေ့ဆုံရသူတို့နှင့် လွတ်လပ်စွာ ဆက်ဆံပြောဆိုခွင့်အား အသိအမှတ်ပြုပြီး လေးစားမှုရှိပါသည်။ သို့ပါသော်လည်း ထိုဆက်နွယ်မှုများသည် အလုပ်ဆောင်ရွက်မှု၊ အခြားသူများအား သို့မဟုတ် အလုပ်ခွင် ဝန်းကျင်ကို ကြီးကြပ်နိုင်စွမ်းတို့ကို အဆိုးဘက်မှ သက်ရောက်မှုများ မရှိစေရန် ကောင်းမွန်သည့် အကဲဖြတ်မှု ထားရှိရပါမည်။

ဝန်ထမ်းများအကြား ချစ်ကြိုက်မှုမှ သို့မဟုတ် ခင်မင်မှုမှ ဖြစ်ပေါ်လာသည့် မည်သည့် အလုပ်ခွင်ဆောင်ရွက်မှုမဆိုသည် အခြားသူများအတွက် မသက်မသာဖြစ်စေသည့် အလုပ်ခွင် ပတ်ဝန်းကျင်ကို ဖန်တီးလျှင် သို့မဟုတ် မျက်နှာသာပေးကာ ဆက်ဆံခြင်းတို့ကို ဖြစ်စေလျှင် ထိုဆောင်ရွက်မှုက သင့်လျော်မည်မဟုတ်ပါ။ ကုမ္ပဏီ၏ အကောင်းဆုံး အကျိုးရလဒ် အတွက်ထက် မျက်နှာသာပေးခြင်း သို့မဟုတ် ချစ်ကြိုက်မှု သို့မဟုတ် ခင်မင်မှုပေါ်တွင် အခြေခံပြီး လုပ်ငန်းဆိုင်ရာ ဆုံးဖြတ်ချက်များ

ပြုလုပ်ခြင်းအား တားမြစ်ပါသည်။ ချစ်ကြိုက်နေသော၊ သို့မဟုတ် ခင်မင်မှုရှိသော တစ်ဦးတစ်ယောက်ခြင်းစီတို့သည် လိမ္မာပါးနပ်မှု၊ ကောင်းမွန်သည့် အကဲဖြတ်မှုနှင့် သိမြင်နိုင်စွမ်းတို့ကို အသုံးပြုသင့်ပါသည်။

ကြီးကြပ်သူတစ်ယောက်အနေနှင့်လည်း တစ်ဦးတစ်ယောက်အား သူ သို့မဟုတ် သူမသည် မည်သူနှင့် ချစ်ကြိုက်သင့်ကြောင်းကို ကြီးကြပ်ရန် မသင့်ပါ။ ဤသို့သော အခြေအနေမျိုးတွင်၊ ဝန်ထမ်းနှစ်ဦးစလုံးက အခြေအနေကို လူ့စွမ်းအားရင်းမြစ် နှင့်/ သို့မဟုတ် ကမ္ဘာလုံးဆိုင်ရာ ကျင့်ဝတ်နှင့် လိုက်နာမှုတို့ထံသို့ သတင်းပို့ရပါမည်။

မိသားစုဝင်ရင်းတစ်ဦးက တစ်နေရာရာတွင် အလုပ်လုပ်ကိုင်နေခြင်းကလည်း ဘက်လိုက်ကာ စိတ်ထဲမှအလေးပေးမှုကို ဖန်တီးနိုင်စေရန် သို့မဟုတ် ဖန်တီးနိုင်ပုံရစေသည့် အချက်ဖြစ်သည်ကို သတိရပါ။ ထိုသို့သော အခြေအနေမျိုး ပေါ်ပေါက်လာလျှင်၊ သင့်မန်နေဂျာ၊ လူ့စွမ်းအားရင်းမြစ် သို့မဟုတ် ကမ္ဘာလုံးဆိုင်ရာ တရားဝင် အဖွဲ့အစည်း တို့အား လမ်းညွှန်နိုင်ရန် ဆွေးနွေးမှုပြုလုပ်ပါ။

## ဘုတ်အဖွဲ့

ပြင်ပ လုပ်ငန်း သို့မဟုတ် အစိုးရအဖွဲ့အစည်း တို့အတွက် ဘုတ်အဖွဲ့ဝင် ဒါရိုက်တာ သို့မဟုတ် တူညီသော တာဝန်တစ်ခုကို ထမ်းဆောင်ရန် သဘောတူညီခြင်း မပြုမီ စီအီးအို နှင့် ဥပဒေအရာရှိချုပ်ထံမှ ခွင့်ပြုချက် တောင်းခံပါ။

ပရဟိတ အဖွဲ့အစည်းများသည် ကုမ္ပဏီနှင့် လုပ်ငန်းသဘောဆက်နွယ်မှုရှိသည့် ကိစ္စများတွင် သင့်ဌာနစိတ် သို့မဟုတ် လုပ်ငန်းအကြီးအကဲထံမှ ခွင့်ပြုချက်တောင်းယူနိုင်ပြီး၊ ဆက်နွယ်မှု မရှိလျှင် ဘုတ်အဖွဲ့တွင် ထမ်းဆောင်ရန် ခွင့်ပြုချက်ကို တောင်းခံရန်မလိုပါ။

## အခြား ထည့်သွင်းစဉ်းစားမှုများ

ကျွန်ုပ်တို့ ကုမ္ပဏီ၏ တန်ဖိုးများကို ရောင်ပြန်ဟပ်သော အပြုသဘောဆောင်သည့် အလုပ်ခွင်ဝန်းကျင်ကို ထိန်းသိမ်းထားပြီး ခိုင်မာသော အလုပ်သဘောအရ ဆက်နွယ်မှုများ ပိုမိုကောင်းမွန်လာရေးကို ကြိုးပမ်းပါသည်။ ပြင်ပ အဖွဲ့အစည်းများနှင့် ဆက်ဆံခြင်းမှ ဘက်လိုက်ကာ စိတ်ထဲမှ အလေးပေးမှု၊ ဖြစ်လာလေ့ ရှိသော်လည်း၊ ပဋိပက္ခများ၊ သို့မဟုတ် ပဋိပက္ခဖြစ်လာနိုင်ချေများသည် ကုမ္ပဏီတွင်း ဆက်ဆံရေးမှ ဖြစ်လာပါသည်။ အခြားသူများကို စီမံခန့်ခွဲရသူ ကျွန်ုပ်တို့အနေနှင့် အခြားသူများအမြင်တွင် မျက်နှာသာပေးခြင်း သို့မဟုတ် ဖြစ်လာနိုင်ချေရှိသော ဘက်လိုက်ကာ စိတ်ထဲမှ အလေးပေးမှု တို့များကြောင့် ထိုအခြေအနေများ ဖြစ်လာခြင်းမဟုတ်ကြောင်း သေချာစေရန် သေချာစွာစောင့်ကြည့် ရပါမည်။

သင့်တွင် မေးစရာများရှိပါက သို့မဟုတ် သင့်ကိုယ်သင် ဘက်လိုက်ကာ စိတ်ထဲမှ အလေးပေးနိုင်ချေရှိသည်ဟု ထင်မြင်ပါက သင့်မန်နေဂျာနှင့် ဆွေးနွေးပါ။ ကုမ္ပဏီသည် အခြေအနေကိုဖော်ပြရန်နှင့် သင့်လျော်သော အဖြေကိုရှာဖွေနိုင်ရန် သင်နှင့်အတူ လုပ်ကိုင်ဆောင်ရွက်ပါမည်။

Colgate ပုဂ္ဂိုလ်များသည် ထပ်မံ၍ အချက်အလက်များအား ourcolgate.com ပေါ်ရှိ ကုမ္ပဏီ၏ လုပ်ငန်းပိုင်းဆိုင်ရာ ဆောင်ရွက်မှုလမ်းညွှန်ချက်များပါ အခန်း 7 တွင် တွေ့နိုင်သော ကုမ္ပဏီ၏ လမ်းညွှန်ချက်များရှိ ဘက်လိုက်ကာ စိတ်ထဲမှ အလေးပေးခြင်းနှင့် ပတ်သက်သည့် ကိစ္စများ ကို ရည်ညွှန်း၍ ရှာဖွေနိုင်ပါသည်။

**မေးခွန်း-**

သင့်မိသားစုဝင် အရင်းတစ်ဦးသည် သွားပေါက်ဖာသည့် ကုမ္ပဏီတစ်ခုပိုင်ပြီး ကျွန်ုပ် အလုပ်လုပ်သည့် ထုတ်လုပ်ရေး စက်ရုံ၌ လေလံတင်သွင်းမှု ပြုပါသည်။ ကျွန်ုပ်မှာ ထုတ်လုပ်ရေးလိုင်းတွင် အလုပ်လုပ်ပြီး ဆုံးဖြတ်ချက်ချရေးတွင် ပါဝင်ခွင့် မရှိပါ။ ယင်းကို ကျွန်ုပ်အနေနှင့် ဖြစ်နိုင်ချေရှိသော ဘက်လိုက်ကာ စိတ်ထဲမှ အလေးပေးခြင်းအဖြစ် ဖော်ပြရန် လိုပါသေးသလား။

**အဖြေ-**

**မှန်ပါသည်။** သင့်တွင် လေလံကိစ္စ၏ ရလဒ်အတွက် တိုက်ရိုက် ထိန်းချုပ်နိုင်မှု မရှိသော်လည်း၊ သင့်ဝမ်းကွဲ ဆွေမျိုး၍ ကုမ္ပဏီတွင်း အဆက်အသွယ်ရှိခြင်းဟူသည့် အချက်သည် ဘက်လိုက်ကာ စိတ်ထဲမှ အလေးပေးခြင်း ပုံသဏ္ဍာန်ဖြစ်ပေါ်စေနိုင်ပါသည်။ လူ့စွမ်းအားရင်းမြစ်၊ ကမ္ဘာလုံးဆိုင်ရာ တရားဝင် အဖွဲ့အစည်း သို့မဟုတ် သင့်မန်နေဂျာတို့နှင့် ဆွေးနွေးပါ။

## ကုမ္ပဏီ၏ ရောင်းဝယ်ဖောက်ကားမှု လျှို့ဝှက်ချက်များနှင့် လျှို့ဝှက်သတင်းအချက်အလက်များကို ကာကွယ်ပါသည်

Colgate ၏ ရောင်းဝယ်ဖောက်ကားမှု လျှို့ဝှက်ချက်များ၊ အခြားသော လျှို့ဝှက်သတင်းအချက်အလက်များနှင့် ၎င်း၏ အတွင်းပိုင်းမှ အချက်အလက်များမှာ တန်ဖိုးရှိသော ပိုင်ဆိုင်မှုများ ဖြစ်ပါသည်။ ရောင်းဝယ်ဖောက်ကားမှု လျှို့ဝှက်ချက်ဟူသည်မှာ Colgate ၏ လုပ်ငန်းနှင့် ယေဘုယျအားဖြင့် သိလေ့မရှိသော သို့မဟုတ် အလွယ်တကူ ရှာဖွေနိုင်ပြီး လုံးဝ အထိအခိုက်မခံသော ဆက်သွယ်ရေးတွင် အသုံးပြုသည့် သတင်းအချက်အလက်ဖြစ်ပါသည်။ သို့ဖြစ်၍ ၎င်း၏လျှို့ဝှက်မှုကို ထိန်းသိမ်းထားရန် ကြိုးပမ်းအားထုတ်မှုများ ပြုလုပ်ထားပါသည်။ ရောင်းဝယ်ဖောက်ကားမှု လျှို့ဝှက်ချက်များနှင့် လျှို့ဝှက် သတင်းအချက်အလက်များကို ကာကွယ်ခြင်းသည် ကျွန်ုပ်တို့၏ စဉ်ဆက်မပြတ်တိုးတက်မှုနှင့် ယှဉ်ပြိုင်နိုင်စွမ်းတို့တွင် အဓိကကျ ပါဝင်ပါသည်။

**မည်သည်တို့မှာ ရောင်းဝယ်ဖောက်ကားမှု လျှို့ဝှက်ချက်များ သို့မဟုတ် အခြား လျှို့ဝှက် သတင်းအချက်အလက်များ၏ ဥပမာများ ဖြစ်သနည်း။**

- ကျွန်ုပ်တို့၏ လုပ်ငန်းတွင်း အသုံးပြုသည့် Colgate အား ကျွန်ုပ်တို့၏ ပြိုင်ဘက်အပေါ်တွင် အသာစီးရယူမှု ရရှိနိုင်ရန် အခွင့်အရေးပေးထားသည့် မည်သည့် ဖော်မြူလာ၊ ဒီဇိုင်း၊ ပစ္စည်း သို့မဟုတ် အချက်အလက်မဆို။
- အများပြည်သူသို့ မပြသရသေးသော ဉာဏပိုင်ဆိုင်မှု
- လုပ်ငန်းပိုင်းဆိုင်ရာ သုတေသန
- ထုတ်ကုန်အသစ် စီမံကိန်းများ
- အများပြည်သူကိုထုတ်ပေါ်မပြသသောဘဏ္ဍာရေးရာအချက်အလက်များသို့မဟုတ်ရိုက်နှိပ်ထုတ်ဝေခြင်းမပြုသောဈေးနှုန်းသတင်းအချက်အလက်
- ထုတ်လုပ်မှု လုပ်ငန်းစဉ်
- မည်သည့် မထုတ်လွှင့်ရသေးသော ဈေးကွက်တိုးချဲ့ရေး သို့မဟုတ် အရောင်း ပစ္စည်းအမျိုးအစား မဆို
- တရားဥပဒေဆိုင်ရာ အကြံပြုချက်များ သို့မဟုတ် ရှေ့နေ၏ လုပ်ငန်းကိုင်ရာများ
- Colgate ထုတ်လုပ်ရေး သို့မဟုတ် သုတေသနဌာနတွင် ရှိစဉ် ရိုက်ထားသည့် တရားဝင်ခွင့်ပြုထားခြင်း မဟုတ်သည့် ဓာတ်ပုံ သို့မဟုတ် ဗီဒီယို
- ဝန်ထမ်း၊ ဖောက်သည် သို့မဟုတ် အရောင်း စာရင်း
- ဖောက်သည် လိုအပ်ချက်များ၊ အကြိုက်များ၊ လုပ်ငန်းဆိုင်ရာ အပြုအမူနှင့် အစီအစဉ်များနှင့် ပတ်သက်သော အချက်အလက်များ

မပြည့်စုံသေးသော်လည်း ဤစာရင်းက လုံခြုံစွာထိန်းသိမ်းရန် လိုအပ်သည့် အချက်အလက် မြောက်မြားစွာကို အကြံပြုပေးထားပါသည်။ ရောင်းဝယ်ဖောက်ကားမှု လျှို့ဝှက်ချက်များနှင့် အခြားလျှို့ဝှက် သတင်းအချက်အလက်များ သည်မူပိုင်ခွင့်မလိုအပ်သော်လည်း အများပြည်သူသိမြင်စေခြင်း မပြုနိုင်ပါ။

Colgate ၏ ရောင်းဝယ်ဖောက်ကားမှု လျှို့ဝှက်ချက်များနှင့် အခြားလျှို့ဝှက် သတင်းအချက်အလက်များနှင့် ပတ်သက်ပြီး သင့်တာဝန်များမှာ-

**မလုပ်ပါနဲ့**

"သိသင့်သည်" သို့မဟုတ် "အသုံးပြုသင့်သည်" ဟူသည်တွင် အခြေခံသည်မှလွဲပြီး ဤသတင်းအချက်အလက်အား အခြားသော Colgate ပုဂ္ဂိုလ်များ သို့မဟုတ် ပြင်ပအဖွဲ့အစည်းများအား ဖော်ပြပေးပါ။

**မလုပ်ပါနဲ့**

ပြင်ပအဖွဲ့အစည်း၏ အချက်အလက် နည်းပညာ လုံခြုံရေး ထိန်းချုပ်မှု၏ သင့်လျော်သော ပြန်လည်သုံးသပ်ချက် မပါဝင်ပဲ ဤအချက်အလက်များကို ကိုင်တွယ်ရန် ပြင်ပအဖွဲ့အစည်းများအား ဆက်သွယ်ပြီး သင့်လျော်သော လျှို့ဝှက်ချက်ဆိုင်ရာ သဘောတူညီချက်တစ်ခုအား ပြင်ပအဖွဲ့အစည်းနှင့် ထားရှိပါ။

**မလုပ်ပါနဲ့**

ဤသတင်းအချက်အလက်အား အများပြည်သူမြင်နိုင်သော ဝက်ဘ်ဆိုက်များ သို့မဟုတ် လူမှုမီဒီယာ ဆိုက်များတွင် တင်ပို့ခြင်း သို့မဟုတ် ဆွေးနွေးခြင်း ပြုပါ။

**မလုပ်ပါနဲ့**

ဤသတင်းအချက်အလက်ကို သင့်ကိုယ်ပိုင် အကျိုးအမြတ်အတွက် သို့မဟုတ် Colgate ၏ ပြင်ပရှိ ပုဂ္ဂိုလ်များ၏ ခွင့်ပြုချက်မရရှိထားသော အကျိုးအမြတ်အတွက် အသုံးပြုပါ။

**လုပ်ပါ**

Colgate ၏ ရောင်းဝယ်ဖောက်ကားမှု လျှို့ဝှက်ချက်များနှင့် လျှို့ဝှက် သတင်းအချက်အလက်များအား ကာကွယ်ရန် အားလုံးသော အခြား စီလျော်သည့် ဆောင်ရွက်မှုများကို ပြုလုပ်ပါ။

Colgate မှ သင်ထွက်သွားလျှင်၊ Colgate ၏ ရောင်းဝယ်ဖောက်ကားမှု လျှို့ဝှက်ချက်များနှင့် လျှို့ဝှက် သတင်းအချက်အလက်များအား ကာကွယ်ရန် သင့်တာဝနမှာ ဆက်လက် ရှိနေပါသေးသည်။ စာအဆက်အသွယ်၊ ပရင့်ထုတ်ထားသည်များ၊ လျှပ်စစ်ဆိုင်ရာ သတင်းအချက်အလက်၊ မည်သည့် စာရွက်စာတမ်း သို့မဟုတ် မှတ်တမ်း အမျိုးအစားမဆို၊ လုပ်ငန်းစဉ် တစ်ခု အကြောင်း အသိပညာ၊ လုပ်ထုံးများ၊ လျှို့ဝှက်ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ Colgate ၏ အထူး ကိစ္စများကိုဆောင်ရွက်ပုံ နည်းလမ်းများ – အားလုံးတို့သည် ကုမ္ပဏီ၏ ပိုင်ဆိုင်မှုများဖြစ်ပြီး Colgate တွင်ကျန်ရှိခဲ့ရမည် ဖြစ်ကြောင်း သတိရပါ။ သင်သည် ကုမ္ပဏီပိုင်ဆိုင်မှုထဲမှ ထွက်သွားလျှင် သင့်ပိုင်ဆိုင်မှု၊ တရားရုံး သို့မဟုတ် ထိန်းချုပ်မှုတွင် ရှိနေသော ကုမ္ပဏီပိုင် ပိုင်ဆိုင်မှုအားလုံးကို ပြန်ပေးရပါမည်။

သတင်းအချက်အလက်မှာ လျှို့ဝှက် သို့မဟုတ် ရောင်းဝယ်ဖောက်ကားမှု လျှို့ဝှက်ချက် မည်သည်ဖြစ်သည်ကို သင်မသေချာပါလျှင်၊ ကမ္ဘာလုံးဆိုင်ရာ တရားဝင် အဖွဲ့အစည်းသို့ ဆက်သွယ်သင့်ပါသည်။

Colgate ပုဂ္ဂိုလ်များသည် ထပ်မံ၍ အချက်အလက်များအား ourcolgate.com ပေါ်ရှိ ကုမ္ပဏီ၏ လုပ်ငန်းပိုင်းဆိုင်ရာ ဆောင်ရွက်မှုလမ်းညွှန်ချက်များပါ အခန်း 12 တွင် တွေ့နိုင်သော ကုမ္ပဏီ၏ လမ်းညွှန်ချက်များရှိ ကုမ္ပဏီ ပိုင်ဆိုင်မှု အချက်အလက်များအား ထိန်းသိမ်းခြင်း ကို ရည်ညွှန်း၍ ရှာဖွေနိုင်ပါသည်။

**မေးခွန်း-**

ကျွန်ုပ် အလုပ်လုပ်သည့်နေရာသို့ ပြန်သွားသည့် ဓာတ်လှေခါးထဲတွင်၊ လုပ်ဖော်ကိုင်ဖက် နှစ်ဦးက ထုတ်ကုန်အသစ်တစ်ခု ဖွံ့ဖြိုးရေးတွင် လုပ်ကိုင်နေသည့် အလုပ်အကြောင်း ဆွေးနွေးလာသည်ကို ကြားလိုက်မိပါသည်။ ကျွန်ုပ်တို့မှာ ရုံးခန်းနေရာများကို အခြားကုမ္ပဏီများနှင့် ဝေမျှသုံးနေသည်ဖြစ်၍ သူတို့ဆွေးနွေးနေသော အချက်အလက်များသည် လျှို့ဝှက်မှုများ ဖြစ်ကြောင်း ကျွန်ုပ် စိုးရိမ်မှုဖြစ်လာပါသည်။ ကျွန်ုပ် တစ်စုံတစ်ခု ပြောသင့်သလား။

**အဖြေ-**

**မှန်ပါသည်။** Colgate ပုဂ္ဂိုလ်များသည် ကုမ္ပဏီ၏ လျှို့ဝှက်အချက်အလက်များကို လျှို့ဝှက်စကားပြောဆိုရန် မသင့်လျော်သည့် နေရာများဖြစ်သည့် အများပြည်သူနှင့်ဆိုင်သော နေရာများဖြစ်သည့် ဧည့်ခန်းမများ၊ ကော်ဖီဆိုင်များ၊ ဓာတ်လှေခါးများ အစရှိသည်တို့တွင် မဆွေးနွေးမိစေရန် အရေးကြီးပါသည်။ သင့်လုပ်ဖော်ကိုင်ဖက်များအား သင့်စိုးရိမ်မှုကို ဖော်ပြရန်နှင့် အခြေအနေကို သူတို့၏ အာရုံဝင်စားမှုအား ရယူရန် "ဖွင့်ပြောခြင်း" ပြုလုပ်ရန် သင့်ကိုအားပေးပါသည်။

## သတင်းနှင့် မီဒီယာ တောင်းဆိုမှု မူဝါဒများအတိုင်း လိုက်နာပါသည်

- မီဒီယာ၊ စာနယ်ဇင်း၊ ဘဏ္ဍာရေးရာ အဖွဲ့အစည်း သို့မဟုတ် အများပြည်သူတို့ထံမှ ကုမ္ပဏီ၏ ဘဏ္ဍာရေး သို့မဟုတ် လုပ်ငန်းဆိုင်ရာ အချက်အလက်များကို Colgate ကိုယ်စား စကားပြောဆိုရန် တောင်းဆိုမှုအား ဒုဥက္ကဋ္ဌ၊ သင်းဖွဲ့ ဆက်သွယ်မှုများ သို့မဟုတ် ဒုဥက္ကဋ္ဌ၊ ရင်းနှီးမြှုပ်နှံသူ ဆက်ဆံရေးတို့သို့ ညွှန်းဆိုရပါမည်။
- လုံခြုံရေးနှင့် အိတ်ချိန်းကော်မရှင်၊ နယူးယောက် စတော့ခ် အိတ်ချိန်း သို့မဟုတ် ကမ္ဘာအနှံ့မှ အခြားသော ထိန်းသိမ်းသူများနှင့် အာဏာပိုင်များထံမှ အဆက်အသွယ်များသို့ Colgate ကိုယ်စား သတင်းအချက်အလက်များ ပေးအပ်ရန် တောင်းဆိုမှုများအား ကမ္ဘာလုံးဆိုင်ရာ တရားဝင် အဖွဲ့အစည်းသို့ ညွှန်းဆိုရပါမည်။

မည်သည့်ဝန်ထမ်းမှ ကုမ္ပဏီကိုယ်စား အဆိုပါ စုံစမ်းမှု သို့မဟုတ် ဆက်သွယ်မှုတို့ကို သူတို့ဘာသာ တုန့်ပြန်မှု မပြုလုပ်ရန် အလွန်အရေးပါပါသည်။ အဘယ်ကြောင့်ဆိုသော် အချက်အလက်အား ငြင်းဆိုခြင်း သို့မဟုတ် မသက်ဆိုင်ကြောင်းပြောခြင်း တစ်ခုလေးကပင်လျှင် မည်သည့် မသင့်လျော်သော သို့မဟုတ် မမှန်ကန်သော တုန့်ပြန်မှုများမဆိုက အများပြည်သူအမြင် စောင်းသောအဖြစ်သို့ ရောက်ရှိသွားစေပြီး ကုမ္ပဏီကို ဆိုးရွားစွာ ထိခိုက်စေနိုင်ပါသည်။

ဤမူဝါဒက အများပြည်သူ ရရှိနိုင်သည့် နှစ်ပတ်လည်နှင့် သုံးလတစ်ကြိမ် သတင်းတင်ပြမှုများ၊ သို့မဟုတ် ကုမ္ပဏီ၏ အရောင်းမြှင့်တင်ရေး အများပြည်သူသိအောင် ဆောင်ရွက်သည့် လှုပ်ရှားမှုများ ကဲ့သို့ ဘဏ္ဍာရေးဆိုင်ရာ အချက်အလက်အတွက် တောင်းဆိုမှုများသို့ မသက်ရောက်ပါ။

ကုမ္ပဏီကိုယ်စား စကားပြောမည့် မည်သည့် Colgate ဝန်ထမ်းမဆို သို့မဟုတ် ၎င်း၏ ကိုစ္စရပ်များနှင့်/သို့မဟုတ် ကုမ္ပဏီ၏ မည်သည့် စာနယ်ဇင်းတွေ့ဆုံပွဲမဆိုမှ ထုတ်ပေးလိုက်သည်များနှင့်/ သို့မဟုတ် ဖော်ပြချက်များကို အင်တာဗျူးရန်အတွက် တောင်းဆိုမှုများ ပြန်လည်သုံးသပ်ပြီး ဒုဥက္ကဋ္ဌ၊ သင်းဖွဲ့ ဆက်သွယ်မှုများ သို့မဟုတ် ဒုဥက္ကဋ္ဌ၊ ရင်းနှီးမြှုပ်နှံသူ ဆက်ဆံရေးတို့မှ ကြိုတင်ခွင့်ပြုပေးထားရပါမည်။ ကုမ္ပဏီက အစပြုသော အင်တာဗျူးများသည်လည်း မီဒီယာနှင့် အချိန်ဇယားမဆွဲမီတွင် ခွင့်ပြုချက် ရယူထားရပါမည်။

Colgate ပုဂ္ဂိုလ်များသည် ထပ်မံ၍ အချက်အလက်များအား ourcolgate.com ပေါ်ရှိ ကုမ္ပဏီ၏ လုပ်ငန်းပိုင်းဆိုင်ရာ ဆောင်ရွက်မှုလမ်းညွှန်ချက်များပါ အခန်း 4 တွင် တွေ့နိုင်သော ကုမ္ပဏီ၏ လမ်းညွှန်ချက်များရှိ အချက်အလက်များ၏ လုံခြုံမှုများ ထိန်းသိမ်းခြင်းနှင့် လျှို့ဝှက်မှု ကို ရည်ညွှန်း၍ ရှာဖွေနိုင်ပါသည်။

## မှန်ကန်သော စာအုပ်နှင့် မှတ်တမ်းများကို ထားရှိထားပါသည်

ကျွန်ုပ်တို့ ကုမ္ပဏီ၏ ဘဏ္ဍာရေးရာ အနေအထားနှင့် ယင်း၏ လည်ပတ်မှုများ၏ ရလဒ်များအား ဥပဒေနှင့် ယေဘုယျလက်ခံနိုင်သော စာရင်းမှုသဘောတရားများ (GAAP) ၏ သတ်မှတ်ချက်အတိုင်း မှတ်တမ်းရယူထားရမည် ဖြစ်သည်။ ကုမ္ပဏီ၏ မူဝါဒ၊ ဥပဒေတွင် Colgate အား လုပ်ငန်းဆိုင်ရာ ရောင်းဝယ်မှုများ၏ သဘာဝနှင့် ကုမ္ပဏီ၏ ပိုင်ဆိုင်မှုများ၏ အနေအထားကို မှန်ကန်စွာနှင့် မျှတစွာ ရောင်ပြန်ဟပ်နိုင်သော စာအုပ်များ၊ မှတ်တမ်းများနှင့် စာရင်းများကို ထိန်းသိမ်းထားရန်သတ်မှတ်ထားပါသည်။

ကုမ္ပဏီ၏ စာရင်းအင်း၏ သိက္ခာရှိမှုနှင့် ဘဏ္ဍာရေးမှတ်တမ်းများသည် ကုမ္ပဏီ၏ စာအုပ်များနှင့် စာရင်းများသို့ အထောက်အပံ့ပေးသည့် အဝင်ပြုရသည့် အချက်အလက်များ၏ မှန်ကန်မှုနှင့် ပြည့်စုံမှုပေါ်တွင် အခြေခံပါသည်။ ၎င်း၏သိက္ခာအတွက် ထိုကဲ့သို့သော အချက်အလက်များအား ဖန်တီးခြင်း၊ ဆောင်ရွက်ခြင်းနှင့် မှတ်တမ်းယူခြင်းတို့တွင် ပါဝင်သည့် လူတိုင်းတွင် တာဝန်ရှိပါသည်။ စာရင်း သို့မဟုတ် ဘဏ္ဍာရေး အဝင်တိုင်းသည် အထောက်အပံ့ပေးသော မှတ်တမ်းများတွင် ဘာကိုဖော်ပြထားသည်အား ရောင်ပြန်ဟပ်နိုင်ရပါမည်။ အချက်အလက်များအား စီမံခန့်ခွဲရေးထံမှ သို့မဟုတ် သူတို့က သို့မဟုတ် ကုမ္ပဏီ၏ အတွင်းက သို့မဟုတ် ပြင်ပမှ စာရင်းစစ်များထံမှ ဖုံးကွယ်ထားခြင်း မရှိစေရပါ။

ငွေပေးချေမှုကို အထောက်အပံ့ပေးထားသည့် မှတ်တမ်းများတွင် ဖော်ပြထားသည်မှ အပ အခြားမည်သည့် ရည်ရွယ်ချက်မဆိုအတွက် အသုံးပြုရန် ငွေပေးချေမှု၏ မည်သည့်အစိတ်အပိုင်းဖြစ်သော ပေးချေမှုကိုမှ ကုမ္ပဏီ၏ကိုယ်စား ခွင့်ပြုခြင်း သို့မဟုတ် ပြုလုပ်ခြင်း မပြုရပါ။ ကုမ္ပဏီ၏ မည်သည့် စာအုပ်များ သို့မဟုတ် ဘဏ္ဍာရေးမှတ်တမ်းများထဲတွင် မည်သည့်အကြောင်းပြချက်အတွက် မဆို အမှား သို့မဟုတ် မှားယွင်းနိုင်သော ထည့်သွင်းမှုများ မပြုလုပ်ရပါ။ ကုမ္ပဏီ၏ စာအုပ်များနှင့် မှတ်တမ်းများတွင်း စနစ်တကျ တွေ့ရှိနိုင်ခြင်း မရှိလျှင် ကုမ္ပဏီ၏ငွေ၊ ပိုင်ဆိုင်မှု သို့မဟုတ် စာရင်းမည်သည်ကိုမှ မည်သည့်ရည်ရွယ်ချက်အတွက် မဆို စတင်ခြင်း၊ ရယူခြင်း သို့မဟုတ် ထိန်းသိမ်းထားခြင်း မပြုရပါ။ မည်သည့် စုပေါင်း ရန်ပုံငွေ သို့မဟုတ် ပိုင်ဆိုင်မှုကိုမှ မည်သည့် ဥပဒေနှင့် မညီညွတ်သော သို့မဟုတ် မှန်ကန်မှုမရှိသော ရည်ရွယ်ချက်တို့မဆိုအတွက် အသုံးမပြုရပါ။

မန်နေဂျာများနှင့် ဘဏ္ဍာရေးအချက်အလက်များ ပြင်ဆင်ရန် တာဝန်ရှိသူတို့သည် Colgate ၏ ပေါင်းစည်းထားသော ဘဏ္ဍာရေးမူဝါဒများအတိုင်း လိုက်နာကြောင်း သေချာပါစေ။ ပြန်လည်ရရှိငွေနှင့် အသုံးငွေတို့အား အချိန်နှင့်အညီ မှတ်သားထားရမည်။

ပိုင်ဆိုင်မှုများနှင့် ပေးဆပ်ရန်များအား မှန်ကန်စွာ မှတ်တမ်းတင်ပြီး တိကျစွာ တန်ဖိုးသတ်မှတ်ရမည်။ ထို့အပြင်၊ Colgate ၏ဖိုင်များအား လုံခြုံရေးနှင့် အိတ်ချိန်းကော်မရှင်နှင့် ဥပဒေအရ သတ်မှတ်ထားသော သို့မဟုတ် လုပ်ငန်း သို့မဟုတ် ဘဏ္ဍာရေးအဖွဲ့အစည်းတို့နှင့် အခြားဆက်သွယ်မှုများက သတ်မှတ်ထားသောအခြားဖိုင်များ ပြင်ဆင်ခြင်းတွင် တာဝန်ရှိသူ သို့မဟုတ် ပါဝင်သူတို့သည် အဆိုပါ ဖိုင်များနှင့် ဆက်သွယ်မှုများတွင် ဖော်ပြထားမှုများကို ပြုလုပ်သည့်အခါတွင် အပြည့်အစုံ၊ မျှမျှတတ၊ မှန်ကန်ပြီး၊ အချိန်နှင့်တပြေးညီကာ နားလည်လွယ်စေရန် သေချာပါစေ။ စာရင်း သို့မဟုတ် ဘဏ္ဍာရေးထည့်သွင်းမှုများ သို့မဟုတ် Colgate ၏ လုံခြုံရေးနှင့် အိတ်ချိန်းကော်မရှင် သတင်းပေးပို့မှု သို့မဟုတ် အခြားသော ဆက်သွယ်မှုများ သို့မဟုတ် မည်သည့် အတွင်းပိုင်းဆိုင်ရာ ထိန်းချုပ်ခြင်းကျိုးပေါက်မှုမဆိုတွင် ဖြစ်နိုင်ချေရှိသော ဖယ်ထုတ်ထားမှု၊ မှားယွင်းဖော်ပြမှု သို့မဟုတ် မမှန်ကန်မှုတို့ကို သင်သတိထားမိပါက၊ ထိုကဲ့သို့ အချက်အလက်များအား သင့်မန်နေဂျာ သို့မဟုတ် ကမ္ဘာလုံးဆိုင်ရာ တရားဝင် အဖွဲ့အစည်းတို့သို့ ချက်ချင်း သတင်းပေးပို့ရပါမည်။ ကုမ္ပဏီ၏ ကမ္ဘာလုံးဆိုင်ရာ ကျင့်ဝတ်နှင့် လိုက်နာမှု ဌာနသို့လည်း အဆိုပါ ကိစ္စများနှင့် ပတ်သက်ပြီး ဆက်သွယ်နိုင်ပါသည်။

Colgate ပုဂ္ဂိုလ်များသည် ထပ်မံ၍ အချက်အလက်များအား ourcolgate.com ပေါ်ရှိ ကုမ္ပဏီ၏ လုပ်ငန်းပိုင်းဆိုင်ရာ ဆောင်ရွက်မှုလမ်းညွှန်ချက်များပါ အခန်း 5 တွင် တွေ့နိုင်သော ကုမ္ပဏီ၏ လမ်းညွှန်ချက်များရှိ ကုမ္ပဏီ၏ မှတ်တမ်းများ ကို ရည်ညွှန်း၍ ရှာဖွေနိုင်ပါသည်။

## COLGATE ၏ ပိုင်ဆိုင်မှုများကို ကာကွယ်ပါသည်

ကုမ္ပဏီ၏ ပိုင်ဆိုင်မှုများ၊ စက်ရုံများ သို့မဟုတ် ဝန်ဆောင်မှုများသည် ဥပဒေနှင့် ညီညွတ်သော၊ မှန်ကန်သော၊ လုပ်ပိုင်ခွင့်ရရှိထားသော ရည်ရွယ်ချက်များအတွက်သာ အသုံးပြုရပါမည်။ ငွေ၊ ပိုင်ဆိုင်မှု သို့မဟုတ် ဝန်ဆောင်မှုများအား ခိုးယူမှုကို တင်းကြပ်စွာ တားမြစ်ပါသည်။ Colgate စက်ပစ္စည်းများ၊ စနစ်များ၊ စက်ရုံခန်းများ၊ သင်းဖွဲ့အကြွေးဝယ်ကဒ်များနှင့် ပံ့ပိုးမှုများအား သုံးစွဲခြင်းသည် Colgate ရှိသင့်အလုပ်နှင့် ဆက်နွယ်နေရမည် သို့မဟုတ် စီမံခန့်ခွဲရေးမှ ခွင့်ပြုသော ရည်ရွယ်ချက်များအတွက် ဖြစ်ရမည်။ သင်သည် ကုမ္ပဏီက သင့်ကိုယုံကြည်စွာအပ်နှံထားသော ပစ္စည်းဥစ္စာများကို ကာကွယ်ရန်အတွက်သာ တာဝန်ရှိသည် မဟုတ်ပဲ ကုမ္ပဏီ၏ အထွေထွေပိုင်ဆိုင်မှုများကို ကာကွယ်ရာတွင် ကူညီရန်လည်း တာဝန်ရှိပါသည်။ ကုမ္ပဏီ၏ ပိုင်ဆိုင်မှုအား ဆုံးရှုံးခြင်း၊ အလွဲသုံးခြင်း သို့မဟုတ် ခိုးယူခြင်းတို့ကို ရှေးရှုနိုင်သည့် မည်သည့်အခြေအနေ သို့မဟုတ် အဖြစ်အပျက်မဆိုကို သင်သတိရှိနေရမည်ဖြစ်ပြီး အဆိုပါ အခြေအနေအားလုံးကို သင့်မန်နေဂျာ သို့မဟုတ် ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေးသို့ သင့်အာရုံတွင်း ဝင်လာသည်မှစတင်ပြီး အကြောင်းကြားရပါမည်။

ကုမ္ပဏီ၏ ပိုင်ဆိုင်မှုများအား သက်ရောက်စေသည့် ဆောင်ရွက်မှုမျိုးကို ပြုလုပ်ရန်မှာ အချို့သော ကုမ္ပဏီ အရာရှိများနှင့် အခြားရာထူးမြင့် ဝန်ထမ်းများတွင်သာ လုပ်ပိုင်ခွင့်ရှိပါသည်။ နည်းလမ်းမှန်ကန်စွာ ခွင့်ပြုထားခြင်းမဟုတ်လျှင် ကုမ္ပဏီ၏ ပိုင်ဆိုင်မှုများအား သက်ရောက်စေသည့် ဆောင်ရွက်မှုမျိုးကို သင်မပြုလုပ်သင့်ပါ။ သင့်တွင်မေးစရာရှိပါက သို့မဟုတ် ရှင်းလင်းရန်လိုအပ်ပါက သင့်နယ်မြေတွင်း သို့မဟုတ် ဌာနစိတ် ဘဏ္ဍာရေးဒါရိုက်တာအား ဆက်သွယ်သင့်ပါသည်။

**မေးခွန်း-**

နောက်တစ်ကြိမ် မတိုင်မီအထိ အချို့သော အသုံးစရိတ်များက စုဆည်းခြင်းအား နှော့င်နေးမည်ဖြစ်ကြောင်း ကျွန်ုပ်ကို ပြောကြားလာလျှင် ဘာလုပ်ရမည်နည်း။ ဥပမာအားဖြင့်၊ တစ်စုံတစ်ယောက်က ကျွန်ုပ်ကို "ဒီ ဘဏ္ဍာရေးနှစ်မှာ အဲဒါတွေကို မှတ်ထားနိုင်သမျှ၊ ငါတို့ ဘာမှမှားတာ မလုပ်ခဲ့ဘူး" ဟုရှင်းပြလျှင်၊ မှန်ကန်ပါသလား။

**အဖြေ-**

**မမှန်ပါ။** ပမာဏနည်းနည်းများများ အသုံးစရိတ်များကို စုဆည်းခြင်းတွင် မလိုလားအပ်ပဲ နှော့င်နှေးစေခြင်းသည် မှားယွင်းပြီး၊ လက်ခံနိုင်ဖွယ်ရာမရှိသော ဥပဒေအရလည်း မညီညွတ်သော လုပ်ဆောင်မှုတစ်ခု ဖြစ်လာပါမည်။ လုပ်ငန်းတိုင်းနှင့် ဘဏ္ဍာရေးရာ ဆောင်ရွက်မှုတိုင်း ဘယ်လိုပင် အရေးမကြီးပါစေ၊ မှန်ကန်စွာနှင့် ရိုးသားစွာ သတင်းပို့ရပါမည်။ ကုမ္ပဏီ၏ မည်သည့် စာရွက်စာတမ်း သို့မဟုတ် မှတ်တမ်းများကိုမဆို မှားယွင်းစေခြင်းသည် ပြင်းစွာသော အပြစ်ဖြစ်ပြီး အလုပ်မှ ထုတ်ပယ်သည်အထိ ဖြစ်စေနိုင်ပါသည်။

## သတင်းနည်းပညာ ရင်းမြစ်များနှင့် လူမှုမီဒီယာတို့ကို သတိရှိစွာ သုံးစွဲပါသည်

Colgate ၏ သတင်းနည်းပညာ (IT) ရင်းမြစ်များနှင့် လူမှုမီဒီယာတို့ကို စည်းမျဉ်းနှင့် အခြားသော ကုမ္ပဏီ၏ မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းအားလုံးတို့နှင့် လိုက်လျောညီထွေစွာ သတိရှိစွာသုံးစွဲရမည် ဖြစ်သည်။

Colgate ၏ IT ရင်းမြစ်များတွင် Colgate က ပိုင်ဆိုင်သည့်၊ ထုတ်ပေးသည့် သို့မဟုတ် ပေးအပ်ထားသည့် အချက်အလက်များကို စုဆောင်း၊ သိမ်းဆည်း၊ ဆက်သွယ်မှုပြုပြီး ဆောင်ရွက်နေသည့် အားလုံးသော လက်ရှိနှင့် အနာဂတ်အတွက် စက်ပစ္စည်း၊ ဆော့ဖ်ဝဲလ်နှင့် ဝန်ဆောင်မှုများ ပါဝင်ပါသည်။

Colgate ၏ IT ရင်းမြစ်သည် ကန့်သတ်ထားသည့် သင့်လျော်သော ကိုယ်ရေးကိုယ်တာ သုံးစွဲမှုများမှ အပ Colgate ၏ လုပ်ငန်းဆိုင်ရာ ရည်ရွယ်ချက်များအတွက်သာ ဖြစ်ပြီး လေးစားဖွယ်ကောင်းသော၊ ပညာရှင်ဆန်သည့် အမူအကျင့်ဖြင့် အသုံးပြုသင့်ပါသည်။

ထို့အပြင် အောက်ပါအသုံးပြုမှုများအား တားမြစ်ထားပါသည်-

- အရှက်ရစေခြင်း၊ ခွဲခြားဆက်ဆံခြင်း၊ ရိုင်းစိုင်းခြင်း၊ နာမည်ချခြင်း၊ လိမ်လည်ခြင်း သို့မဟုတ် ခြိမ်းခြောက်သည့် စာသားများပို့ခြင်း၊ လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ မွေးဖွားရာ နေရာ၊ တိုင်းရင်းသား၊ အသားအရောင်၊ လိင်၊ လိင်အမှတ်သညာ၊ အသက်၊ နိုင်ငံသားဖြစ်မှု၊ စစ်ပြန်အခြေအနေ၊ အိမ်ထောင်ရေး အခြေအနေ၊ မသန်မစွမ်းဖြစ်မှု သို့မဟုတ် ဥပဒေဖြင့် အကာအကွယ်ပြုထားသော မည်သည့်အခြား ဝိသေသမဆိုအား ရိုင်းစိုင်းစွာပြောဆိုဖော်ပြမှု အပါအဝင်။
- Colgate ၏ လျှို့ဝှက် သို့မဟုတ် ကုန်သွယ်ဖောက်ကားမှု လျှို့ဝှက်ချက် အချက်အလက် သို့မဟုတ် ကုမ္ပဏီ၏ လျှို့ဝှက်လုပ်ငန်းများ သို့မဟုတ် ပြင်ပလုပ်ငန်းခွင်နေရာတွင် အတွင်းကိစ္စများ ခွင့်မပြုပဲ ဆွေးနွေးမှုများအား အခွင့်မရှိပဲ ဖြန့်ဖြူးခြင်း
- လုံခြုံရေး ပေါက်ကြားမှုဖြစ်စေခြင်း သို့မဟုတ် ဖြစ်ရန်ခွင့်ပြုခြင်း သို့မဟုတ် ကွန်ရက် အဆက်အသွယ်များ ပြတ်တောက်မှုနှင့် / သို့မဟုတ် အခြားသူများသို့ သင့် ကိုယ်ပိုင်အမှတ် သို့မဟုတ် လျှို့ဝှက်စာလုံးတို့အား မသေမသပ်စွာဖြင့် ဖော်ထုတ်မိခြင်း သို့မဟုတ် အခြားသူများအား သင့်ကိုယ်ပိုင်အမှတ် သို့မဟုတ် လျှို့ဝှက်စာလုံးတို့ ပေးသုံးခြင်း
- ကုမ္ပဏီ၏ လုပ်ငန်း ဆောင်ရွက်မှုများ လမ်းညွှန်မှ တားမြစ်ထားသည့် မည်သည့် အခြားအသုံးပြုမှုမဆို သို့မဟုတ် အချက်အလက် နည်းပညာ ရင်းမြစ်များနှင့် လူမှုမီဒီယာ ပေါ်ရှိ လမ်းညွှန်မှုများ

ပြဋ္ဌာန်းထားသော ဥပဒေများက ကန့်သတ်ထားသည်မှ လွဲပြီး Colgate သည် ကုမ္ပဏီ၏ သိုသိပ်မှုနှင့် သက်ဆိုင်ရာ ဥပဒေများနှင့်အညီ သင့်လျော်သော အခြေအနေများတွင် အားလုံးသော ကုမ္ပဏီ၏ IT ရင်းမြစ်များအား အသုံးပြုခြင်းကို စောင့်ကြည့်ရန်နှင့် ပြန်လည်သုံးသပ်ရန် အခွင့်ရှိပါသည်။ ကုမ္ပဏီ၏ အားလုံးသော ကုမ္ပဏီပိုင် IT ရင်းမြစ်များအား စောင့်ကြည့်ခြင်း၊ အသုံးပြုခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း အခွင့်တွင် ကုမ္ပဏီ၏ IT ရင်းမြစ်များကို အသုံးပြုပြီး ဖန်တီးထားသော၊ သိမ်းဆည်းထားသော သို့မဟုတ် ကူးယူထားသော လုပ်ငန်းဆိုင်ရာ အပြင် ကိုယ်ပိုင် အချက်အလက်နှင့် ကုမ္ပဏီ IT ရင်းမြစ်များမှတဆင့် ဝင်ရောက်ခဲ့သော လူမှုမီဒီယာများအထိ ပါဝင်သည်။ ဝန်ထမ်းများသည် ထိုကဲ့သို့ လုပ်ငန်းဆိုင်ရာ သို့မဟုတ် ကိုယ်ပိုင် အချက်အလက်နှင့် ပတ်သက်ပြီး ကိုယ်ရေးကိုယ်တာ ချွင်းချက်များ မရှိစေရပါ။

ဥပဒေက တားမြစ်ထားသည်မှ လွဲ၍ Colgate တွင် Colgte ၏ အချက်အလက် နည်းပညာ ရင်းမြစ်များကို အသုံးပြုခဲ့သည့် သုံးစွဲသူမည်သူမဆို၏ သုံးနိုင်ခွင့်ကို မည်သည့်အချိန်တွင်၊ မည်သည့်အကြောင်းပြချက် အတွက် မဆို၊ ကြိုတင်ပြီး အသိပေးခြင်း ရှိရှိ၊ မရှိရှိ ကန့်သတ်ခြင်း သို့မဟုတ် အဆုံးသတ်ခြင်း ပြုလုပ်ခွင့် ရှိသည်။

Colgate ပုဂ္ဂိုလ်များသည် ထပ်မံ၍ အချက်အလက်များအား ourcolgate.com ပေါ်ရှိ ကုမ္ပဏီ၏ လုပ်ငန်းပိုင်းဆိုင်ရာ ဆောင်ရွက်မှုလမ်းညွှန်ချက်များပါ အခန်း 13 တွင် တွေ့နိုင်သော ကုမ္ပဏီ၏ လမ်းညွှန်ချက်များရှိ အချက်အလက် နည်းပညာ ရင်းမြစ်များနှင့် လူမှုမီဒီယာ သုံးစွဲခြင်း ကို ရည်ညွှန်း၍ ရှာဖွေနိုင်ပါသည်။

# ကျွန်ုပ်တို့၏ ဒါရိုက်တာ ဘုတ်အဖွဲ့နှင့် ဆက်နွယ်မှု



*ကျွန်ုပ်တို့၏ စဉ်ဆက်မပြတ် အောင်မြင်မှုများအတွက် အရေးပါလှသော အကြံများ၊ လမ်းညွှန်မှုများနှင့် ခေါင်းဆောင်မှုများ ပေးအပ်နေသော ကုမ္ပဏီ၏ ဒါရိုက်တာဘုတ်အဖွဲ့တွင် တာဝန်ထမ်းဆောင်နေသည့် ထူးချွန်ပြောင်မြောက်သော ပုဂ္ဂိုလ်များကို ရရှိထားသည်မှာ ကျွန်ုပ်တို့ ကံကောင်းလှပါသည်။ သူတို့၏ တစ်စုတစ်စည်းတည်းသော စီးပွားရေး၊ ပညာရေးနှင့် ပြည်သူ့ဝန်ဆောင်မှုဆိုင်ရာ နောက်ခံများ၊ နိုင်ငံတကာ အတွေ့အကြုံ၊ ပညာရေးဆိုင်ရာ အောင်မြင်မှု၊ စိတ်နှလုံးနှင့် ကျင့်ဝတ်ပိုင်းဆိုင်ရာ ကောင်းမွန်မှုနှင့် ကွဲပြားခြားနားမှုများဖြင့် ကျွန်ုပ်တို့၏ ဒါရိုက်တာဘုတ်အဖွဲ့သည် ကုမ္ပဏီ၏ လုပ်ငန်းများအတွက် စူးရှထိရောက်သော အကြံဉာဏ်များကို ပေးအပ်ကြပါသည်။*

## ကျွန်ုပ်တို့တွင် လွတ်လပ်သော၊ အရည်အချင်း ပြည့်ဝပြီး ကွဲပြားသော ဒါရိုက်တာဘုတ်အဖွဲ့ဝင်များ ရှိပါသည်

လွတ်လပ်စွာ ရပ်တည်နိုင်မှုက ဂုဏ်သိက္ခာနှင့် တာဝန်ယူနိုင်စွမ်းရှိမှုကို ပိုမိုဖြစ်ထွန်းစေပါသည်။ ဒါရိုက်တာဘုတ်အဖွဲ့ဝင်များအား လွတ်လပ်စွာ ရပ်တည်နိုင်သည့် ဒါရိုက်တာများဖြင့် အဓိက ဖွဲ့စည်းထားခြင်းမှာ Colgate ၏ မူဝါဒဖြစ်ပါသည်။ စာရင်းစစ်ခြင်း၊ လျော်ကြေးတောင်းခံခြင်းနှင့် အုပ်ချုပ်မှုကိစ္စများကို ရှုမြင်သုံးသပ်ရသည့် ဘုတ်အဖွဲ့၏ ကော်မတီများတွင် တာဝန်ထမ်းဆောင်သော ဒါရိုက်တာအားလုံးသည် လွတ်လပ်စွာ ရပ်တည်သူများ ဖြစ်ကြပါသည်။ ချိတ်ဆက်နေသော ဒါရိုက်တာဆောင်ရွက်မှုများ မရှိပဲ လွတ်လပ်စွာ ရပ်တည်နေသည့် ဒါရိုက်တာများထဲမှ မည်သူကမျှ အတိုင်ပင်ခံခြင်း၊ တရားဥပဒေအရ သို့မဟုတ် မည်သည့်အခြား ဒါရိုက်တာအလုပ် မဟုတ်သည့် အခကြေးငွေများမဆိုကို ကုမ္ပဏီထံမှ မရယူခြင်းသည် ကုမ္ပဏီ၏ မူဝါဒဖြစ်ပါသည်။

## ဘုတ်နှင့် တိုက်ရိုက်ပွင့်လင်းသော ဆက်ဆံရေးများကို ကျွန်ုပ်တို့ အားပေးပါသည်

ဘုတ်အဖွဲ့အခန်း၏ အတွင်းနှင့်အပြင် နှစ်ခုစလုံးတွင် Colgate ၏ ဒါရိုက်တာများသည် ကုမ္ပဏီ၏ စီမံခန့်ခွဲမှုနှင့် မကြာခဏ တိုက်ရိုက် ထိတွေ့မှု ရှိပါသည်။ အဓိက ရာထူးမြင့်သော မန်နေဂျာများသည် ဘုတ်အဖွဲ့အစည်းအဝေးများတွင် ဒါရိုက်တာများနှင့် ပုံမှန် ပါဝင်ကြပြီး မြောက်မြားစွာသော လုပ်ငန်းကိစ္စများ၏ ပွင့်လင်းသော ဆွေးနွေးမှုများတွင် အတူတကွ တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြသည်။ အစီအစဉ်ပြုထားသော ဘုတ်အဖွဲ့အစည်းအဝေးများ အကြားတွင် ဒါရိုက်တာများအား ဖိတ်ကြားပြီး မကြာခဏ ရာထူးမြင့် မန်နေဂျာများနှင့်ဆက်သွယ်ကာ မေးခွန်းမေးခြင်းများ အကြံဉာဏ်ပြုခြင်းများ ပြုလေ့ရှိသည်။ ရရှိလာသော ပွင့်လင်းပြီး ရိုးသားမှုတို့က Colgate ၏ အားလုံးသော ပူးပေါင်းဆောင်ရွက်မှု ဓလေ့ထုံးတမ်းကို ထင်ဟပ်စေပြီး ဘုတ်အဖွဲ့အား ကုမ္ပဏီ၏ စီးပွားရေးဆိုင်ရာ နည်းဗျူဟာများ ဖွံ့ဖြိုးရေးနှင့် ညွှန်ကြားရေးတို့တွင် တက်ကြွသည့် အခန်းကဏ္ဍတစ်ရပ်မှာ ပါဝင်စေသည်။

## ကျွန်ုပ်တို့သည် အရည်အသွေးပြည့်ဝကောင်းမွန်သော လက်တွဲအုပ်ချုပ်မှုဖြစ်လာစေရန် ဆုံးဖြတ်ထားပါသည်

Colgate ၏ ဘုတ်အဖွဲ့သည် ကုမ္ပဏီစီမံခန့်ခွဲမှု ဆောင်ရွက်ချက်များတွင် ပံ့ပိုးပေးသော ခေါင်းဆောင်တစ်ဦး ဖြစ်ပါသည်။ စီးပွားရေး ဆက်ဆံမှုများအားလုံးကို ထိန်းချုပ်ထားသည့် လိုက်နာဖွယ်စည်းမျဉ်းများကို တရားဝင်ကျင့်သုံးပြီး ဘုတ်နှင့် ယင်း၏ကော်မတီများအတွက် ဌာနရမ်းမှုများကို ပြုလုပ်ရန် လုပ်ငန်းဖော်များအနက်မှ ပထမဦးဆုံးများတွင် တစ်ဦးအပါအဝင်ဖြစ်ပါသည်၊ Colgate သည် ပြီးခဲ့သည့် ဆယ်စုနှစ်နှစ်ခုကျော်ခန့်တွင် စဉ်ဆက်မပြတ် ပိုမိုကောင်းမွန်စေကာ ပြန်လည်ပြုပြင်လျက်ရှိသော သာလွန်ကောင်းမွန်သည် ကုမ္ပဏီစီမံခန့်ခွဲမှု အား နေသားတကျဆောင်ရွက်ခဲ့ပြီး ဖြစ်ပါသည်။ Colgate ၏ ဘုတ်အဖွဲ့သည် ယင်းမူဝါဒများ၏ အလယ်ဗဟိုတွင် တည်ရှိနေပြီး ကောင်းမွန်သော ပူးပေါင်းအုပ်ချုပ်မှုပုံစံသည် ကျွန်ုပ်တို့၏ ရေရှည် စီးပွားရေး အောင်မြင်မှုများကို ပိုမိုဖြစ်ထွန်းစေပြီး အလွန်ပင် အထောက်အကူပေးနိုင်မည်ဟု ခိုင်ခိုင်မာမာ ယုံကြည်ပါသည်။

Colgate ပုဂ္ဂိုလ်များသည် ထပ်မံ၍ အချက်အလက်များအား colgatepalmolive.com ပေါ်တွင် တွေ့နိုင်သော "ဘုတ်အဖွဲ့၏ သီးသန့် ပူးပေါင်းအုပ်ချုပ်ရေး ကိစ္စများပေါ် လမ်းညွှန်ချက်များ" ကို ရည်ညွှန်း၍ ရှာဖွေနိုင်ပါသည်။

# ပင်ပ စီးပွားရေး စီးပွားရေးလုပ်ငန်းရပ်များနှင့် ကျွန်ုပ်တို့၏ ဆက်နွယ်မှု



*ကျွန်ုပ်တို့တစ်ဦးချင်းစီသည် ပစ္စည်းပံ့ပိုးသူများ၊ ဖောက်သည်များနှင့် အခြားသော ပြင်ပအဖွဲ့အစည်းများမှ ကျွန်ုပ်တိုကို့ ထင်မြင်ယူဆကြပုံအတွက် တာဝန်ရှိပါသည်။ ရိုးသားမှုအတွက် ကုမ္ပဏီ၏ ဂုဏ်သိက္ခာနှင့် အဆိုပါ အဖွဲ့များနှင့် မျှတစွာ ဆက်ဆံမှုတို့ကို ထိန်းသိမ်းထားရန် အလွန်အရေးကြီးပါသည်။*

## ပစ္စည်းပံ့ပိုးပေးသူများ၊ ဖောက်သည်များနှင့် အခြား ပြင်ပလုပ်ငန်းများနှင့် ကျင့်ဝတ်ညီညွတ်စွာ ဆက်ဆံပါသည်

ပစ္စည်းပံ့ပိုးပေးသူများ၊ ဖောက်သည်များနှင့် အခြား ပြင်ပလုပ်ငန်းများနှင့် ရိုးသားစွာဆက်ဆံခြင်းသည် ကောင်းမွန်ပြီး ခိုင်မြဲသည့် လုပ်ငန်းဆက်နွယ်မှုများအတွက် မရှိမဖြစ် အရေးပါလှပါသည်။ အားလုံးသော အလားအလာရှိသည့် ပြင်ပအဖွဲ့အစည်းများအား မျှတပြီး ညီမျှသော ထည့်သွင်းစဉ်းစားမှုများ ပေးပါသည်။ ရောင်းချသူရွေးချယ်မှု ဆုံးဖြတ်ချက်များအား စျေးနှုန်းနှင့် အရည်အသွေးတို့ကဲ့သို့ ရည်မှန်းထားသည့် သတ်မှတ်မှုအပြင် ယုံကြည်ရမှုနှင့် တည်ကြည်မှုပေါ်တွင် အခြေခံပါသည်။

ထို့အပြင်၊ စျေးနှုန်း၊ လျှော့စျေးခွင့်ပြုမှု၊ စျေးကွက်ချဲ့ထွင်ရာတွင် ကူညီပေးမှု သို့မဟုတ် နစ်သက်မှုပေါ်တွင် ကြည့်ပြီး ပြင်ပအဖွဲ့များအား ကိုယ်ရေးကိုယ်တာဆန်ဆန် မျက်နှာသာပေးမှုများ မပြုလုပ်ပါ။ ပစ္စည်းပံ့ပိုးသူများ၊ ဖောက်သည်များနှင့် အခြားပြင်ပ အဖွဲ့များနှင့် ဆက်ဆံခြင်းတို့အား ဤစည်းမျဉ်း၏ အပိုင်းတစ်ခုတွင် အစိုးရနှင့် ဥပဒေတို့ဖြင့် ကျွန်ုပ်တို့၏ဆက်နွယ်မှု အားဖော်ပြထားခြင်းတွင် ဆွေးနွေးထားပါသည်။

Colgate ပြင်ပအဖွဲ့များ လိုက်နာရမည့် စည်းမျဉ်းများ အား ဘာသာစကားပေါင်း မြောက်မြားစွာဖြင့် ကုမ္ပဏီ၏ ဝက်ဘ်ဆိုက်တွင် ရရှိနိုင်ပါသည်။

## မသင့်လျော်သော လက်ဆောင်များ ပေးခြင်း သို့မဟုတ် လက်ခံခြင်းများ မပြုလုပ်ပါ

မည်သည့် လုပ်ငန်းဆိုင်ရာ ဆုံးဖြတ်ချက်မဆိုအား လွှမ်းမိုးနိုင်သည့် လက်ဆောင်များ၊ ပေးချေမှုများ သို့မဟုတ် အခြားသော အကျိုးအမြတ်များ (လာဘ်ထိုးခြင်း သို့မဟုတ် မသမာကြေးတို့ ပါဝင်သော်လည်း ကန့်သတ်မထားသော) ကမ်းလှမ်းခြင်း၊ ပေးခြင်း သို့မဟုတ် လက်ခံရယူခြင်းမှာ လက်ခံနိုင်ဖွယ် မဟုတ်ပါ။ သင်သည် မဆိုစလောက်တန်ဖိုးအရ (မှန်းခြေ အမေရိကန် $50) ထက်ပိုများသော လက်ဆောင်များ၊ ပေးချေမှုများ သို့မဟုတ် အခြားသော အကျိုးအမြတ်များကို ပေးရန်ရှိလျှင်၊ ပေးခံရပြီး၊ ကမ်းလှမ်းခံရပြီး သို့မဟုတ် လက်ခံရရှိပြီးဖြစ်လျှင် သို့မဟုတ် ထိုသို့ပေးသည့် လက်ဆောင်များ၊ ပေးချေမှုများ သို့မဟုတ် အခြားသော အကျိုးအမြတ်များသည် လုပ်ငန်းဆိုင်ရာ ဆုံးဖြတ်ချက်အား လွှမ်းမိုးနိုင်ရန် ကြိုးပမ်းမှုအနေဖြင့် ပေးကြောင်း သင်ယုံကြည်လျှင်၊ ကမ္ဘာလုံးဆိုင်ရာ တရားဝင် အဖွဲ့အစည်း သို့မဟုတ် ကမ္ဘာလုံးဆိုင်ရာ ကျင့်ဝတ်နှင့် လိုက်နာမှုသို့ ဆက်သွယ်ရပါမည်။ ထို့ပြင် ပြက္ခဒိန်နှစ်တစ်ခုအတွင်းတွင် ရင်းမြစ်တစ်ခုတည်းမှ မဆိုစလောက် တန်ဖိုးရှိသည့် လက်ဆောင်ကို တစ်ခါတည်းသာ လက်ခံမည်ကို စိတ်ထဲတွင် မှတ်ထားပါ မဆိုစလောက်တန်ဖိုးထက်ပိုသော လက်ဆောင်ကို လက်မခံခဲ့လျှင် ကုမ္ပဏီအနေဖြင့် အရှက်ရဖွယ်ဖြစ်နေလျှင် ၎း လက်ဆောင်ကို သင်လက်ခံခဲ့သည်အ ကမ္ဘာလုံးဆိုင်ရာ တရားဝင် အဖွဲ့အစည်းကို သတင်းပို့သင့်သည်။ ထို့အပြင် ကုမ္ပဏီနှင့် လုပ်ငန်းဆက်နွယ်မှုရှိနေနှင့်ပြီး ဖြစ်သော သို့မဟုတ် အနာဂတ်တွင် လုပ်ငန်းဆက်နွယ်မှု တည်ဆောက်လာတော့မည် ဖြစ်သော မိသားစုဝင်အရင်း၏ ကိုယ်စား မဆိုစလောက်တန်ဖိုးထက် ပိုမိုများပြားသော လက်ဆောင်၊ ပေးချေမှု သို့မဟုတ် အခြား အကျိုးအမြတ်ကို စီစဉ်ပေးခြင်း သို့မဟုတ် လက်ခံခြင်း မပြုပါနှင့်။

**ဤစည်းမျဉ်းများကို လိုက်နာပါ-** သင့်ကို ထိခိုက်စေနိုင်သော သို့မဟုတ် ထိခိုက်နိုင်ပုံ ရသော လက်ဆောင် သို့မဟုတ် ဝန်ဆောင်မှုတစ်ခုအား ပေးခြင်း သို့မဟုတ် လက်ခံခြင်း ဘယ်တော့မှ မလုပ်ပါနှင့်။ ယင်းတွင် အခါအားလျော်စွာ၊ လိုက်လျောညီထွေရှိသော လုပ်ငန်းဆိုင်ရာ ဖျော်ဖြေပေးခြင်း သို့မဟုတ် မဆိုစလောက်တန်ဖိုး ရှိသော လက်ဆောင်များ မပါဝင်ပါ။

အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် စည်းမျဉ်းများ မတူညီသော ဖက်ဒရယ်၊ ပြည်နယ်၊ ဒေသတွင်း သို့မဟုတ် နိုင်ငံရပ်ခြား အစိုးရ အရာရှိများ နှင့် အစိုးရဝန်ထမ်းများနှင့် ဆက်ဆံရာတွင် သင့်လျော်ရာ အုပ်ချုပ်ရေးဆိုင်ရာ အထူး စည်းကမ်းများရှိသည်ကို သင်သတိပြုပါ။ ယေဘုယျအားဖြင့် သင်သည် အစိုးရဝန်ထမ်းများ သို့မဟုတ် အစိုးရတို့အား ကမ္ဘာလုံးဆိုင်ရာ တရားဝင် အဖွဲ့အစည်းမှ ကြိုတင်ပြီး ခွင့်ပြုထားခြင်း မရှိခဲ့လျှင် အစားအစာ သို့မဟုတ် ခရီးသွားလာရန် တို့အပါအဝင် မည်သည့် လက်ဆောင်၊ သဒ္ဒါကြေး၊ သို့မဟုတ် တန်ဖိုးရှိ ပစ္စည်းများ ကမ်းလှမ်းမည် သို့မဟုတ် ပေးမည် မဟုတ်ပါ။

Colgate ပုဂ္ဂိုလ်များသည် အစိုးရအရာရှိများ သို့မဟုတ် အစိုးရများထံ လက်ဆောင်များနှင့် ပတ်သက်ပြီး အချက်အလက်များ ထပ်မံရယူလိုပါက အစိုးရအရာရှိများနှင့် အစိုးရများတို့နှင့် သက်ဆိုင်သည့် အသုံးစရိတ်များ၏ ကမ္ဘာလုံးဆိုင်ရာ မူဝါဒနှင့် သက်ဆိုင်ရာ ခွင့်ပြုချက် ပုံစံသို့ ရည်ညွှန်းနိုင်ပါသည်။

Colgate ပစ္စည်းပံ့ပိုးသူများနှင့် အရောင်းသမားများသည် ကျွန်ုပ်တို့နှင့် အလုပ်လုပ်ကိုင်သည့်အခါ သို့မဟုတ် ပျက်ကွက်သည့်အတွက် ကျွန်ုပ်တို့၏ လုပ်ငန်းအား ဆုံးရှုံးနိုင်ချေကို ရင်ဆိုင်ရသည့်အခါ ပြင်ပအဖွဲ့များ၏ လိုက်နာရန်စည်းမျဉ်းများပါ သတ်မှတ်ထားချက် များကို အစဉ်အမြဲ စောင့်ထိန်းရန် အကြံပြုပါသည်။ ထို့အပြင်၊ ဖောက်သည်များ သို့မဟုတ် ပံ့ပိုးသူများ၏ မူဝါဒများကိုလည်း ကျွန်ုပ်တို့၏ မူဝါဒများနှင့် ဆန့်ကျင်မှုမရှိသည့် အနေအထားတစ်ခုအထိ ကျွန်ုပ်တို့ကလည်း လေးစားကာ စောင့်ထိန်းရပါမည်။

### မေးခွန်း-

ဖောက်သည်တစ်ဦးက ကျွန်ုပ်ကို ကျွမ်းကျင်ကစားသမားများ၏ ဂေါက်ရိုက်ပြိုင်ပွဲသို့ ဖိတ်ကြားပါသည်။ ကျွန်ုပ်၏ ကြီးကြပ်သူအား ဖိတ်ကြားချက်အကြောင်း အသိပေးပြီး လုပ်ငန်းဆိုင်ရာများကို ဆွေးနွေးသည့် အလျောက် ကျွန်ုပ်၏ ပါဝင်ဆောင်ရွက်မှုကို ခွင့်ပြုပါသည်။ ပြိုင်ပွဲအတွင်း ကံစမ်းမဲပါဝင်ရာ ကျွန်ုပ်သည် သာမန်တန်ဖိုးထက် ပိုများပြားသော ဂေါက်ရိုက်တံတစ်စုံကို မဲပေါက်သွားပါသည်။ ယင်းတို့ကို လက်ခံခြင်းမှာ စည်းမျဉ်းကို ချိုးဖောက်ရာ ရောက်ပါသလား။

### အဖြေ-

**မှန်ပါသည်။** ပြိုင်ပွဲ၊ ကံစမ်းမဲဖောက်ခြင်းတို့မှ ရရှိလာသော မည်သည့် ဆုမဆိုသည် လက်ဆောင်အဖြစ် သတ်မှတ်ပါသည်။ လက်ဆောင်၏ တန်ဖိုးသည် ကျွန်ုပ်တို့၏ လက်ဆောင်မူဝါဒကို သတ်မှတ်ထားသော မဖြစ်စလောက်တန်ဖိုးထက် ပိုမိုများပြားနေလျှင်၊ ယင်းကို လက်ခံခြင်းမှာ လိုက်နာရန်စည်းမျဉ်းကို ချိုးဖောက်ခြင်းဟု သတ်မှတ်ပါသည်။ ထို့အပြင်၊ သင့်တွင်မေးခွန်းများ ရှိလျှင် ကျင့်ဝတ်လိုင်းက ဆက်လက်ပြီး လမ်းညွှန်မှုများ ပေးနိုင်ပါသည်။

## ကုန်သွယ်မှု လျှို့ဝှက်ချက်များနှင့် အခြားသူများ၏ လျှို့ဝှက် သတင်းအချက်အလက်များကို လေးစားမှုရှိပါသည်

သူတစ်ပါး၏ တည်တံ့ကာ တွန်းအားပေးထားသော ဉာဏပိုင်ဆိုင်မှု အခွင့်အရေးများအပေါ်တွင် သိလျက်နှင့် ချိုးဖောက်ခြင်း မပြုရန်မှာ Colgate ၏ မူဝါဒ ဖြစ်ပါသည်။ အခြားသူများ၏ ကုန်သွယ်မှု လျှို့ဝှက်ချက်များနှင့် အခြားသူများ၏ ထုတ်လုပ်ရောင်းချသော သတင်းအချက်အလက်များကို လေးစားမှုရှိရနမှာ ကုမ္ပဏီ၏ မူဝါဒဖြစ်ပါသည်။ သင်သည် သင့်ယခင်ကအလုပ်ရှင်၏ ကုန်သွယ်မှု လျှို့ဝှက်ချက်များနှင့် ထုတ်လုပ်ရောင်းချသော သတင်းအချက်အလက်များကို သိရှိနေပြီး Colgate သို့ ရောက်ရှိလာလျှင် ယင်းမှာ အလွန်အရေးကြီးပါသည်။ ဤနေရာတွင် မေးခွန်းများပေါ်ပေါက်လာပါက ကမ္ဘာလုံးဆိုင်ရာ တရားဝင် အဖွဲ့အစည်းသို့ ဆွေးနွေးတိုင်ပင် သင့်ပါသည်။

ကုမ္ပဏီပြင်ပမှ တစ်စုံတစ်ဦးက သင့်ထံသို့ ဖိတ်ကြားမှု၊ ရှာဖွေတွေ့ရှိမှု သို့မဟုတ် အတွေးအခေါ်တစ်ခုနှင့် ရောက်ရှိလာပါက၊ အနာဂတ်တွင်ဖြစ်လာနိုင်သော ထိပါးမှု သို့မဟုတ် ငွေကြေးဆိုင်ရာ တောင်းခံမှုတို့မှ ကုမ္ပဏီကို ကာကွယ်ရန် အရေးကြီးပါသည်။ ကမ္ဘာလုံးဆိုင်ရာ တရားဝင် အဖွဲ့အစည်းအား ဦးစွာ ဆွေးနွေးခြင်းမရှိပဲ သင့်ထံသို့လာသည့် ပြင်ပမှ ပုဂ္ဂိုလ်များအား ယင်းတို့၏ ဖိတ်ခေါ်မှု၊ ရှာဖွေတွေ့ရှိမှု သို့မဟုတ် အတွေးအခေါ်သစ် အသေးစိတ်အား ဖော်ပြခြင်းကို ခွင့်မပြုပါနှင့်။ ကမ္ဘာလုံးဆိုင်ရာ တရားဝင် အဖွဲ့အစည်း သို့မဟုတ် သုံးစွဲသူများ ကိစ္စရပ်ဆိုင်ရာ ဌာနသို့ တောင်းဆိုထားခြင်းမရှိသော အတွေ့အခေါ်များဖြင့် သင့်ထံသို့ ချဉ်းကပ်လာသူ အဖွဲ့အားလုံးကို သင့်ဒေသတွင်းရှိ ကုမ္ပဏီ၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကိုင်တွယ်မှုအတွက် ညွှန်းဆိုပါ။

Colgate ပုဂ္ဂိုလ်များသည် ထပ်မံ၍ အချက်အလက်များအား ourcolgate.com ပေါ်ရှိ ကုမ္ပဏီ၏ လုပ်ငန်းပိုင်းဆိုင်ရာ ဆောင်ရွက်မှုလမ်းညွှန်ချက်များပါ အခန်း 12 တွင် တွေ့နိုင်သော ကုမ္ပဏီ၏ လမ်းညွှန်ချက်များရှိ "ကုမ္ပဏီ၏ ခေါ်ဆိုသုံးပိုင်ခွင့်ရှိသော အချက်အလက်များ ထိန်းသိမ်းခြင်းနှင့် အခြားသူများ၏ ခေါ်ဆိုသုံးပိုင်ခွင့်ရှိသောအချက်အလက်များကို လေးစားခြင်း" ကို ရည်ညွှန်း၍ ရှာဖွေနိုင်ပါသည်။

# ကျွန်ုပ်တို့ သုံးစွဲသူများ နှင့်ဆက်နွယ်မှု



*ကျွန်ုပ်တို့၏ ကုမ္ပဏီ၏ ဂုဏ်သိက္ခာသည် ကျွန်ုပ်တို့ ကုန်ပစ္စည်းများ၏ အရည်အသွေးနှင့် ဘေးကင်းလုံခြုံစေမှု တို့ပေါ်တွင် တည်ဆောက်ထားပါသည်။ ကုမ္ပဏီ၏ စဉ်ဆက်မပြတ် တိုးတက်မှုနှင့် အောင်မြင်မှုတို့အတွက် အရည်အသွေးနှင့် ဘေးကင်းစေမှုအပေါ်ထားသည့် ကျွန်ုပ်တို့၏ ပါဝင်ဆောင်ရွက်လိုမှုက မရှိမဖြစ်အရေးပါပါသည်။*

## ကျွန်ုပ်တို့၏ ထုတ်ကုန်ပစ္စည်းများအတွက် အမြင့်ဆုံး စံနှုန်းများကို သတ်မှတ်ထားပါသည်

Colgate ထုတ်ကုန်ပစ္စည်းများ၏ ယုံကြည်စိတ်ချရမှု၊ အရည်အသွေးနှင့် ထူးခြားသော စွမ်းဆောင်မှုတို့ကြောင်း ယင်းတို့အား သုံးစွဲသူများမှ ယုံကြည်နိုင်ခြင်းကို သေချာနေစေရန် ကျွန်ုပ်တို့ သံမိဋ္ဌာန်ချထားပါသည်။ ကျွန်ုပ်တို့ လုပ်ငန်းဆောင်ရွက်နေသော စျေးကွက်တွင်းရှိ ဘီလီယံမျှသော လူပုဂ္ဂိုလ်များကို ဝန်ဆောင်မှုပေးနေသည့်အပြင်၊ ကျွန်ုပ်တို့၏ ထုတ်ကုန်ပစ္စည်းများကို အကျိုးသက်ရောက်မှု အရှိဆုံး နည်းလမ်းများဖြင့် ထုတ်လုပ်နိုင်ရန် ကြိုးစားခြင်းဖြင့် သုံးစွဲသူအမြောက်အမြား ဝယ်ယူသုံးစွဲနိုင်ကြမည် ဖြစ်ပါသည်။

Colgate မှ ရောင်းချသော ထုတ်ကုန်ပစ္စည်းများသည် ဥပဒေက သတ်မှတ်ထားသော ဘေးကင်းစေမှု စံနှုန်းများကို ပြည့်မီယုံသာမက ပိုမိုတင်းကြပ်သော ကျွန်ုပ်တို့ ကုမ္ပဏီ၏ စံနှုန်းများကိုပါ ပြည့်မီပါသည်။ သံသယဖြစ်ဖွယ် ထုတ်ကုန်အား လက်ဆော့သွားခြင်း၊ တလွဲသုံးခြင်း သို့မဟုတ် အတုပြုလုပ်ခြင်းတို့ ဖြစ်လာလျှင် သုံးစွဲသူအား ချက်ချင်းအကူအညီပေးနိုင်ရန် အစီအစဉ်များတွင် ကျွန်ုပ်တို့ ပါဝင်ပါသည်။ သုံးစွဲသူ၏ ကျန်းမာရေး၊ ဘေးကင်းစေမှုနှင့် နေထိုင်ကောင်းမွန်မှုတို့မှာ ကျွန်ုပ်တို့အတွက် အဓိက အရေးကြီးပြီး Colgate ဝန်ထမ်းတစ်ဦးအနေနှင့် ထုတ်ကုန်ပစ္စည်း၏ အရည်အသွေး သို့မဟုတ် ဘေးကင်းစေမှုနှင့် သက်ဆိုင်သည့် သင်တွေ့ရှိသည့် မည်သည့်ကိစ္စကိုမဆို သင့်လုပ်ငန်းယူနစ် ခေါင်းဆောင်အား ချက်ချင်းသတင်းပို့ရန်မှာသင်၏ တာဝန်ဝတ္တရားဖြစ်ပါသည်။

ကျွန်ုပ်တို့၏ ပါဝင်ပစ္စည်းများ၏ ဘေးကင်းစေမှုနှင့် ပတ်သက်ပြီး ထပ်မံ၍ အချက်အလက်များအား colgatepalmolive.com ပေါ်ရှိ ပါဝင်ပစ္စည်းများ၏ ဘေးကင်းစေမှု ကို ရည်ညွှန်း၍ ရှာဖွေနိုင်ပါသည်။

## သုံးစွဲသူများအားလည်း တုန့်ပြန်မှုများ ပေးပါသည်

ကျွန်ုပ်တို့၏ လုပ်ငန်းမှာ သုံးစွဲသူများအတွက် ထုတ်ကုန်ပစ္စည်းဖြစ်သည့်အတွက် ကျွန်ုပ်တို့၏ အောင်မြင်မှုသည် သုံးစွဲသူ၏ ကျေနပ်မှု၊ ယုံကြည်မှု တို့အပေါ်တွင် မူတည်ပါသည်။ ကျွန်ုပ်တို့၏ ရည်ရွယ်ချက်များ အကောင်းဆုံး အကောင်အထည်ပေါ်ရန်နှင့် သုံးစွဲသူတို့၏ လိုအပ်ချက်များကို ဖြည့်စည်းပေးရန်မှာ သုံးစွဲသူနှင့် ဆက်ဆံရေး အစီအစဉ်၏ အမြဲပုံမှန်၊ မျှတသည့် ထိခိုက်လွယ်မှုအတိုင်း လိုက်နာရန်ဖြစ်ပါသည်။

သုံးစွဲသူ၏ လိုအပ်ချက်နှင့် နှစ်သက်မှုများကို ခန့်မှန်းခြင်းနှင့် တုန့်ပြန်ခြင်းတို့၏ အရေးပါပုံကိုလည်း ကျွန်ုပ်တို့ သိရှိပါသည်။ ကျွန်ုပ်တို့၏ ထုတ်ကုန်ပစ္စည်းများနှင့် ပတ်သက်ပြီး သုံးစွဲသူ၏ ထင်မြင်ယူဆချက်၊ စိုးရိမ်မှု နှင့် ကုမ္ပဏီသို့ မေးမြန်းစုံစမ်းမှုတို့မှာ အရေးကြီးသော သတင်းအချက်အလက် ရင်းမြစ်များဖြစ်ကြောင်း ကျွန်ုပ်တို့ ယုံကြည်ပါသည်။ သုံးစွဲသူတို့၏ လိုအပ်ချက်များမှာ အစဉ်အမြဲ ပြောင်းလဲနေသဖြင့် ပြောင်းလဲမှုလိုအပ်ချက်များတွင် ဘာကိုဖော်ပြသည်ကို သိရှိနိုင်ရန် ကျွန်ုပ်တို့ စဉ်ဆက်မပြတ် နားစွင့်နေရပါမည်။

သုံးစွဲသူတစ်ဦးက ကျေနပ်မှုမရှိကြောင်း ဖော်ပြသည့်အခါ ကျွန်ုပ်တို့၏ သုံးစွဲသူများ ကိစ္စအဖွဲ့က ပြဿနာကို ချက်ချင်းညွှန်ပြကာ ယဉ်ကျေး မျှတစွာဖြင့် သုံးစွဲသူ၏ ယုံကြည်မှု ပြန်လည်ရရှိလာအောင် ရနိုင်သမျှ ကြိုးစားအားထုတ် ပြုလုပ်ပါမည်။

## ကျွန်ုပ်တို့၏ ကြော်ငြာပုံမှာ ရိုးရှင်းပြီး မှန်ကန်ပါသည်

ကျွန်ုပ်တို့ လုပ်ငန်း၏ အရေးကြီးဆုံး ရှုထောင့်မှာ ကြော်ငြာခြင်း ဖြစ်ပါသည်။ ကြော်ငြာခြင်းမှာ ဖန်တီးနိုင်စွမ်းရှိပြီး ပြိုင်ဆိုင်နိုင်စွမ်းရှိရမည် ဖြစ်သော်လည်း တစ်ချိန်တည်းမှာပင် ရိုးသား၊ မှန်ကန်ပြီး ပြဋ္ဌာန်းထားသော ဥပဒေနှင့်လည်း အမြဲ ညီညွတ်နေရပါမည်။ ကျွန်ုပ်တို့၏ ကြော်ငြာသည် အောက်ပါအချက်အလက်များ ပေါ်တွင် အခြေခံသော တစ်ဦးတစ်ယောက်ခြင်းစီကို ပုံသေကားကျပုံစံပြုလုပ်ခြင်းအား ရှောင်ကြဉ်ရပါမည်-

- လူမျိုး
- ကိုးကွယ်မှု
- မွေးဖွားရာ ဒေသ
- တိုင်းရင်းသား
- လိင် သို့မဟုတ် လိင်အမှတ်သညာ
- အသက်
- လိင်ပိုင်းဆိုင်ရာ နှစ်သက်မှု
- စစ်ပြန် အခြေအနေ
- အိမ်ထောင်ရေး အခြေအနေ
- မသန်မစွမ်းဖြစ်မှု
- ဥပဒေနှင့် အကာအကွယ်ပေးထားသော မည်သည့် အခြား ဝိသေသများမဆို

### မေးခွန်း-

ကျွန်ုပ်၏ လုပ်ဖော်ကိုင်ဖက်မှာ လိုင်းတွင်လုပ်ကိုင်သူဖြစ်ပြီး ထုတ်ကုန်၏ မှန်ကန်သော ပမာဏပေးနိုင်အောင် သေချာစေရန် နာရီတိုင်း အလေးချိန်စစ်ဆေးရသည့် အလုပ်အတွက် တာဝန်ရှိသူဖြစ်ပါသည်။ သူ့စစ်ဆေးမှုများကို မပြုလုပ်နေပဲ စာရွက်စာတမ်းများကို အတုဖြည့်သွင်းနေသည်ဟု ကျွန်ုပ်ထင်မြင်ပါသည်။ ကျွန်ုပ်၏ ကြီးကြပ်သူကို အသိပေးသင့်သလား။

### အဖြေ-

**မှန်ပါသည်။** ကျွန်ုပ်တို့၏ ကုမ္ပဏီ၏ ဂုဏ်သိက္ခာသည် ကျွန်ုပ်တို့ ကုန်ပစ္စည်းများ၏ အရည်အသွေးနှင့် ဘေးကင်းလုံခြုံစေမှု တို့ပေါ်တွင် တည်ဆောက်ထားပါသည်။ သင့်အနေနှင့် ကျွန်ုပ်တို့ ကုမ္ပဏီ၏ ဂုဏ်သိက္ခာကို ထိပါးစေနိုင်သော သို့မဟုတ် ကျွန်ုပ်တို့၏ ဖောက်သည်များ သို့မဟုတ် သုံးစွဲသူများကို အကျိုးသက်ရောက်စေနိုင်သော မည်သည့် အပြုအမူမျိုးကိုမဆို ခံစားရလျှင်၊ သင့်စီမံခန့်ခွဲမှုနှင့် ကျင့်ဝတ်လိုင်းသို့ ချက်ချင်း အသိပေးရန် လိုအပ်ပါသည်။

ကြော်ငြာဟူသည် ထုတ်ကုန်၏ပုံရိပ်အပြင် များစွာကို ဖန်တီးပေးပါသည်။ ယင်းက အားထားရမှု၊ စိတ်ချရနိုင်မှုနှင့် ယုံကြည်ရမှုတို့အတွက် ကျွန်ုပ်တို့၏ ဂုဏ်သိက္ခာကို တည်ဆောက်ပေးပါသည်။

ထို့အပြင်၊ ကျွန်ုပ်တို့ ကြော်ငြာသတင်းပါဝင်မည့် မီဒီယာကို ရွေးချယ်ရာတွင်လည်း ဂရုစိုက်ပါသည်။ တီဗွီအစီအစဉ်များတွင် သို့မဟုတ် အကြောင်းမဲ့ဖြစ်သော သို့မဟုတ် ကြမ်းတမ်းမှု၊ လိင်အသားပေး များပြားသော၊ လူမှုရေး မကောင်းသော သို့မဟုတ် ကုမ္ပဏီနှင့် ထုတ်ကုန်ပစ္စည်းတို့၏ ဂုဏ်သိက္ခာကို ထိခိုက်စေနိုင်သော မီဒီယာတို့တွင် ထည့်သွင်းခြင်းအား ခွင့်မပြုပါ။

ကြော်ငြာများ၊ အမှတ်တံဆိပ်များနှင့် ဒီဇိုင်းများကို ပြင်ဆင်ခြင်း၊ အသုံးပြုခြင်းနှင့် ရွေးချယ်ခြင်းတို့၏ ကြော်ငြာပိုင်းဆိုင်ရာ သင့်တင့်မှု၊ စံနှုန်းများကို ကြည့်ရှုလေ့လာခြင်းဖြင့် ကျွန်ုပ်တို့၏ ထုတ်ကုန်သည် အတုအပပြုလုပ်ခြင်း သို့မဟုတ် ပြိုင်ဆိုင်သူများ၏ နာမည်ကောင်းကို အပေးအယူလုပ်ခြင်း တို့ထက် ယင်းတို့ကိုယ်ပိုင် အရည်အသွေးနှင့် ဂုဏ်သိက္ခာခိုင်မာမှု ပေါ်တွင် အောင်မြင်မှုရရှိပါမည်။ ကြော်ငြာပိုင်းဆိုင်ရာ သင့်တင့်မှုတွင် လိုအပ်သည်မှာ

- အမှတ်တံဆိပ် ထိပါးခြင်း သို့မဟုတ် မမျှမတ ယှဉ်ပြိုင်ခြင်းတို့နှင့် ပတ်သက်ပြီး ဒေသတွင်း ဥပဒေအရ သတ်မှတ်ချက်များအား တင်းကြပ်စွာ လိုက်နာခြင်း
- လူသိများသော အမှတ်တံဆိပ်များ၊ ဆောင်ပုဒ်များ၊ ကြော်ငြာသည့် ပုံစံနှင့် နိုင်ငံတကာမှ ကုမ္ပဏီများနှင့် ဒေသဆိုင်ရာ ယှင်ပြိုင်သူများ သုံးသော ဂရပ်ဖစ်ပုံများ တို့အား ကူးယူခြင်းအား ရှောင်ကြဉ်ခြင်း

Colgate ပုဂ္ဂိုလ်များသည် ထပ်မံ၍ အချက်အလက်များအား ourcolgate.com ပေါ်ရှိ ကုမ္ပဏီ၏ လုပ်ငန်းပိုင်းဆိုင်ရာ ဆောင်ရွက်မှုလမ်းညွှန်ချက်များပါ အခန်း 14 တွင် တွေ့နိုင်သော ကုမ္ပဏီ၏ လမ်းညွှန်ချက်များရှိ ကြော်ငြာခြင်း ကို ရည်ညွှန်း၍ ရှာဖွေနိုင်ပါသည်။

# အစိုးရနှင့် ဥပဒေတို့နှင့် ကျွန်ုပ်တို့၏ ဆက်နွယ်မှု

*ကျွန်ုပ်တို့သည် Colgate သို့ပြဌာန်းထားသော ဥပဒေအားလုံးကို လိုက်နာပါသည်။ ဥပဒေအတိုင်းဆောင်ရွက်ပြီး ယင်း၏ ဆိုလိုရင်းအား လိုက်နာရန်မှာ ကျွန်ုပ်တို့၏ မူဝါဒဖြစ်ပါသည်။ သင့်စိတ်တွင် သံသယရှိတိုင်း ကမ္ဘာလုံးဆိုင်ရာ တရားဝင်အဖွဲ့အစည်းအား အမြဲ ဆွေးနွေးပါ။*

## အားလုံးသော ပြဌာန်းထားသည့် ဥပဒေများကို လိုက်နာပါသည်

Colgate ပုဂ္ဂိုလ်များသည် ကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်မှု လမ်းညွှန်များ၊ မူဝါဒများနှင့် လုပ်ထုံးများတွင် ထုတ်နုတ်ဖော်ပြထားသည့် အမေရိကန်ပြည်ထောင်စု၏ သက်ဆိုင်ရာ ဥပဒေများအပြင် သူတို့ထမ်းဆောင်နေသည့် နိုင်ငံများ၏ ဥပဒေများအား ပြည့်ဝစွာ လိုက်နာနိုင်ရန် ကုမ္ပဏီ၏ လှုပ်ရှားမှုများကို ဆောင်ရွက်ရမည်။ စည်းကမ်းအနေနှင့်၊ ကျွန်ုပ်တို့သည် ကုမ္ပဏီအနေဖြင့် ကျွန်ုပ်တို့ကိုယ်ကို အမြင့်မားဆုံး သက်ရောက်နိုင်သော စံနှုန်းများအထိ ထိန်းသိမ်းထားပါသည်။ ဒေသတွင်း ဥပဒေများနှင့် သက်ဆိုင်ရာ အမေရိကန်ပြည်ထောင်စု၏ ဥပဒေများ သို့မဟုတ် ကုမ္ပဏီ၏ မူဝါဒများကြားတွင် ပဋိပက္ခများရှိသည်ဟု သင်ယူဆပါက ကမ္ဘာလုံးဆိုင်ရာ တရားဝင် အဖွဲ့အစည်းနှင့် ဆွေးနွေးပေးပါ။

## အပြိုင်အဆိုင် ဥပဒေများကို လိုက်နာပါသည်

Colgate နှင့် ယင်း၏ ကမ္ဘာအနံ့ရှိ ဝန်ထမ်းများသည် ကျွန်ုပ်တို့ လုပ်ငန်းလုပ်ကိုင်သော နိုင်ငံ၊ ပြည်နယ်နှင့် ဒေသဆိုင်ရာတိုင်းတွင် ပြဌာန်းထားသည့် ပြိုင်ဆိုင်မှု ဥပဒေ (အမေရိကန် ပြည်ထောင်စုတွင် ယုံကြည်မှုအားတန်ပြန်သည့် ဥပဒေဟု ခေါ်ဆို) အား အပြည့်အဝ လိုက်နာရပါမည်။ ဤဥပဒေများ၏ ရည်ရွယ်ချက်မှာ သုံးစွဲသူများအား ကာကွယ်ရန် သို့မဟုတ် အခြားကုမ္ပဏီများအားလည်း ကုမ္ပဏီများသည် ဈေးနိမ့်နိမ့်၊ ပိုမိုပြီး တီထွင်ကြံဆထားသော ထုတ်ကုန်ပစ္စည်းများ၊ ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုများပေးကာ၊ ဈေးကွက်တွင် ပစ္စည်းပံ့ပိုးမှုနှင့် လိုအပ်မှု အင်အားများကို အနှောင့်အယှက်မပေးပဲ မျှမျှတတ ပြိုင်ဆိုင်ကြောင်း သေချာစေရန် ရည်ရွယ်ပါသည်။ စင်စစ်နီးပါးဖြင့် နိုင်ငံတိုင်းတွင် ပြိုင်ဆိုင်မှု ဥပဒေများ ပြဌာန်းထားပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့ လုပ်ငန်းဆောင်ရွက်သည့် နေရာတွင် သက်ရောက်စေသည့် ပြိုင်ဆိုင်မှု ဥပဒေများကို နားလည်ရန်နှင့် လိုအပ်လျှင် ကမ္ဘာလုံးဆိုင်ရာ တရားဝင် အဖွဲ့အစည်းမှ လမ်းညွှန်ချက်တောင်းဆိုရန်မှာ ကျွန်ုပ်တို့ တာဝန်ဖြစ်ပါသည်။

ကမ္ဘာအနံ့ ပြိုင်ဆိုင်မှုဥပဒေများသည် ထိခိုက်မှုရှိနိုင်သော ပြိုင်ဆိုင်မှုများ ဖြစ်လာနိုင်သည့် ပြိုင်ဆိုင်သူများအကြား မည်သည့် သဘောတူညီချက်များကိုမဆို တားမြစ်ထားပါသည်။ လိုက်နာမှုအတွက် သော့ချက်မှာ လွတ်လပ်စွာရပ်တည်နိုင်ခြင်း ဖြစ်ပါသည်။ Colgate သည် ၎င်း၏ မြောက်မြားစွာသော လုပ်ငန်းဆိုင်ရာ လှုပ်ရှားမှုများတွင် လွတ်လပ်စွာရပ်တည်၍ ဆောင်ရွက်ရပါမည်။

- ဈေးနှုန်းသတ်မှတ်ခြင်း
- လျှော့ချမှုများ သို့မဟုတ် အရောင်းချခြင်း
- အရောင်းအဝယ် သတ်မှတ်ချက်များ
- ဖောက်သည်၊ ဖြန့်ချိသူ သို့မဟုတ် ပစ္စည်းပံ့ပိုးသူ ရွေးခြယ်ခြင်း
- မည်သည့် ထုတ်ကုန်အား ထုတ်လုပ်၍ မည်မျှရောင်းချရန် ရွေးခြယ်မှု

သတိရရန် အရေးကြီးသည်မှာ တရားမဝင်သော သဘောတူညီချက်များတွင် မှတ်တမ်းမှတ်ရာရှိမနေခြင်းနှင့် ရေးသားထားခြင်းပင် မရှိခြင်း ဖြစ်ပါသည်။ ၎င်းသည် နှုတ်ဖြင့်သဘောတူညီခြင်း ဖြစ်နိုင်သည်၊ သို့မဟုတ် ရိုးရှင်းစွာပင် လုပ်ငန်းဆောင်ရွက်သည့် ကိစ္စတစ်ခုမှ ကောက်ချက်ချလိုက်သော သို့မဟုတ် သာမန်ပြောဆိုလိုက်သော မှတ်ချက်များမှ ထွက်ပေါ်လာခြင်း ဖြစ်နိုင်သည်။ သဘောတူညီချက်တစ်ခုသည် တရားမဝင်ဖြစ်သွားရန် အောင်အောင်မြင်မြင် ဆောင်ရွက်ဖို့မလိုပါ။

လက်ရှိ သို့မဟုတ် အနာဂတ် စီးပွားရေးစီမံကိန်းများ အကြောင်း (ဥပမာ - ပစ္စည်းပံ့ပိုးသူများ၊ ထုတ်ကုန်အသစ် ထွက်ရှိခြင်း အစရှိသည်) လျှို့ဝှက် သို့မဟုတ် အများပြည်သူသို့ ပေးမသိသော အချက်အလက်များအား ပြိုင်ဆိုင်သူများမှ ဝေမျှခြင်း သို့မဟုတ် ရရှိသွားခြင်း ဖြစ်သည့်အခါ ကုမ္ပဏီများ၏ လွတ်လပ်စွာရပ်တည်နိုင်မှုကို ထိခိုက်နိုင်ပါသည်၊ တရားမဝင်သော သဘောတူညီချက်အား ကောက်ချက်ချနိုင်သည်။ ယင်းသည် ရောင်းဝယ်မှု ဆက်စပ်နေသော စစ်တမ်းများနှင့် အစည်းအဝေးများတွင် စိတ်ထဲတွင် မှတ်ထားရန် အထူး အရေးကြီးပါသည်။ ယေဘုယျအားဖြင့် ပြိုင်ဆိုင်သူတစ်ဦး ပါဝင်နေနိုင်သည့် မည်သည့် အစည်းအဝေးမဆိုကို ပါဝင်ခြင်း မပြုမီတွင် သင်သည် ကမ္ဘာလုံးဆိုင်ရာ တရားဝင် အဖွဲ့အစည်း၏ ခွင့်ပြုချက်ကို ရယူရပါမည်။ သင်သည် ပြိုင်ဆိုင်သူများနှင့် ကုမ္ပဏီ၏ လျှို့ဝှက် သတင်းအချက်အလက်များကို ဘယ်သောအခါမျှ မျှဝေခြင်း မပြုရပါ။ သင်သည် ပြိုင်ဆိုင်သူတစ်ဦး၏ လျှို့ဝှက်ချက်ဟု ယူဆရသော သတင်းအချက်အလက်ကို ရရှိပါက ကမ္ဘာလုံးဆိုင်ရာ တရားဝင် အဖွဲ့အစည်းကို ချက်ချင်း အသိပေးရပါမည်။ ဦးစွာတရားဝင် ခွင့်ပြုချက်မရရှိပဲနှင့် ထိုအချက်အလက်အား အသုံးပြုခြင်း သို့မဟုတ် မျှဝေခြင်း မပြုလုပ်ရပါ။

ပြိုင်ဆိုင်မှု ဥပဒေများသည် အင်အားကြီးမားသည့် ကုမ္ပဏီကြီးများ၏ ခေါင်းပုံဖြတ် သို့မဟုတ် မမျှတသော ဆောင်ရွက်မှုများကို ကာကွယ်ပေးပြီး ယှဉ်ပြိုင်ကွင်းမှာ ပွင့်လင်း၍ မျှတစေရန် ဆောင်ရွက်ပေးပါသည်။ အင်အားမကြီးမားသော ကုမ္ပဏီများမှ ပြုလုပ်လျှင် တရားဝင်သည့် ဆောင်ရွက်ချက်များမှာ အင်အားကြီးမားသော ကုမ္ပဏီများမှ ပြုလုပ်လျှင် တရားမဝင်ဟု သတ်မှတ်နိုင်ပါသည်။ Colgate က ခိုင်မာသည့် စျေးကွက်ဝေစု ရရှိထားသော တိုင်းပြည်များတွင်၊ အချို့သော စဉ်းစားထားသည့် ဆောင်ရွက်မှုများမှာ (ဥပမာ - တိကျသော လျှော့စျေးချမှု မူဝါဒ သို့မဟုတ် ရောင်းချရန် ငြင်းဆန်မှု) အင်အားကြီးမားသူ တစ်ဦးအနေနှင့် မတရားပြုခြင်းအဖြစ် သတ်မှတ်ခြင်းမခံရကြောင်း သေချာစေရန် သင့်ဒေသတွင်း တရားဥပဒေအရ ကိုယ်စားလှယ်နှင့် စစ်ဆေးမှု ပြုရပါမည်။

ပြိုင်ဆိုင်မှု ဥပဒေများသည် ပစ္စည်းပံ့ပိုးသူများနှင့် ယင်းတို့၏ ဖောက်သည်များနှင့် ပစ္စည်းဖြန့်ဖြူးသူများအကြား ဆက်နွယ်မှုများပေါ်တွင် အချို့သော ကန့်သတ်ချက်များကို ဖြစ်ပေါ်စေပါသည်။ အများစုသော နိုင်ငံများတွင်၊ ဖောက်သည် သို့မဟုတ် ပစ္စည်းဖြန့်ဖြူးသူများအား စျေးနှုန်းများ သို့မဟုတ် အရောင်း သတ်မှတ်ချက်နှင့် အခြေအနေများ ဆုံးဖြတ်ရာတွင် လွတ်လပ်ခွင့်မရှိအောင် ပြုလုပ်ရန်ကြိုးစားခြင်း သို့မဟုတ် သူတို့၏ လွတ်လပ်စွာရပ်တည်၍ လုပ်ငန်းဆောင်ရွက်နိုင်ခွင့်အား ကန့်သတ်ခြင်းသည် ပြိုင်ဆိုင်မှု ဥပဒေကို ချိုးဖောက်ရာ ရောက်ပါသည်။ ကျွန်ုပ်တို့၏ ဖောက်သည်များအား ကျွန်ုပ်တို့၏ "ညွှန်းဆိုထားသော လက်လီ (သို့မဟုတ် ပြန်ရောင်းချခြင်း) ရောင်းချသည့် စျေးနှုန်းများ" ဟူသည်မှာ ညွှန်းပေးရုံသက်သက်သာ ဖြစ်သည်ကို အထူးအသိပေးရန် အရေးကြီးပါသည်။ ဖောက်သည်များသည် သူတို့ရွေးချယ်ထားသည့် စျေးနှုန်းအတိုင်း အမြဲလွတ်လပ်စွာ ရောင်းချနိုင်ပါသည်။

ပြိုင်ဆိုင်မှု ဥပဒေများကို ချိုးဖောက်သည့် နောက်ဆက်တွဲ ဖြစ်ရပ်များမှာ အလွန်ပြင်းထန်ပြီး ကုမ္ပဏီအား ဒဏ်ကြေးကြီးမားစွာတပ်ခြင်းနှင့် ပါဝင်ပတ်သက်သည့် မည်သူ့မဆိုအတွက် ပြစ်ဒဏ်များ (ထောင်ဒဏ် ချမှတ်ခြင်းအပါအဝင်) ပေးခြင်းတို့ ဖြစ်နိုင်ပါသည်။ ဖြစ်နိုင်ချေရှိသော ပြိုင်ဆိုင်မှုဥပဒေကို ဆန့်ကျင်သည့်အတွက် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခြင်းသည်ပင်လျှင် သိသာသော ဂုဏ်သိက္ခာပိုင်းဆိုင်ရာ ထိခိုက်မှုနှင့် လုပ်ငန်းပိုင်းဆိုင်ရာ အနှောင့်အယှက်များ ဖြစ်လာနိုင်ပါသည်။

ပြိုင်ဆိုင်မှုဥပဒေအောက်တွင် စဉ်းစားပြုလုပ်သည့် ဆောင်ရွက်မှုတစ်ခုသည် ကိစ္စရပ်များ ဖြစ်ပေါ်လာနိုင်ကြောင်း သံသယရှိပါက၊ ကမ္ဘာလုံးဆိုင်ရာ တရားဝင် အဖွဲ့အစည်းအား ဆွေးနွေးသင့်ပါသည်။

Colgate ပုဂ္ဂိုလ်များသည် ထပ်မံ၍ အချက်အလက်များအား ourcolgate.com ပေါ်ရှိ ကုမ္ပဏီ၏ လုပ်ငန်းပိုင်းဆိုင်ရာ ဆောင်ရွက်မှုလမ်းညွှန်ချက်များပါ အခန်း 6 တွင် တွေ့နိုင်သော ကုမ္ပဏီ၏ လမ်းညွှန်ချက်များရှိ နိုင်ငံတကာ ပြိုင်ဆိုင်မှု ကို ရည်ညွှန်း၍ ရှာဖွေနိုင်ပါသည်။

**မေးခွန်း-**

လုပ်ငန်းဆိုင်ရာ အဆက်အသွယ်တစ်ခုမှ ကျွန်ုပ်ကို သွားဖက်ဆိုင်ရာ ညီလာခံတစ်ခုတွင် ကျွန်ုပ်တို့၏ တိုက်ရိုက် ယှဉ်ပြိုင်သူများက ပြုလုပ်ကျင်းပသော အစည်းအဝေးတစ်ခုအကြောင်း ပြောပြပါသည်။ သူတို့၏ အစည်းအဝေးကို ကျွန်ုပ်တက်ချင်ပါသည်၊ သို့သော်လည်း ကျွန်ုပ်သည် အပြိုင်ကုမ္ပဏီမှ ဖြစ်ကြောင်း သူတို့သိလျှင် ပေးမဝင်မည်ကို စိုးရိမ်မိပါသည်။ ကျွန်ုပ်မည်သည်မှန်း မသိအောင် လျှို့ဝှက်၍ တက်ရောက်နိုင်ပါသလား။

**အဖြေ-**

**မမှန်ကန်ပါ။** ပြိုင်ဖက်၏ အချက်အလက်များ ရရှိရန် သင်မည်သူမည်ဝါမှန်း မသိအောင် ဖုံးကွယ်ထားခြင်းသည် ဘယ်တော့မှ မမှန်ကန်ပါ။ ထိုကဲ့သို့သော အစည်းအဝေးများသည် မယုံကြည်ခြင်း ပြဿနာများ ဖြစ်ပေါ်လာနိုင်သောကြောင့် ပြိုင်ဖက်တစ်ဦးနှင့် မည်သည့်အစည်းအဝေးမဆို မတက်ရောက်မီတွင် ကမ္ဘာလုံးဆိုင်ရာ တရားဝင် အဖွဲ့အစည်းအား ဆွေးနွေးသင့်ပါသည်။

## လုံခြုံရေး ဥပဒေများကို လိုက်နာပါသည်

သင့်တွင် Colgate အကြောင်း သို့မဟုတ် အပြင်သို့ပေးမသိထားသည့် ("အများပြည်သူမသိစေသည့် အချက်အလက်များ") Colgate နှင့် လုပ်ငန်းတွဲလုပ်နေသည့် နာမည်ကြီး ရောင်းဝယ်ရေး ကုမ္ပဏီများအကြောင်း – ဘဏ္ဍာရေး သို့မဟုတ် လည်ပတ်ဆောင်ရွက်မှု ရလဒ်များ၊ ဖြစ်နိုင်ချေရှိသော ပူးပေါင်းမှု သို့မဟုတ် ရရှိထားမှုများ၊ ပိုင်ဆိုင်မှုများ ဖယ်ထုတ်ခြင်း သို့မဟုတ် ထောက်ပံ့ကြေးပေးခြင်း၊ ဈေးကွက်ချဲ့ထွင်ရေး အစီအစဉ်များ သို့မဟုတ် ထုတ်ကုန်သစ် မိတ်ဆက်ခြင်းများ စသည်တို့ကဲ့သို့သော သတင်းအချက်အလက်များကို ရယူနိုင်ခွင့် ရှိနိုင်ပါသည်။

အချက်အလက်များအား လုံလောက်စွာ အများပြည်သူသို့ ဖော်ပြခြင်း မပြုရသေးမီတွင် ၎င်းအား အများပြည်သူ-သိခွင့်မရှိ ဟုသတ်မှတ်ပါသည် - တနည်းအားဖြင့်၊ သတင်းအချက်အလက်အား ကျယ်ပြန့်စွာ ဖြန့်ဖြူးခြင်းနှင့် အချက်အလက်အား တုန့်ပြန်မှုပြုရန် အစုရှယ်ယာလက်မှတ်ဈေးကွက်များ အကယ်၍ ထိုအများပြည်သူ-သိခွင့်မရှိသော သတင်းအချက်အလက်အား "material" ဟုသတ်မှတ်သည် – ဆိုလိုသည်မှာ၊ ရင်းနှီးမြှုပ်နှံမှု ဆုံးဖြတ်ချက်တစ်ခုကို ချမှတ်သည့်အခါ မျှော်မှန်းကြည့်ရှုတတ်သော ရင်းနှီးမြှုပ်နှံသူ တစ်ဦးက ထည့်သွင်းစဉ်းစားသည့် သတင်းအချက်အလက် ဖြစ်သည်- ထို့ကြောင့် သင်သည် အောက်ပါ အစုရှယ်ယာလက်မှတ် ဥပဒေနှင့် ကုမ္ပဏီ မူဝါဒများကို လိုက်နာရမည်-

- အများပြည်သူ-သိခွင့်မရှိသော သတင်းအချက်အလက်နှင့် စပ်လျဉ်းသည့် အဖွဲ့အစည်း (Colgate သို့မဟုတ် အခြား) ၏ စတော့ခ်များ၊ ဘွန်းများ သို့မဟုတ် အခြား အစုရှယ်ယာလက်မှတ်ကိစ္စများကို သင့်ကိုယ်ပိုင် စာရင်း သို့မဟုတ် အခြားသူတစ်ဦး၏ စာရင်းအတွက် ရောင်းဝယ်ဖောက်ကားခြင်း မပြုရ။

- သင်သည် အခြားသူများအား ထိုကဲ့သို့သော အများပြည်သူ-သိခွင့်မရှိသည့် သတင်းအချက်အလက် ပေါ်တွင် အခြေခံပြီး အဖွဲ့အစည်း၏ စတော့ခ်များ၊ ဘွန်းများ သို့မဟုတ် အခြား အစုရှယ်ယာလက်မှတ် ကိစ္စများအား ဆောင်ရွက်မှုပြုရန် တိုက်တွန်းခြင်း သို့မဟုတ် တွန်းအားပေးခြင်း မပြုလုပ်ရ။

- သင်သည် ထိုကဲ့သို့ အများပြည်သူ-သိခွင့်မရှိသော သတင်းအချက်အလက်များကို Colgate ပြင်ပမှ ပုဂ္ဂိုလ်များထံသို့ ဖော်ပြခြင်း မပြုရန်၊ နှင့်

- သင်သည် ထိုကဲ့သို့ အများပြည်သူ-သိခွင့်မရှိသော သတင်းအချက်အလက်များကို Colgate အတွင်းရှိ ပုဂ္ဂိုလ်များထံသို့လည်း သူတို့တွင် ထိုသတင်းအချက်အလက်များကို သိရန်လိုအပ်ခြင်း မရှိခဲ့လျှင် ဆွေးနွေးခြင်း မပြုရ။

နောက်တစ်နည်းအနေဖြင့်၊ သင်သည် Colgate တွင် အလုပ်လုပ်ကိုင်နေစဉ် သင်ရရှိလာသော မည်သည့် အများပြည်သူ သိခွင့်မရှိသော သတင်းအချက်အလက်များကို မဆို အစုရှယ်ယာလက်မှတ် ကိစ္စများ သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ရောင်းဝယ်မှုများတွင် သင့်ကိုယ်တိုင် သို့မဟုတ် အခြားသူများ၏ အကျိုးအမြတ် ရရှိစေရန်အတွက် အသုံးမပြုရပါ။

မည်သည့် အများပြည်သူ-သိခွင့်မရှိသော သတင်းအချက်အလက်များကိုမဆို သင် Colagate တွင် အလုပ်လုပ်ကိုင်နေစဉ် ရရှိလာပါက၊ သတင်းအချက်အလက်များကို လျှို့ဝှက်ထိန်းသိမ်းထားရန် ဂရုစိုက်ရမည်ဖြစ်ပြီး Colgate သို့မဟုတ် အခြားသက်ရောက်မှုရှိသော ကုမ္ပဏီ၏ အစုရှယ်ယာလက်မှတ် ကိစ္စများကို အများပြည်သူသို့ အချက်အလက်များအား ဖွင့်ချပြီး အချိန်ကာလ အတန်ကြာသည်အထိ သင်သည် မည်သည့်ရောင်းဝယ်မှုမှ (သို့မဟုတ် အခြားသူအားလည်း ရောင်းဝယ်ဖောက်ကားမှု ပြုရန် အကြံပေးခြင်း) မပြုလုပ်ရပါ။ ဤတားမြစ်ခြင်းတွင် စတော့ခ်ရွေးချယ်မှုများ ပြုလုပ်ခြင်းနှင့် ကုမ္ပဏီ၏ အကျိုးရရှိမှု အစီအစဉ်မှတဆင့် Colgate တွင် ရင်းနှီးမြှုပ်နှံရန် သို့မဟုတ် ရင်းနှီးမှုမပြုရန် ဆုံးဖြတ်ချက်များတို့ ပါဝင်ပါသည်။

အများပြည်သူ-သိခွင့်မရှိသော သတင်းအချက်အလက်များအား လျှို့ဝှက်ထိန်းသိမ်းရမည့် သင့်တာဝန်သည် Colgate နှင့် သင့်အလုပ်ခန့်အပ်ထားရှိမှု ပြီးစီးသွားသော်လည်း ထိုသတင်းအချက်အလက်များအား အများပြည်သူသို့ မှန်ကန်စွာ ဖော်ပြပြီးစီးသည်အထိ ဆက်လက်ရှိနေမည်ဖြစ်ပါသည်။

သတင်းအချက်အလက်သည် "material" ဟုတ်၊ မဟုတ် သို့မဟုတ် အများပြည်သူသို့ မှန်ကန်စွာ ဖော်ပြပြီးစီးပြီး ဖြစ်ကြောင်းကို သင့်အနေနှင့် မေးရန်ရှိပါက ကမ္ဘာလုံးဆိုင်ရာ တရားဝင် အဖွဲ့အစည်းသို့ ဆက်သွယ်မှုပြုပြီး သင့်အား တရားဝင် ခွင့်ပြုချက် ပေးအပ်ခြင်းမရှိသေးသ၍ သက်ရောက်မှုရှိသော အစုရှယ်ယာလက်မှတ် ကိစ္စများတွင် ရောင်းဝယ်မှုပြုခြင်း သို့မဟုတ် အချက်အလက်များကို ဖော်ပြမှုပြုခြင်းကို ရှောင်ကြဉ်ရပါမည်။

**မေးခွန်း-**

ကျွန်ုပ်သည် ကုမ္ပဏီ၏ စတော့ခ်များအား အတွင်းမှ သတင်းအချက်အလက်များ ပေါ်တွင် အခြေခံပြီး ဝယ်ယူခြင်း သို့မဟုတ် ရောင်းချခြင်းပြုလုပ်၍ မရသည်ကို သိပါသည်၊ သို့သော်လည်း ကျွန်ုပ်၏ မိသားစုဝင်များ သို့မဟုတ် မိတ်ဆွေအား ပြုလုပ်နိုင်ရန် အကြံပေးနိုင်ပါသလား။

**အဖြေ-**

**မရပါ။** သင်သည် သင့်ကိုယ်တိုင် စတော့ခ်များကို ဝယ်ယူသကဲ့သို့ပင် အတွင်းပိုင်း ရောင်းဝယ်ဖောက်ကားမှု ဥပဒေအား ချိုးဖောက်ခြင်း ဖြစ်ပါလိမ့်မည်။ ထို့အပြင်၊ သင်အကြံပေးလိုက်သူသည်လည်း သင့်အကြံပေးချက်များသည် အတွင်းပိုင်း အချက်အလက်များပေါ်တွင် အခြေခံသည်ကို သိရှိသွားသောအခါ ဥပဒေကို ချိုးဖောက်ခြင်း ဖြစ်သွားပါလိမ့်မည်။

## လာဘ်ထိုးမှု ဆန့်ကျင်ရေး ဥပဒေများကို လိုက်နာပါသည်

Colgate ၏ အစိုးရများနှင့် တရားဥပဒေအတိုင်း၊ ကျင့်ဝတ်ညီညွတ်စွာ ဆက်ဆံရန် ဆုံးဖြတ်ထားချက်မှာ တစ်ကမ္ဘာလုံးသို့ သက်ရောက်ပါသည်။ ကုမ္ပဏီမူဝါဒအပြင် အမေရိကန်ပြည်ထောင်စု နိုင်ငံရပ်ခြား ချစားမှု ဆောင်ရွက်ချက်များ ဥပဒေ ("FCPA") နှင့် ဆင်တူသည့် ကမ္ဘာအနံ့အပြားရှိ လာဘ်ထိုးခြင်းဆန့်ကျင်သည့် ဥပဒေများက ကျွန်ုပ်တို့၏ ပုဂ္ဂိုလ်များ သို့မဟုတ် ကျွန်ုပ်တို့ လုပ်ငန်းနှင့် ဆက်သွယ်မှုရှိသည့် ကျွန်ုပ်တို့ကိုယ်စား ဆောင်ရွက်နေသော မည်သူ့မဆိုအား မည်သည့် အစိုးရအရာရှိမဆိုကို မည်သည့် လုပ်ငန်းကိစ္စများ ရရှိနိုင်ရန် သို့မဟုတ် အစိုးရလုပ်ငန်းဆိုင်ရာ ဆောင်ရွက်မှု သို့မဟုတ် ဆုံးဖြတ်ချက်များကို သက်ရောက်စေနိုင်ရန် တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်ကာ တန်ဖိုးရှိသောတစ်စုံတစ်ရာတို့ကို ပေးအပ်ခြင်း သို့မဟုတ် ကမ်းလှမ်းခြင်းတို့ ပြုလုပ်ခြင်းအား တားမြစ်ပါသည်။

ကုမ္ပဏီ ပေါ်လစီနှင့် အချို့သော သက်ရောက်မှုရှိသည့် ဥပဒေများက လုပ်ငန်းပိုမို တွင်ကျယ်မှုရှိစေရန် ရည်ရွယ်ပြီး အစိုးရအရာရှိများသို့ မည်သည့် အကူအညီ သို့မဟုတ် "ပံ့ပိုးကူညီ" သည့် ငွေပေးမှုမျိုးကိုမဆိုကို တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်ဖြစ်စေ မပြုလုပ်ရန် တားမြစ်ပါသည် (ဥပမာ ဝန်ဆောင်မှုများနှင့် အခြားလုပ်ဆောင်မှုများ ဆောင်ရွက်ရာတွင် ပိုမိုမြန်ဆန်စေရန်အတွက် Colgate နှင့် ပတ်သက်သော အလုပ်ကို အရင်ဆုံး ဆောင်ရွက်ပေးနိုင်ရန် အရာရှိအား ငွေအနည်းငယ်ပေးခြင်း)။ အစိုးရမှ ထုတ်ပြန်သော မည်သည့် တရားဝင်အခကြေးငွေမဆိုသည မသင့်လျော်သော ပေးချေမှုထဲတွင် မပါဝင်ပါ။

သင်သည် စံနှုန်းများကို တိုက်ရိုက်ဖြစ်စေ အခြားတစ်ဆင့်ခံပြီး သွယ်ဝိုက်ဖြစ်စေ မဖောက်ဖျက်ကြောင်း သေချာစေရန် ကျွန်ုပ်တို့ကုမ္ပဏီ၏ မူဝါဒက ပြဌာန်းထားသည်မှာ တရားဝင်ငွေလက်ခံဖြတ်ပိုင်းပါသည့် အခကြေးငွေ (ဥပမာ ပါမစ် သို့မဟုတ် လိုင်စင်ကြေး) မှလွဲပြီး အစိုးရအရာရှိများအား ဖျော်ဖြေရေး၊ ခရီးသွားလာမှု၊ လက်ဆောင် သို့မဟုတ် အခြားအရာများကို ပေးခြင်းအား အထွေထွေဥပဒေအဖွဲ့မှ သဘောတူကြောင်း စာဖြင့် ကြိုတင်ထုတ်ပြန်ထားခြင်း မရှိပါက ခွင့်မပြုပါ။

Colgate ဝန်ထမ်းများသည် အသေးစိတ်အချက်အလက်များအား အထွေထွေပေါ်လစီ ၏ အစိုးရနှင့် အစိုးရဝန်ထမ်းများဆိုင်ရာ အသုံးစားရိတ် ခွင့်ပြုပုံစံတွင် လေ့လာနိုင်ပါသည်။

"အစိုးရအရာရှိများ" ဟူသော ဝေါဟာရအား ကျယ်ပြန့်စွာ အဓိပ္ပါယ်ဖွင့်ကြပြီး ထိုအထဲတွင် မည်သည့် အစိုးရ သို့မဟုတ် ပြည်နယ်နှင့်ဆက်စပ်သော အဖွဲ့အစည်းများ သို့မဟုတ် အသင်းအဖွဲ့များ သို့မဟုတ် တစ်နည်းနည်းဖြင့် တရားဝင်လုပ်ပိုင်ခွင့်အတိုင်း လုပ်ကိုင်နေသူများ ပါဝင်ပြီး ၎င်းတို့သည် အချိန်ပြည့်၊ အချိန်ပိုင်း သို့မဟုတ် အခကြေးငွေမယူဘဲ လုပ်ကိုင်နေသူများ အားလုံး အကျုံးဝင်ကြောင်း သိရှိရန် အရေးကြီးပါသည်။ အစိုးရအရာရှိများအား အစိုးရနှင့် လူမှုဘဝ အစိတ်အပိုင်းတိုင်း၊ အဆင့်တိုင်းတွင် တွေ့နိုင်ပြီး ထိုအထဲတွင် အဆင့်နိမ့် အကောက်ခွန်ဝန်ထမ်းများမှ အဆင့်မြင့် ဥပဒေပြုအရာရှိများ အထိပါဝင်ပြီး ပါမောက္ခများ၊ ဆရာများ၊ သွားဆရာဝန်၊ တိရိစ္ဆာန်ကု ဆရာဝန်၊ အခြား အသက်မွေးဝမ်းကျောင်းပညာရှင်များနှင့် အဓိက အတွေးအခေါ်ခေါင်းဆောင်များ၊ ပြည်နယ်ပိုင်သတင်းမီဒီယာ ဝန်ထမ်းများ ပါဝင်ကြပါသည်။ သင်သည် တစ်စုံတစ်ဦးအား အစိုးရအရာရှိ ဟုတ်မဟုတ် ဆုံးဖြတ်ရန် မဝေခွဲနိုင်ပါက ကမ္ဘာလုံးဆိုင်ရာဥပဒေအဖွဲ့ကို ဆက်သွယ်ပါ။

အစိုးရဝန်ထမ်းများနှင့် ဆက်ဆံရာတွင် အစဉ်အမြဲ ရိုးဖြောင့်ပြီး တိုက်ရိုက် ပြောဆိုဆက်ဆံပါ။ အစိုးဝန်ထမ်းများအပေါ် သိလျက်နှင့် သို့မဟုတ် ဆန္ဒပါလျက် ပြုလုပ်မိသော အမှားများ (နှုတ်သို့မဟုတ် စာဖြင့်) သည် သင်နှင့်တကွ ကုမ္ပဏီအပေါ်တွင်လည်း ကြီးလေးသော ပြစ်ဒဏ်များ ကျရောက်စေနိုင်ပါသည်။

အကယ်၍ Colgate ဝန်ထမ်း သို့မဟုတ် အေးဂျင့်သည် တရားရေးရာများ သို့မဟုတ် အခြား ရုံးပိုင်းလုပ်ဆောင်မှုများတွင် လွှမ်းမိုးမှုရှိစေရန် အစိုးရဝန်ထမ်းတစ်ဦးနှင့် အဆက်အသွယ်ပြုပါက ကုမ္ပဏီ နှင့်/သို့မဟုတ် ၎င်း၏ဝန်ထမ်းများ သို့မဟုတ် တစ်ဆင့်ခံအဖွဲ့အစည်းသည် အချို့သော အကျိုးဆောင်ဥပဒေများကို လိုက်နာကျင့်သုံးရန် လိုအပ်ပါသည်။ သင်သည် အလားတူလုပ်ရပ်မျိုးကို တိုက်ရိုက်ဖြစ်စေ တစ်ဆင့်ခံ အဖွဲ့ဖြင့်ဖြင့်ဖြစ်စေ ပြုလုပ်နေပါက သို့မဟုတ် ပြုလုပ်ရန် အစီအစဉ်ပြုထားပါက ကမ္ဘာလုံးဆိုင်ရာဥပဒေအဖွဲ့ကို ဆက်သွယ်ပြီး သင့်လျော်သည့် လိုအပ်ချက်များနှင့် နောက်ထပ်အဆင့်များအတွက် ဆုံးဖြတ်အကြံပေးမှုကို ရယူရပါမည်။

ကုမ္ပဏီမူဝါဒနှင့် သက်ဆိုင်ရာဥပဒေများ အစိုးရအရာရှိများအား လာဘ်ပေးမှုကို တားမြစ်ထားသည်သာမက ပုဂ္ဂလိကအဖွဲ့များနှင့်လည်း လာဘ်ပေးလာဘ်ယူမှုကို တားမြစ်ထားပါသည်။ ကုမ္ပဏီလုပ်ငန်းအတွက် ဆက်သွယ်နေရသည့် မည်သည့်ပြင်ပ အဖွဲ့နှင့်မဆို လက်ဆောင်၊ ငွေကြေး သို့မဟုတ် အခြားအကျိုးခံစားခွင့်၊ သို့မဟုတ် ဥပဒေနှင့်မညီသော အခြားမည်သည့် လာဘ်ပေးမှုမျိုး ပြုလုပ်ပြီး ဆုံးဖြတ်ချက်အား လွှမ်းမိုးစေရန် မကြိုးစားပါနှင့်။

| မေးခွန်း- | အဖြေ- |
| --- | --- |
| အစိုးရအရာရှိများအား လာဘ်ပေးခြင်း တားမြစ်ထားသည့် ဥပဒေများ ရှိသည်ကို ကျွန်ုပ်နားလည်ပါသည်။ သို့သော် ဥပဒေမှ အစိုးရအရာရှိများမဟုတ်သည့် သူများအား လာဘ်ပေးခြင်းကို တားမြစ်ထားပါသလား? | **တားမြစ်ထားပါတယ်။** ပုဂ္ဂလိက အဖွဲ့များနဲ့ လာဘ်ပေးလာဘ်ယူမှု မပြုလုပ်ဖို့ တားမြစ်ထားတဲ့ လာဘ်ပေးလာဘ်ယူဆန့်ကျင်မှု ဥပဒေများ ရှိပါတယ်။ ဥပမာ – စီးပွားရေးအရ လာဘ်ပေးလာဘ်ယူခြင်း။ အဆိုပါ ဥပဒေများဟာ အရေးပြီးပါတယ် – ဒါ့အပြင် အစိုးရအရာရှိများနဲ့ လာဘ်ပေးလာဘ်ယူမှု ပြုလုပ်ခြင်းကို တားမြစ်ထားသကဲ့သို့ – တင်းကျပ်စွာ တားမြစ်ထားပါတယ်။ ကုမ္ပဏီနှင့် လုပ်ငန်းလုပ်ကိုင်နေသော မည်သူမဆို အစိုးရအရာရှိနှင့်ဖြစ်စေ ပုဂ္ဂလိကနှင့်ဖြစ်စေ လာဘ်ပေးလာဘ်ယူမှုပြုလုပ်ခြင်းအား ကုမ္ပဏီပေါ်လစီနှင ဒေသတွင်း ဥပဒေက တားမြစ်ထားကြောင်း အစဉ်အမြဲ သတိရပါ။ |

Colgate ဝန်ထမ်းများသည် ကုမ္ပဏီ၏ လမ်းညွှန်ချက်များနှင့် ပတ်သက်သော အသေးစိတ်အချက်အလက်များကို ourcolgate.com တွင် ကုမ္ပဏီလုပ်ငန်းဆိုင်ရာ ကျင့်ထုံးများလမ်းညွှန်ချက်၏ အခန်း 10 အစိုးရဆိုင်ရာများနှင့် လုပ်ငန်းဆိုင်ရာ ဆက်ဆံမှုများတွင် လေ့လာနိုင်ပါသည်။

## နိုင်ငံတကာ ကုန်စည်ရောင်းဝယ်မှု စည်းမျဉ်းများကို လိုက်နာပါသည်

ကုမ္ပဏီသည် အကျုံးဝင်သော နိုင်ငံတကာ ကုန်သွယ်ရေး ဥပဒေများအားလုံးကို လိုက်နာပြီး ကျွန်ုပ်တို့ မည်သည့်နိုင်ငံတွင် အလုပ်လုပ်နေသည်ဖြစ်စေ အမေရိကန် ကုန်သွယ်ရေး လုပ်ထုံးလုပ်နည်းများကိုလည်း လိုက်နာရန် လိုအပ်ပါသည်။

ကုန်သွယ်ရေးပိတ်ဆို့မှု ဥပဒေများသည် သွင်းကုန်နှင့် ထုတ်ကုန်များအပေါ် သက်ရောက်မှုရှိပြီး ကုမ္ပဏီအား အချို့သော နိုင်ငံများ သို့မဟုတ် သီးခြားပုဂ္ဂိုလ်များ သို့မဟုတ် သီးခြားအဖွဲ့အစည်းများနှင့် စီးပွားရေးပြုလုပ်ခြင်းမှ တားမြစ်ထားပါသည်။ မည်သည့် အခြားအဖွဲ့အစည်းနှင့်မဆို (ရောင်းသူ၊ စားသုံးသူ စသည်ဖြင့်) ဆက်ဆံမှု မပြုမီတွင် ကုမ္ပဏီသည် အဆိုပါအဖွဲ့နှင့် လုပ်ကိုင်ခွင့်ရှိကြောင်း သေချာစေရန် အမေရိကန်အစိုးရမှ ထုတ်ပြန်ထားသော "တားမြစ်ထားသည့် အဖွဲ့အစည်းများ" ထုတ်ပြန်ချက်ပါ စာရင်းနှစ်ခုနှင့်တိုက်ပြီး အဆိုပါအဖွဲ့ကို စစ်ဆေးရပါမည်။

ကုမ္ပဏီသည် အမေရိကန်အစိုးရမှ ပိတ်ပင်မထားသည့် နိုင်ငံရပ်ခြား သပိတ်မှောက်မှုများတွင် ပါဝင်ခြင်းမပြုရန် တားမြစ်ထားပြီး အဆိုပါ သပိတ်မျိုးအတွက် တောင်းဆိုလာပါက ချက်ချင်း သတင်းပို့ပါ။ အလားတူ တောင်းဆိုမှုများအား သင့်လျော်သလို ဆောင်ရွက်နိုင်ရန် ကမ္ဘာလုံးဆိုင်ရာဥပဒေအဖွဲ့ကို ချက်ချင်းသတင်းပို့ပါ။

Colgate ဝန်ထမ်းများသည် ကုမ္ပဏီ၏ လမ်းညွှန်ချက်များနှင့် ပတ်သတ်သော အသေးစိတ်အချက်အလက်များကို ourcolgate.com တွင် ကုမ္ပဏီလုပ်ငန်းဆိုင်ရာ ကျင့်ထုံးများလမ်းညွှန်ချက်၏ အခန်း 9 နိုင်ငံတကာ စီးပွားရေးလုပ်ဆောင်မှုများ တွင် လေ့လာနိုင်ပါသည်။

## ကိုယ်ပိုင် အချက်အလက်နှင့် အချက်အလက် ကာကွယ်မှု ဥပဒေကို လိုက်နာပါသည်

Colgate သည် လုပ်ငန်းပိုင်းအရ ဆက်စပ်နေသော ၎င်း၏ ဝန်ထမ်းများ၊ စားသုံးသူများ၊ ထောက်ပံ့သူများနှင့် အခြားအဖွဲ့အစည်းများ၏ ကိုယ်ရေးကိုယ်တာကို လေးစားမှုရှိပြီး ကိုယ်ရေးအချက်အလက်များကို တာဝန်သိစွာဖြင့် ထိန်းသိမ်းကာ အကျုံးဝင်သော အချက်အလက် ထိန်းသိမ်းရေးနှင့် ကာကွယ်ရေး ဥပဒေများအားလုံးအတိုင်း လိုက်နာဆောင်ရွက်ပါသည်။

Colgate ဝန်ထမ်းများသည် ကုမ္ပဏီနှင့် အလုပ်လုပ်ခြင်း၏ အစိတ်အပိုင်းအဖြစ် အီးမေးလ်လိပ်စာ၊ မိသားစုအချက်အလက် သို့မဟုတ် အကျိုးခံစားမှု ရည်ရွယ်ချက်များနှင့် အခြားကိုယ်ရေးအချက်အလက်များကဲ့သို့ အချို့သော ကိုယ်ရေးအချက်အလက်များကို ကုမ္ပဏီသို့ ပေးအပ်ရပါသည်။

ထို့အတူ သုံးစွဲသူများသည်လည်း ထုတ်ကုန်အချက်အလက် တောင်းခံခြင်း သို့မဟုတ် ကုမ္ပဏီမှပြုလုပ်သည့် ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခြင်းတို့အတွက် အမည်၊ အိမ်လိပ်စာနှင့် အီးမေးလ်လိပ်စာ စသော ကိုယ်ရေးအချက်အလက်များကို ကုမ္ပဏီသို့ ပေးရပါသည်။

Colgate နှင့် လုပ်ငန်းဆိုင်ရာ ဆက်သွယ်မှုများအတွင်း စားသုံးသူများ၊ ထောက်ပံ့သူများနှင့် အခြားအဖွဲ့အစည်းများသည် အမည်၊ ဖုန်းနံပါတ်၊ ဖက်စ်နံပါတ်၊ လိပ်စာ၊ အီးမေးလ်လိပ်စာနှင့် အကြွေးဝယ်ကတ်အချက်အလက် စသည်တို့ကဲ့သို့ ကိုယ်ရေးအချက်အလက်များကို ကုမ္ပဏီသို့ ပေးရပါသည်။

အဆိုပါအချက်အလက် အားလုံးနှင့်ပတ်သတ်ပြီး Colgate ၏ မူဝါဒမှာ

- ကိုယ်ရေးအချက်အလက်များအား အခြားအသုံးပြုမှုများအတွက် ဝန်ခံချက်ရယူရန်နှင့် လိုအပ်သော မှတ်တမ်းထိန်းသိမ်းရေး အတွက်မှလွဲပြီး ပေးအပ်ရသည့် ရည်ရွယ်ချက်အတွက်သာ စုဆောင်းအသုံးပြုရန်
- အခွင့်မရှိဘဲ ကြည့်ရှုခြင်းနှင့် သုံးစွဲခြင်းမှ ကာကွယ်ရန် ထိန်းသိမ်းကာကွယ်နိုင်သော အဆင့်များအားလုံးကို လိုက်နာဆောင်ရွက်ရန်
- ကျွန်ုပ်တို့အားလုပ်ငန်းစီမံခန့်ခွဲရန်ကူညီပေးသောဝန်ဆောင်မှုပေးသူများမှကျွန်ုပ်တို့၏ကိုယ်ရေးကိုယ်တာစံနှုန်းများနှင့်အခြားအကျုံးဝင်သောကိုယ်ရေးအချက်အလက် ဥပဒေများအတိုင်း လိုက်နာမည်ဟု သဘောတူမှသာ ကိုယ်ရေးအချက်အလက်များကို သုံးခွင့်ပေးပါသည်။ ထိုမှလွဲ၍ မည်သည့်အဖွဲ့အစည်းကိုမျှ မျှဝေခြင်းမပြုရန်
- အကျုံးဝင်သည့် ကိုယ်ရေးအချက်အလက် ဥပဒေများအားလုံးကို လိုက်နာရန်

အချက်အလက်လုံခြုံမှုနှင့် ထိန်းသိမ်းရေးဆိုင်ရာ ဥပဒေများသည် မကြာခဏ အသစ်တိုးချဲ့ခြင်း ပြုပြင်ခြင်းများ ရှိပါသည်။ ကျွန်ုပ်တို့သည် အသစ်ပေါ်ထွက်လာသည့် အချက်အလက်လုံခြုံမှုနှင့် ထိန်းသိမ်းရေး ဥပဒေများအတိုင်း အချိန်နှင့်အမျှ စီစစ်ပြီး ၎င်းတို့နှင့်အညီ သီးခြားပေါ်လစီများကို ပြုလုပ်သွားပါမည်။

Colgate ဝန်ထမ်းများသည် ကုမ္ပဏီ၏ လမ်းညွှန်ချက်များနှင့် ပတ်သတ်သော အသေးစိတ်အချက်အလက်များကို ourcolgate.com တွင် ကုမ္ပဏီလုပ်ငန်းဆိုင်ရာ ကျင့်ထုံးများလမ်းညွှန်ချက်၏ အခန်း 11 အချက်အလက်လုံခြုံမှုနှင့် ထိန်းသိမ်းခြင်း တွင် လေ့လာနိုင်ပါသည်။

## မှတ်တမ်း သိမ်းဆည်းမှု ဥပဒေကို လိုက်နာပါသည်

ကမ္ဘာတစ်လွှားရှိ ဥပေဒများစွာတို့အရ Colgate သည် အချို့သော မှတ်တမ်းများ (ရုပ်ပိုင်းမှတ်တမ်းများနှင့် အီလက်ထရွန်းနစ်အချက်အလက်များ အပါအဝင်) ကို အချိန်းအတိုင်းအတာတစ်ခုအထိ ထိန်းသိမ်းထားရန် လိုအပ်ပါသည်။ ထိုသို့ပြုလုပ်ရန် ပျက်ကွက်ပါက ကုမ္ပဏီအနေဖြင့် ကြီးလေးသော ဒဏ်ကြေးနှင့် ပြစ်ဒဏ်များကို ကျခံရနိုင်ပါသည်။ Colgate သည် ဥပဒေနှင့် ကျင့်ထုံးဆိုင်ရာ လိုအပ်ချက်များအားလုံးနှင့် ကိုက်ညီပြီး ကျွန်ုပ်တို့လုပ်ငန်း၏ မှတ်တမ်းထိန်းသိမ်းခြင်း လိုအပ်ချက်များနှင့် အညီဖြစ်သော မှတ်တမ်းစီမံခန့်ခွဲခြင်းအစီအစဉ်ကို ကျင့်သုံးနေပြီး မလိုအပ်တော့သော မှတ်တမ်းများနှင့် အခြားစာရွက်စာတမ်းများအား ဖျက်စီးပြစ်ပါသည်။

သင်သည် ဥပဒေလိုအပ်ချက်အရ မည်သည့် ဥပဒေအရေး၊ စုံစမ်းစစ်ဆေးမှု သို့မဟုတ် လုပ်ဆောင်မှုဖြစ်စဉ်တွင်မဆို လိုအပ်သောအချက်အလက်များကို ပေးအပ်ရပါမည်။ တရားရုံးဆင့်ခေါ်စာ၊ တရားရုံးအမိန့် လက်ခံရရှိခြင်း သို့မဟုတ် အခြား ဥပဒေဆိုင်ရာ လုပ်ငန်းစဉ်အတွက် ကုမ္ပဏီအချက်အလက်များကို ထုတ်ပြရန်လိုအပ်ခြင်းတို့ ရှိလာပါက သင်သည် ဥပဒေကခွင့်ပြုသည့်အတိုင်း ကမ္ဘာလုံးဆိုင်ရာဥပဒေအဖွဲ့ကို အသိပေးရမည်ဖြစ်သည်။

အဆိုပါကိစ္စမျိုးတွင် သင်သည် ကမ္ဘာလုံးဆိုင်ရာဥပဒေအဖွဲ့မှ ချမှတ်သော လမ်းညွှန်ချက်အားလုံးကို လိုက်နာရမည်ဖြစ်ပြီး တရားရုံးဆင့်ခေါ်စာ၊ စုံစမ်းစစ်ဆေးမှုတို့အရ တုံ့ပြန်ရမည့် မှတ်တမ်းအားလုံးတို့ကို မှတ်တမ်းထိန်းသိမ်းမှု အစီအစဉ်အရ မည်သို့ပင်ရှိသည်ဖြစ်စေ ထိန်းသိမ်းရပါမည်။ အဆိုပါမှတ်တမ်းမျိုးများအား သင်သည် ဖျက်စီးခြင်း၊ ပြုပြင်ခြင်းတို့ မပြုလုပ်ရပါ။ မသင့်လျော်သော မှတ်တမ်းဖျက်စီးခြင်းသည် ဆိုးရွားသော အကျိုးဆက်ကို ဖြစ်ပေါ်စေပါသည် – ၎င်းတွင် ပြစ်မှု နှင့်/သို့မဟုတ် ရာဇဝတ်မှု အပြစ်ဒါဏ်များနှင့် သင့်နှင့်တကွ ကုမ္ပဏီအတွက် အလုပ်လုပ်ကိုင်မှု အကျိုးဆက်များပါ ခံစားရနိုင်ပါသည်။

သင်သည် စုံစမ်းစစ်ဆေးမှု၊ တရားရင်ဆိုင်ခြင်း သို့မဟုတ် တရားရုံးခေါ်စာအတွက် မှတ်တမ်းများနှင့်ပတ်သတ်ပြီး မေးမြန်းခြင်းခံထားရသော မှတ်တမ်းကို ဖျက်ဆီးလိုရန်အတွက် မရှင်းလင်းပါက ကမ္ဘာလုံးဆိုင်ရာဥပဒေအဖွဲ့ကို ဆက်သွယ်ပါ။ Colgate ဝန်ထမ်းများသည် အသေးစိတ်အချက်အလက်များကို "မှတ်တမ်းထိန်းသိမ်းခြင်း အစီအစဉ် ပေါ်လစီ" တွင်လေ့လာနိုင်ပါသည်။

**မေးခွန်း-**

ကုမ္ပဏီမှတ်တမ်းများကို မည်မျှကြာအောင် ထိန်းသိမ်းထားပြီး မည်သည့်အချိန် ပယ်ဖျက်ရမည်ကို ကျွန်ုပ်မည်သို့ ဆုံးဖြတ်ရမည်နည်း?

**အဖြေ-**

OurColgate.com ရှိ ကုမ္ပဏီမှတ်တမ်းစီမံခန့်ခွဲမှုတွင် လေ့လာပါ > C-P ဆိုက်များ > အထွေထွေဥပဒေအဖွဲ့နှင့် လုပ်ထုံးလုပ်နည်း > မှတ်တမ်းစီမံခန့်ခွဲမှုအစီအစဉ် သို့မဟုတ် သင်၏ ဒေသတွင်း မှတ်တမ်းတာဝန်ခံသို့ ဆက်သွယ်ပါ (အကျုံးဝင်ပါက)။

## နိုင်ငံရေးဆိုင်ရာ ပါဝင်ဆောင်ရွက်မှုများ မပြုလုပ်ပါ

မည်သည့်နိုင်ငံ၊ မည်သည့်အစိုးရအဆင့်၊ မည်သည့်ပါတီအတွက်မဆို ကုမ္ပဏီသည် ငွေကြေးသို့မဟုတ် အစုရှယ်ယာ ပါဝင်ကူညီမှု မပြုလုပ်ပါ။ နိုင်ငံရေးအတွက် ငွေကြေးထည့်ဝင်မှုတွင် တိုက်ရိုက် (ငွေကြေး) နှင့် ငွေကြေးမဟုတ်သော လှူဒါန်းမှုများ ပါဝင်ပါသည်။ ငွေကြေးမဟုတ်သော ထည့်ဝင်လှူဒါန်းမှုများမှာ ရန်ပုံငွေလက်မှတ် ဝယ်ယူခြင်း၊ ထုတ်ကုန်လှူဒါန်းခြင်း၊ ပုံမှန်အလုပ်ချိန်အတွင်း Colgate ဝန်ထမ်းများမှ လုပ်အားပေးဆောင်ရွက်ခြင်းနှင့် Colgate ပိုင်ပစ္စည်းများအား ရန်ပုံငွေရှာရန်နှင့် နိုင်ငံရေးရည်ရွယ်ချက်အလို့ငှာ အသုံးပြုခြင်းတို့ ပါဝင်ပါသည်။ သင့်တွင် နိုင်ငံရေးအတွက် ထည့်ဝင်ကူညီခြင်းနှင့် ပတ်သတ်ပြီး မေးမြန်းလိုပါက ကမ္ဘာလုံးဆိုင်ရာဥပဒေအဖွဲ့ကို ဆက်သွယ်ပါ။

နိုင်ငံရေးအတွက် တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်ဖြစ်စေ ထည့်ဝင်ကူညီသော မည်သည့် Colgate ဝန်ထမ်း သို့မဟုတ် ကုမ္ပဏီနှင့် ဆက်စပ်နေသူ (ပြင်ပ အကျိုးဆောင်များနှင့် အခြားအဖွဲ့အစည်းများအပါအဝင်) တို့အား ကုန်ကျစားရိတ်အစားပြန်ပေးခြင်းအား တားမြစ်ထားပါသည်။

Colgate ဝန်ထမ်းတစ်ဦးစီသည် ၎င်းတို့နှစ်သက်ရာ ပါတီ သို့မဟုတ် အမတ်လောင်းများကို မိမိဘာသာ ပံ့ပိုးကူညီခြင်းများ လွတ်လပ်စွာ လုပ်ဆောင်နိုင်ပါသည်။ မိမိဘာသာ ပံပိုးကူညီခြင်းသည် တစ်ဦးစီ၏ လုပ်ဆောင်တာဝန်ခံမှုသာဖြစ်ပြီး Colgate သို့မဟုတ် ၎င်း၏လည်ပတ်နေသည့် မည်သည့် ကုမ္ပဏီများကိုမျှ မည်သည့်နည်းနှင့်မျှ ရည်ညွှန်းခြင်း မရှိစေရပါ။

အခြားသော နိုင်ငံတကာ ကုမ္ပဏီများ အများစုနည်းတူ Colgate သည် နစ်စဉ်ကြေးများအား ကုန်သွယ်ရေးနှင့် စက်မှုအဖွဲ့အစည်းများစွာတို့ကို တာဝန်ယူ ပေးအပ်နေပါသည်။ အဆိုပါအဖွဲ့အစည်းများက Colgate ပေးငွေများမှ မည်သည့်အစိတ်အပိုင်းကိုမျှ နိုင်ငံရေးတွင် ထည့်ဝင်ကူညီမှု မပြုလုပ်ကြောင်း သေချာစေရန် Colgate ဗဟိုကျင့်ဝတ်နှင့် လိုက်နာမှု အရာရှိမှ ကျွန်ုပ်တို့၏ အသိပေးစာအား အမေရိကန်ကုန်သွယ်ရေး အဖွဲ့အစည်းအားလုံးသို့ နှစ်စဉ်ပေးပို့ပါသည်။ ၎င်းတွင် Colgate သည် အဖွဲ့ဝင်အား ငွေကြေးပေးအပ်ပြီး လိုအပ်သော ကုန်သွယ်ရေးအဖွဲ့အားလုံးသည် Colgate ထံမှ ငွေလက်ခံရရှိကာ နှစ်ပတ်လည် အသိအမှတ်ပြုလုပ်ငန်းစဉ်တွင် ပါဝင်ရပါသည်။ အသေးစိတ်သိရှိရန် colgatepalmolive.com ရှိ "ကျွန်ုပ်တို့၏ကုမ္ပဏီ" အခန်းပါ နိုင်ငံရေး ထည့်ဝင်ကူညီမှုများ ပေါ်လစီ တွင် လေ့လာပါ။

# လူမှုအဖွဲ့အစည်းနှင့် ကျွန်ုပ်တို့ ဆက်နွယ်မှု



### ကုမ္ပဏီသည် ကမ္ဘာလုံးဆိုင်ရာ လူ့အဖွဲ့အစည်းတွင် ပံ့ပိုးပါဝင်သော အဖွဲ့ဝင်တစ်ဦးအဖြစ် တည်ရှိလိုပါသည်။

Colgate တွင် ကျွန်ုပ်တို့၏ ကျွမ်းကျင်မှုများကို ခံတွင်းကျန်းမာရေး၊ တစ်ကိုယ်ရည် စောင့်ရှောက်မှု၊ အိမ်တွင်းစောင့်ရှောက်မှုနှင့် အိမ်မွေးတိရစ္ဆာန် အဟာရ နယ်ပယ်များတွင် အသုံးချပြီး ကမ္ဘာတစ်ဝှမ်းရှိ လူမှုအဖွဲ့အစည်းများအတွင်း ကျန်းမာရေးမြှင့်တင်ရန်နှင့် ကောင်းမွန်သောနေထိုင်မှု ရရှိစေရန်၊ အလားတူဦးတည်ချက်ပန်းတိုင်ရှိသော အလှူအတန်းအဖွဲ့များအား အထောက်အပံ့ပေးရန် ကူညီနေပါသည်။ ကျွန်ုပ်တို့သည် သန့်ရှင်းသောရေရရှိမှု လျော့နည်းလာခြင်း၊ ခံတွင်းကျန်းမာရေးနှင့် ကာကွယ်နိုင်သောရောဂါများ ပြန့်နှံ့မှု စသည်တို့အပါအဝင် အရေးကြီးသော ကျန်းမာရေးပြဿနာအား ထုတ်ဖော်ပြီး ကူညီဆောင်ရွက်ပေးနေသော တာဝန်သိ နိုင်ငံသားများ ဖြစ်ကြပါသည်။

## ကျွန်ုပ်တို့သည် ဒေသတွင်း ပေးကမ်းမှုနှင့် လုပ်အားပေးများတွင် ပါဝင်ဆောင်ရွက်ပါသည်

ကမ္ဘာတစ်လွှားတွင် ဒေသတွင်း လူမှုအဖွဲ့အစည်းများ သာယာဝပြောရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းများတွင် ပါဝင်ခြင်းသည် ကျွန်ုပ်တို့၏ ရည်မှန်းချက်ပန်းတိုင် ဖြစ်ပါသည်။ အဆိုပါစီမံကိန်းများတွင် အလှူအတန်းဆိုင်ရာနှင့် တာဝန်ယူမှုအားဖြင့်နွမ်းပါးသူများကို ကူညီခြင်း၊ ကပ်ဘေးဒါဏ်ရောင့် ဒါဏ်ရာရသူများနှင့် အိမ်ယာမဲ့များကို ကူညီခြင်းတို့ ပါဝင်ပါသည်။ ကျွန်ုပ်တို့၏ ကနဦးရည်မှန်းချက်မှာ လူငယ်များဖြစ်ပြီး၊ အဓိကအားဖြင့် လူငယ်များ၏ ပညာရေးဖြစ်ပါသည်။ ကလေးများအတွက် ယနေ့တွင် ရင်းနှီးမြုပ်နှံခြင်းက ကျွန်ုပ်တို့အားလုံးကို မနက်ဖြန်တွင် အကျိုးရရှိစေသည်ဟု Colgate မှ ယုံကြည်ပါသည်။ ဒါကြောင့် ကုမ္ပဏီဟာ စာဖတ်ခြင်းအစီအစဉ်များ၊ ကြီးကြပ်သင်ပြခြင်းများ၊ အားကစားပြိုင်ပွဲများနှင့် အခြား လူငယ်လှုပ်ရှားမှုများကို ကမ္ဘာတစ်လွှား အကုန်အကျခံ ပြုလုပ်ပေးတော ဖြစ်ပါတယ်။ အဆိုပါ အားထုတ်မှုများက လူငယ်များတွင် ယှဉ်ပြိုင်လိုစိတ်နှင့် အောင်မြင်မှုလိုလားစိတ်တို့ကို ဝင်သွားစေပါသည်။

ကုမ္ပဏီသည် ၎င်း၏ဝန်ထမ်းများအား ဒေသတွင်းပရဟိတလုပ်ငန်းများတွင် အားလပ်ချိန်များအတွင်း နစ်သက်ရာ ပါဝင်ဆောင်ရွက်ရန် တိုက်တွန်းပါသည်။

ကျွန်ုပ်တို့၏ တောက်ပသောအပြုံး တောက်ပသောအနာဂတ် အစီအစဉ်သည် Colgate အား ကျွန်ုပ်တို့ နေထိုင်ပြီး အလုပ်လုပ်ရာ လူမှုအသိုင်းအဝန်းများတွင် သိသာထင်ရှားသော အကျိုးသက်ရောက်မှုကို ရှိစေပါသည်။

**မေးခွန်း-**

ကျွန်ုပ်၏ ကိုယ်ပိုင်အချိန်တွင် ဒေသတွင်း နိုင်ငံရေးလှုပ်ရှားမှုအတွက် လုပ်အားပေးနိုင်ပါသလား?

**အဖြေ-**

**ပေးနိုင်ပါတယ်။** သို့သော် သင်၏ နိုင်ငံရေးလှုပ်ရှားမှုများသည် အလုပ်ခွင်နှင့် မသက်ဆိုင်ရန်မှာမှု အရေးကြီးပါသည်။ ကုမ္ပဏီသည် နိုင်ငံရေးအတွက် ငွေထည့်ဝင်မှုများ မပြုလုပ်ပါ၊ ထို့အပြင် ကုမ္ပဏီမှ ပေးအပ်ထားသော အရင်းအမြစ်များ (အလုပ်ချိန် သို့မဟုတ် ကုမ္ပဏီအမည် အပါအဝင်) ကို အဆိုပါ နိုင်ငံရေးလှုပ်ရှားမှုများတွင် မသုံးပါနှင့်။

## ကျွန်ုပ်တို့၏ လုပ်ငန်းကို သက်ရောက်မှုရှိသော ကိစ္စရပ်များအတွက် အစိုးရများနှင့် အတူလုပ်ဆောင်ပါသည်

ကျွန်ုပ်တို့ကုမ္ပဏီသည် နိုင်ငံပေါင်း 200 ကျော်တွင် လုပ်ငန်းများ လည်ပတ်နေပါသည်။ ဒေသတွင်းနှင့် နိုင်ငံတော် အစိုးရများနှင့် အတူပူးပေါင်း လုပ်ကိုင်ရန်မှာ ကျွန်ုပ်တို့၏ ပေါ်လစီ ဖြစ်ပါသည်။ တစ်ချိန်ချိန်တွင် ကျွန်ုပ်တို့၏ လုပ်ငန်းများကို သက်ရောက်မှုရှိသော ကိစ္စရပ်များ ပေါ်ပေါက်လာနိုင်ပါသည်။ သတိဖြင့် ချဉ်းကပ်ပြီးနောက် ကုမ္ပဏီသည် ကျွန်ုပ်တို့လုပ်ငန်းရည်မှန်းချက်များနှင့် လိုအပ်ချက်များကို အထောက်အပံ့ပြုနိုင်မည့် ကိစ္စရပ်များအတွက် ထင်မြင်ချက်များနှင့် အကြံဉာဏ်တို့ကို အစိုးရများထံ တင်ပြပါမည်။ သို့သော် ထိုအခြေအနေမျိုးသည် သင်၏မန်နေဂျာနှင့် ကမ္ဘာလုံးဆိုင်ရာဥပဒေအဖွဲ့အား ဦးစွာပထမ တိုင်ပင်ဆွေးနွေးမှုကို မပြုလုပ်ဘဲ ဖြစ်လာမည်မဟုတ်ပါ။

## အမြတ်ထုတ်သော၊ လူသားမဆန်သော လုပ်အားရယူမှုကို ကန့်ကွက်ပါသည်

Colgate သည် ကလေးလုပ်သား တရားမဝင် အသုံးပြုမှု၊ လူလူချင်း ခေါင်းပုံဖြတ်မှုနှင့် အလုပ်သမားများအား အခြားသော လက်မခံနိုင်ဖွယ် ပြုမူဆက်ဆံမှုများကို ဆန့်ကျင်ပါသည်။ ထို့အပြင် ခေါင်းပုံဖြတ်ခြင်း၊ ရုပ်ပိုင်းဆိုင်ရာပြစ်ဒဏ်ပေးခြင်း၊ မတရားပြုခြင်း၊ အတင်းအကြပ်ကျွန်ပြုခြင်းနှင့် အခြားသော မလျော်မကန်ပြုမူမှုများဖြင့် လူသားမဆန်သော အလုပ်သမားအသုံးချမှုများ ရှိနေသည်ဟု သိရသော မည်သည့်လုပ်ဖော်ကိုင်ဖက်နှင့်များ တွဲမလုပ်ရန်မှာ Colgate ၏ မူဝါဒ ဖြစ်ပါသည်။ Colgate သည် အခြားသော အလုပ်သမားဥပဒေများကို ဖောက်ဖျက်ခြင်းအားခွင့်မလွှတ်ဘဲ ကုမ္ပဏီတွင် မည်သည့် ကျူးလွန်မှုမျိုးမဆို ဖြစ်ပွားသည်ကို သိရပါက လုပ်ငန်းလုပ်ဆောင်မှု အဆုံးသတ်ခြင်း ဖြစ်ပွားနိုင်ပါသည်။

## ကျွန်ုပ်တို့၏ ဆုံးဖြတ်ချက်တို့သည် အလုံးစုံသော လူ့အခွင့်အရေးပေါ် ရှိကြောင်းပြသပါသည်

Colgate သည် ကမ္ဘာတစ်ဝှမ်း လူ့အခွင့်အရေးများနှင့် အလုပ်သမားအခွင့်အရေးများကို လေးစားလိုက်နာပြီး ကုလသမဂ္ဂ ကမ္ဘာလုံးဆိုင်ရာ လူ့အခွင့်အရေးကြေငြာချက်ကို ထောက်ခံပါသည်။ Colgate သည် ကမ္ဘာလုံးဆိုင်ရာ လူလေဗန် စည်းမျဉ်းများကို အုတ်မြစ်ချခဲ့သော အဖွဲ့ဝင်များထဲမှ တစ်ဦးဖြစ်ပါသည်။ ထို့ကြောင့် Colgate သည် အောက်ပါစံနှုန်းများအတိုင်း လုပ်ဆောင်သည့် လုပ်ဖော်ကိုင်ဖက်များကို ရှာဖွေပြီး လုပ်ငန်းလုပ်ဆောင်ပါသည်-

- လူမျိုး၊ အသားအရောင်၊ ဘာသာ၊ လိင်၊ လိင်အမှတ်သညာ၊ မွေးဖွားရာနိုင်ငံ၊ လူမျိုးစိတ်၊ အသက်အရွယ်၊ လိင်နှစ်သက်မှုအမျိုးအစား၊ မသန်စွမ်းမှု၊ အိမ်ထောင်ရေးအခြေအနေ၊ စစ်မှုထမ်းအခြေအနေ သို့မဟုတ် ဥပဒေအရ အကာအကွယ်ပေးထားသော အခြားမည်သည့် လက္ခဏာရပ်များအဆိုကို ခွဲခြားမှုမရှိဘဲ သာတူညီမျှ အခွင့်အရေးပေးရန်၊
- ကောင်းမွန်သာယာမှုကို ဖြစ်ပေါ်စေပြီး ပတ်ဝန်းကျင်ကို ကာကွယ်သော ဘေးကင်းကျန်းမာသည့် အလုပ်ခွင် ဖြစ်လာစေရန်၊
- ဝန်ထမ်းများအား အနည်းဆုံး သူတို့၏ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်သည့် လုပ်ခပေးပြီး သူတို့၏ အရည်အသွေးနှင့် စွမ်းဆောင်ရည်များ တိုးတက်စေနိုင်သော အခွင့်အလမ်းများပေးရန်၊
- ဝန်ထမ်းများ၏ ဥပဒေနှင့်အညီ လွတ်လပ်စွာ အသင်းဝင်ခြင်းနှင့် တောင်းဆိုမှုပြုလုပ်ရန် အသင်းဖွဲ့ခြင်းဆိုင်ရာ ဥပဒေအရ ရပိုင်ခွင့်များကို လေးစားရန်၊

# ပတ်ဝန်းကျင်နှင့် ကျွန်ုပ်တို့၏ ဆက်နွယ်မှု

*ပိုမိုသန့်ရှင်းကျန်းမာသော သဘာဝပတ်ဝန်းကျင်သည် ရှိသည့်ရှိထိုက်သည့် အတွက်သာမက ကောင်းမွန်သော စီးပွားရေးလုပ်ဆောင်မှုလည်း ဖြစ်သည့်အတွက် Colgate အတွက် အရေးကြီးသည့်အချက် ဖြစ်ပါသည်။ ကမ္ဘာမြေ၏ ကုန်ဆုံးသွားနိုင်သော အရင်းအမြစ်များ ထိန်းသိမ်းရေးနှင့် မျိုးဆက်သစ်တို့၏ ကမ္ဘာမြေသာယာလှပအောင် ထိန်းသိမ်းရေးတို့အတွက် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့တတ်နိုင်သည့်အပိုင်းမှ ဆောင်ရွက်နေပါသည်။*

## ကျွန်ုပ်တို့သည် ရေရှည်တည်တံ့မှုနှင့် လူမှုရေးရာ တာဝန်ခံယူမှုတို့တွင် ပါဝင်ပါသည်

Colgate တွင် ကျွန်ုပ်တို့သည် ရှင်သန်ရပ်တည်ရေးအတွက် ပြတ်သားသော ဦးတည်ချက်ကို ကျင့်သုံးနေပြီး ၎င်းကို ကျွန်ုပ်တို့လုပ်ငန်း၏ အခန်းကဏ္ဍတိုင်းတွင် အသုံးချနေပါသည်။ Colgate သည် ရှင်သန်ရပ်တည်ရေး စည်းမျဉ်းများကို အစဉ်ထောက်ခံနေပြီး ကျွန်ုပ်တို့၏ အဓိကတန်ဖိုးများဖြစ်သော – စောင့်ရှောက်ခြင်း၊ ကမ္ဘာလုံးဆိုင်ရာ အသင်းအဖွဲ့လုပ်ဆောင်မှုနှင့် စဉ်ဆက်မပြတ်တိုးတက်ရေး - တို့က ကျွန်ုပ်တို့၏ ရှင်သန်ရပ်တည်ရေး အားထုတ်မှုများကို လမ်းပြပေးပါသည်။ ကျွန်ုပ်တို့၏ ဦးတည်ချက်သည် လူများ၊ စွမ်းဆောင်ရည်နှင့် ကမ္ဘာမြေအပေါ်တွင် ဆက်လည် တည်ရှိနေပါသည်။

ထို့အပြင် ကျွန်ုပ်တို့၏ အနာဂတ်မျိုးဆက်များ သာယာဝပြောရေးအတွက် ဆောင်ရွက်နေချိန်နှင့် တပြိုင်နက်တည်း ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ကမ္ဘာလုံးဆိုင်ရာ ရှင်သန်ရပ်တည်ရေး ဦးတည်ချက်ဖြစ်သော Colgate ၏ လုပ်ငန်းများ မှန်မှန်တိုးတက်ကာ ဝန်ထမ်းများ၊ ရှယ်ယာရှင်များ၊ စာသုံးသူများ၊ ကမ္ဘာတစ်ဝှမ်း စားသုံးသူများနှင့် အရင်းအနှီးရှင်များ အပါအဝင် ကျွန်ုပ်တို့မှ ဝန်ဆောင်ပေးနေသူအပေါ် တာဝန်ယူကာ အကျိုးခံစားခွင့်ရှိရေးအတွက် လုပ်ဆောင်နေပါသည်။

လွန်ခဲ့သော နှစ်အနည်းငယ်အတွင်း အဆိုပါလုပ်ဆောင်ချက်များကို ကျွန်ုပ်တို့၏လုပ်ငန်းလည်ပတ်မှုအတွင်း ပေါင်းစပ်ခြင်းဖြင့် ကျွန်ုပ်တို့၏ ရှင်သန်ရပ်တည်ရေးနှင့် လူမှုတာဝန်ယူရေးတို့အပေါ် အားထုတ်မှုသည် တိုးတက်လာခဲ့ပါသည်။ အဆိုပါ ပေါင်းစပ်သည့်နည်းသည် ကျွန်ုပ်တို့၏ ရှင်သန်ရပ်တည်ရေးနှင့် လူမှုတာဝန်ယူရေး လုပ်ဆောင်ချက်များနှင့် ကျွန်ုပ်တို့၏ လုပ်ငန်းဆောင်ရွက်ချက်တို့ကို ခွန်အားဖြစ်စေပြီး ကျွန်ုပ်တို့အတွက် အရည်အသွေးအကောင်းဆုံး ဝန်ထမ်းများကို ခန့်ထားရန် အကူအညီပေးကာ၊ ကျွန်ုပ်တို့၏ ငွေရင်းနှီးသူများနှင့် ကောင်းမွန်သော ဆက်ဆံရေးထူထောင်ပြီး တီထွင်မှုအတွက် အခွင့်အလမ်းသစ်များကို ဖန်တီးပေးပါသည်။ အရေးအကြီးဆုံး ဖြစ်နိုင်သည်မှာ အဆိုပါ အားထုတ်မှုက ကမ္ဘာတစ်ဝှမ်းရှိ Colgate ဝန်ထမ်းများအား စိတ်လှုပ်ရှားစေပြီး ပူးပေါင်းပါဝင်လာစေပါသည်။

ကုမ္ပဏီ၏ ရှင်သန်ရပ်တည်ရေးအစီအစဉ်နှင့် လုပ်ဆောင်ချက်များအကြောင်း အသေးစိတ်သိရန် colgatepalmolive.com ရှိ "ကမ္ဘာကြီး ပြုံးရယ်နိုင်ရန် အကြောင်းပြချက်များပေးခြင်း" အပိုင်းပါ ရှင်သန်ရပ်တည်မှု တွင် လေ့လာပါ။

## ကျွန်ုပ်တို့သည် ကမ္ဘာမြေကြီးအား စောင့်ရှောက်ပြီး ကာကွယ်ပါသည်

ကုမ္ပဏီသည် ကမ္ဘာမြေ၏ ကုန်ခန်းသွားနိုင်သော အရင်းအမြစ်များကို ထိန်းသိမ်းရန်နှင့် စောင့်ရှောက်ရန်အတွက် အစိတ်အပိုင်းတစ်ခုအနေဖြင့် ပါဝင်လျက်ရှိပါသည်။ ကျွန်ုပ်တို့၏ ကမ္ဘာမြေဆိုင်ရာ လုပ်ဆောင်ချက်များတွင် ကျွန်ုပ်တို့၏ စွမ်းအင်သုံးစွဲမှု၊ ကာဗွန်ထုတ်လွှတ်မှု၊ ရေသုံးစွဲမှုနှင့် အညစ်အကြေးစွန့်ပစ်မှုတို့ ပါဝင်ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် အကျုံးဝင်သော သဘာဝပတ်ဝန်းကျင် ဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများအပြင် ၎င်းတို့ ကိုယ်စားပြုနေသော လူထုပေါ်လစီများကိုလည်း စိတ်ရောကိုယ်ပါ တိကျလေးနက်စွာ လိုက်နာရမည်ဖြစ်ပါသည်။

ကျွန်ုပ်တို့သည် လူထုနှင့် ပွင့်လင်းသော ဆက်ဆံရေးထားရှိပြီး ကျွန်ုပ်တို့ လုပ်ငန်းလည်ပတ်ရာရှိ လူမှုအသိုင်းအဝန်းများနှင့် တက်ကြွပြီး လုပ်ဆောင်မှုရှိသော မိတ်ဖက်အခြေအနေကို ထူထောင်ထားပါသည်။ ကျွန်ုပ်တို့၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဗျူဟာနှင့် အစီအစဉ်များနှင့် ပတ်သတ်ပြီး စားသုံးသူများအား သတင်းအချက်အလက်များ ဆက်လက်မျှဝေသွားကာ ကျွန်ုပ်တို့နှင့် ဦးတည်ချက်တူသူများ၊လူမှုခေါင်းဆောင်များနှင့် အတူပူးပေါင်းပြီး လုပ်ဆောင်သွားပါမည်။

လုပ်ဆောင်နေဆဲ နည်းဗျူဟာဖြစ်သော သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှု လျှော့ချရေးသည် ကျွန်ုပတို့၏ ထုတ်လုပ်မှု၊ ထုတ်ပိုးမှု၊ ဖြန့်ဝေမှုနှင့် ထုတ်ကုန်များဈေးကွက်တင်မှု တို့တွင် ပေါင်းစပ်အစိတ်အပိုင်းအဖြစ် ပါဝင်နေမည် ဖြစ်ပါသည်။

Colgate ဝန်ထမ်းများသည် အသေးစိတ် အချက်အလက်များကို ourcolgate.com ရှိ ကုမ္ပဏီ၏ လုပ်ငန်းလုပ်ဆောင်ပုံလမ်းညွှန်ချက်များပါ အခန်း 18 "သဘာဝပတ်ဝန်းကျင်၊ လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးကင်းရေး ပေါ်လစီဖော်ပြချက်" တွင် လေ့လာနိုင်ပါသည်။




# ရှယ်ယာပိုင်ရှင်များနှင့် ကျွန်ုပ်တို့၏ ဆက်နွယ်မှု

*ကျွန်ုပ်တို့၏ ရှယ်ရာဝင်များ၏ အကောင်းဆုံးစိတ်ဝင်စားမှုကို ဝန်ဆောင်ပေးရန်နှင့် ရှယ်ရာဝင်တန်ဖိုးကို တည်ဆောက်ပေးရန် အထူးအလေးထားပါသည်။*

## ကျွန်ုပ်တို့သည် ရှယ်ယာရှင်တန်ဖိုးအား ကာကွယ်မှုပြုရန် ကောင်းမွန်သည့် ပူးပေါင်းအုပ်ချုပ်မှုကို လက်ကိုင်ပြုရမည်

ကုမ္ပဏီသည် အစိုးရပေါ်လစီများနှင့် အစီအစဉ်များတွင် ပူးပေါင်းပါဝင်ပြီး ၎င်း၏ အဓိက ဦးတည်ချက်မှာ ရှယ်ရာဝင်များအတွက် အရေးပါသော အကာအကွယ်ပေးမှုကို ပြုလုပ်ပေးရန်ဖြစ်သည်။ လွန်ခဲ့သောနှစ်များအတွင်း များစွာသော အပြန်အလှန်ထိန်းညှိမှုများကို ကွန်ဂရက်၊ SEC, နယူးယောက်စတော့ခ်ဈေးကွက်၊ အခြားသော စည်းမျဉ်းရေးဆွဲသူများနှင့် ကမ္ဘာတဝှမ်းရှိ လုပ်ပိုင်ခွင့်ရှိသူများအကြား ပြုလုပ်ခဲ့ကြပြီး ၎င်းက Colgate ၏ စံကျင့်ထုံးအဖြစ် နှစ်ပေါင်းများစွာ တည်ရှိနေသော ကျင့်ဝတ်နှင့်ညီသည့် ပူးပေါင်းဆောင်ရွက်မှု အလေ့အထကို တိုးတက်စေပါသည်။ ကျွန်ုပ်တို့၏ ရှယ်ယာဝင်များအား လွတ်လပ်သော ဘုတ်အဖွဲ့ဖြင့် ကောင်းမွန်စွာ ဝန်ဆောင်မှုပေးပြီး ထိုဘုတ်အဖွဲ့တွင် လွတ်လပ်သော ဒါရိုက်တာများ၊ လွတ်လပ်သော ကော်မတီများ အများစု ပါဝင်ကာ စာရင်းစစ်ခြင်း၊ နစ်နာကြေးပေးခြင်းနှင့် အစိုးရဆိုင်ရာများကို ပြုလုပ်ကြပါတယ်။ မကြာခဏ အသစ်ဖြည့်စွက်ပြုပြင်သော ကော်မတီချာတာများနှင့် အစိုးရ စည်းမျဉ်းများသည့် ဒါရိုက်တာ၏ အခန်းကဏ္ဍနှင့် တာဝန်များ၊ ကုမ္ပဏီ၏ အစိုးရနှင့် ပူးပေါင်းဆောင်ရွက်မှု စည်းမျဉ်းများကို ရှင်းလင်းစွာ ဖွင့်ဆိုပါသည်။

ကုမ္ပဏီ၏ အစိုးရနှင့်ပူးပေါင်းဆောင်ရွက်ခြင်း အစီအစဉ်အကြောင်း အသေးစိတ်ကို colgatepalmolive.com တွင် "သီးခြား အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ခြင်း ကိစ္စရပ်များအတွက် ဘုတ်အဖွဲ့လမ်းညွှန်ချက်များ" နှင့် ကုမ္ပဏီ၏ စာရင်းစစ်ကော်မတီ၊ အဆိုပြုခြင်းနှင့် အစိုးရပူးပေါင်းဆောင်ရွက်ရေး ကော်မတီ၊ ပုဂ္ဂိုလ်ရေးနှင့် အဖွဲ့အစည်းကော်မတီ၊ ငွေကြေးကော်မတီတို့၏ ချာတာများတွင် လေ့လာပါ။

## ကျွန်ုပ်တို့သည် ရင်းနှီးမြုပ်နှံသူတို့၏ ယုံကြည့်မှုကို တိုးပွားစေရန် ကြပ်မတ်သော စာရင်းစစ်ခြင်းကို ကျင့်သုံးပါသည်

ကုမ္ပဏီသည် ငွေကြေးအစီရင်ခံစာများအပေါ် အရည်အသွေး၊ သေချာမှုနှင့် ပွင့်လင်းမြင်သာမှုတို့အား ကျင့်သုံးပါသည်။ အဆိုပါ ခံယူချက်အား ကုမ္ပဏီ၏ ရေရှည်လက်စွဲ ပေါ်လစီများနှင့် လုပ်ဆောင်ပုံများကထင်ဟပ်နေပါသည်။ ၎င်းတွင် ကမ္ဘာတစ်လွှား ငွေကြေးထိန်းချုပ်မှုများကို စောင့်ကြည့်သည့် အတွင်းပိုင်း စာရင်းစစ်အဖွဲ့၊ ဘုတ်အဖွဲ့ဝင်အာဏာရှိသော လွတ်လပ်သည့် စာရင်းစစ်များ၊ အဆိုပါကဏ္ဍများကို တာဝန်ယူသည့် လွတ်လပ်သော စာရင်းစစ်ကော်မတီတို့ ပါဝင်ကြပါသည်။ အဆိုပါအရင်းမြစ်များ၏ ထိရောက်မှုကို ပိုမိုစေရန် Colgate ဝန်ထမ်းများအား ပွင့်လင်းရိုးဖြောင့်သော ဆက်သွယ်မှုများနှင့် အချက်အလက်များ လွတ်လပ်စွာ ဖလှယ်ခြင်းတို့ကို အတွင်းပိုင်းနှင့် အပြင်ပိုင်း စာရင်းစစ်များ၊ စာရင်းစစ် ကော်မတီများနှင့် ပြုလုပ်စေလိုပါသည်။

ကုမ္ပဏီ၏ အတွင်းပိုင်းစာရင်းစစ်များ၊ လွတ်လပ်သော စာရင်းစစ်များနှင့် စာရင်းစစ်ကော်မတီတို့နှင့် ပတ်သတ်သော အသေးစိတ်ကို colgatepalmolive.com ရှိ "စာရင်းစစ်ကော်မတီချာတာ" တွင် လေ့လာပါ။

## ကျွန်ုပ်တို့သည် ရှယ်ယာဝင်များအား ကုမ္ပဏီ၏ တိုးတက်မှုကို အစဉ်မပြတ် အကြောင်းကြားနေပါသည်

နှစ်တိုင်းတွင် ရှယ်ယာဝင်များအား ကုမ္ပဏီ၏ နှစ်ပတ်လည်အစည်းအဝေးသို့ ဖိတ်ခေါ်ပြီး ကုမ္ပဏီ၏ လွန်ခဲ့သောနှစ်အတွင်း တိုးတက်မှုကို ပြန်လည်သုံးသပ်ကာ ရှယ်ယာဝင်များမှ ကုမ္ပဏီ၏ ထိပ်ပိုင်းစီမံခန့်ခွဲမှု အဖွဲ့ဝင်များအား မေးမြန်းခွင့်ကို ရရှိပါသည်။ ကြားပိုင်းလများတွင် ရှယ်ယာဝင်များသည် ကုမ္ပဏီ၏ဝဘ်ဆိုက် colgatepalmolive.com တွင် လေ့လာနိုင်ပါသည်။

# လိုက်နာမှုအတွက် တာဝန်ယူခြင်း



*ကျင့်ဝတ်များကို ရေးသားထားယုံဖြင့် လုံလောက်မှုမရှိပါ – ကျင့်ဝတ်များကို လိုက်နာခြင်းသည် Colgate ဝန်ထမ်းအားလုံး၏ တာဝန်ဖြစ်ပြီး ကျွန်ုပ်တို့၏ ကိုယ်ပိုင်လိုက်နာမှုများသည် ကျွန်ုပ်တို့၏ ကျင့်ဝတ်ဆိုင်ရာ မြင့်မားသော စံနှုန်းများကို ထင်ဟပ်နေရပါမည်။*

## ဆက်သွယ်ခြင်းနှင့် ထုတ်ဖော်ပြောဆိုခြင်းတို့ သည် အရေးကြီးပါသည်

Colgate နှင့် အလုပ်လုပ်ရန် လက်ခံရာတွင် ကျွန်ုပ်တို့တစ်ဦးစီသည် ဥပဒေနှင့် လုပ်ထုံးလုပ်နည်းအားလုံး၊ လုပ်ငန်းဆောင်ရွက်ပုံ လမ်းညွှန်ချက်များတွင် အသေးစိတ်ဖော်ပြထားသည့် လမ်းညွှန်ချက်များနှင့် အခြားပေါ်လစီများ၊ ကုမ္ပဏီနှင့် အဖွဲ့များ၊ လုပ်ငန်းစုများ၊ ဌာနများမှ ထုတ်ဝေထားသော လုပ်ဆောင်ပုံနှင့် လမ်းညွှန်ချက်များ အပါအဝင် ကျင့်ဝတ်စံနှုန်းများနှင့်အညီ နေထိုင်ရန် လိုအပ်ပါသည်၊ မန်နေဂျာများသည် အဆိုပါ စံနှုန်းများကို ၎င်းတို့နှင့် လုပ်ကိုင်နေသူများအား ပြောပြအသိပေးရန် တာဝန်ရှိပြီး သူတို့သည် နားလည်လိုက်နာကာ လူအများမှ ကျင့်ဝတ်နှင့် ဥပဒေဆိုင်ရာ ကိစ္စများကို လွတ်လပ်စွာ ဆွေးနွေးသော အနေအထားတစ်ရပ် ဖြစ်ပေါ်လာရန် ကြိုးစားရပါမည်။

## သင့်တွင် လမ်းညွှန်မှုလိုအပ်လျှင် သင့်အားကူညီရန် ကျွန်ုပ်တို့တွင် အတွင်းပိုင်း ရင်းမြစ်များ ရှိပါသည်

ကျင့်ထုံးများသည် မေးခွန်းအားလုံးအတွက် တိကျသောအဖြေများကို မပေးနိုင်ပါ။ ထို့အတွက် ကျွန်ုပ်တို့သည် လူတစ်ဦးစီ၏ ကောင်းမွန်သော အသိစိတ်ကို အဓိကအားထားရမည်ဖြစ်ပြီး ၎င်းသည် ကုမ္ပဏီ၏ မြင့်မားသော စံနှုန်းများကို လိုက်နာကာ သင့်လျော်သော ပြုမူမှုအတွက် မည်သည့်အချိန်တွင် လမ်းညွှန်မှုကို ရယူရန်လိုအပ်သည်ဟု သိမြင်သော စိတ်အခြေခံလည်း လိုအပ်ပါသည်။ သင်သည် ကျင့်ဝတ်ပိုင်းတွင် ဆွေးနွေးသွားသည်တို့နှင့် ပတ်သတ်ပြီး မေးမြန်းလိုသည် ရှိပါက သို့မဟုတ် သင်သည် အခြေအနေတစ်ရပ်အတွက် အကောင်းဆုံးသော လုပ်ဆောင်မှုအပေါ် သံသယဝင်ပါက အောက်ပါအတိုင်း လမ်းညွှန်မှုကို ရယူပါ။

## ကျွန်ုပ်အကူအညီလိုပါက ဘယ်သွားရမည်နည်း?

ဝန်ထမ်း

**ဥပဒေရေးရာ**

ကမ္ဘာလုံးဆိုင်ရာဥပဒေအဖွဲ့၏ အဖွဲ့ဝင်ကို ဆက်သွယ်ပြီး မည်သည့် ကျင့်ဝတ်လိုက်နာခြင်း မေးခွန်းများမဆို မေးမြန်းပါ သို့မဟုတ် ဥပဒေများ၊ ကျင့်ဝတ်နှင့် လုပ်ငန်းလုပ်ဆောင်ပုံလမ်းညွှန်ချက်များအပါအဝင် ကုမ္ပဏီပေါ်လစီများကို အဓိပ္ပါယ်ဖွင့်ခြင်းအတွက် အကြံဉာဏ် သို့မဟုတ် အကူအညီ ရယူပါ။

**အလုံးစုံကျင့်ဝတ်ပိုင်းနှင့် လိုက်နာမှု**

အလုံးစုံကျင့်ဝတ်နှင့် လိုက်နာခြင်းဌာနအား EthicsLine မှ တစ်ဆင့် ဆက်သွယ်ပြီး မေးခွန်းမေးခြင်း၊ သီးခြားအခြေအနေတစ်ခုတွင် ကျင့်ဝတ်များက မည်သို့သက်ရောက်သည်ကို လမ်းညွှန်ချက်ရယူခြင်း သို့မဟုတ် အကြမ်းဖက် ခံရမှုအတွက် မည်သို့ "ထုတ်ဖော်ပြောကြား" ရမည်ကို လမ်းညွှန်ချက်ရယူခြင်းတို့ ပြုလုပ်ရန် သင့်ကို တိုက်တွန်းပါသည်။

**လူ့စွမ်းအားအရင်းအမြစ်**

သင်၏ ဒေသတွင်း လူ့စွမ်းအားအရင်းအမြစ် တာဝန်ရှိသူသည် ကျင့်ဝတ်ဆိုင်ရာ ဖြေရှင်းမှုများအတွက် အကြံဉာဏ်ပေးနိုင်သော အရေးပါသည့် အရင်းအမြစ်တစ်ခုဖြစ်ပါသည်။

**သင့်မန်နေဂျာ**

ကျင့်ဝတ်ဆိုင်ရာတို့ကို ဆွေးနွေးရန်နှင့် မေးမြန်းရန် သင်၏ မန်နေဂျာ သို့မဟုတ် သင့်အဖွဲ့၏ ခေါင်းဆောင်အဖွဲ့နှင့် ပြောဆိုပါ။ ထိုသူတို့မှ သင့်ကို မကူညီနိုင်ပါက သင့်သော်သူတစ်ဦးဦးထံ သင့်ကို ညွှန်းဆိုပါလိမ့်မည်။ အလားတူပင် သင်သည် မန်နေဂျာနှင့် စကားပြောရသည်ကို မသက်မသာဖြစ်ပါက အလုံးစုံကျင့်ဝတ်နှင့် လိုက်နာမှုဌာနရှိ လူ့စွမ်းအားအရင်းအမြစ်သို့ သွားရောက်ပါ။

| မေးခွန်း- | အဖြေ- |
| --- | --- |
| ကျွန်ုပ်၏ အဖွဲ့ဝင်တစ်ဦးမှ ပြဿနာတစ်ခုကို "ထုတ်ဖော်ပြောဆို" လာပါကမန်နေဂျာတစ်ဦးအနေနှင့် ကျွန်ုပ်ဘာလုပ်သင့်သနည်း? | ခေါင်းဆောင်တစ်ဦးအနေနှင့် သင်သည် အခြားသူများကို ပွင့်လင်းရိုးသားစွာ ပြောဆိုရန် တိုက်တွန်းသင့်ပြီး အကဲဆတ်သောကိစ္စများအပါအဝင် ပြဿနာများကို ထုတ်ပြောရန် တိုက်တွန်းသင့်ပါသည်။ အဖွဲ့ဝင်တစ်ဦးမှ ပြဿနာကို ထုတ်ဖော်ပြီး သင့်အကူအညီကို တောင်းပါက သင်သည် ဦးတည်ချက်ရှိပြီး၊ ပွင့်လင်းကာ တုံ့ပြန်ဖြေရှင်းပေးရန် လိုပါသည်။ အဖွဲ့ဝင်အား ကုမ္ပဏီ၏ ကျင့်ဝတ်စံနှုန်းဌာနသို့ သူ/သူမ၏ ယုံကြည်မှုကို ပြသသည့်အတွက် ကျေးဇူးတင်ကြောင်း ဖော်ပြပါ။ အဖွဲ့ဝင်အား သင့်အနေဖြင့် ချက်ချင်းအဖြေမပေးနိုင်သော်လည်း ၎င်းသည် လူ့စွမ်းအားအရင်းအမြစ်၊ အထွေထွေဥပဒေအဖွဲ့ သို့မဟုတ် အလုံးစုံကျင့်ဝတ်နှင့်လိုက်နာမှုတို့မှ အဖွဲ့ဝင်အား သင့်လျော်သော လမ်းညွှန်ချက်ရရှိစေရေးအတွက် သင့်ကိုကူညီရန် အခွင့်အရေးပင် ဖြစ်ပါသည်။ |

## သင့်လျော်သော ရင်းမြစ်များသို့ ပြဿနာများအား သတင်းပို့ရန် ကျွန်ုပ်တို့ "ဖွင့်ဟပြောခြင်း" ပြုပါသည်

သင်သည် ကျင့်ဝတ်၊ လုပ်ငန်းလုပ်ဆောင်ပုံလမ်းညွှန်ချက်များ သို့မဟုတ် ကုမ္ပဏီ၏ အခြားသောမူဝါဒများကို ဖောက်ဖျက်ခြင်းရှိသည် သို့မဟုတ် ထိုသို့ရှိကြောင်း သံသယဝင်ရန် ကောင်းမွန်သော အကြောင်းပြချက်ရှိပါက သင်သည် သင်၏မန်နေဂျာ၊ လူ့စွမ်းအား အရင်းအမြစ်၊ အလုံးစုံကျင့်ဝတ်နှင့် လိုက်နာမှုသို့မဟုတ် ကမ္ဘာလုံးဆိုင်ရာဥပဒေအဖွဲ့သို့ ချက်ချင်းသတင်းပို့ရန် လိုအပ်ပါသည်။ အခြားနည်းအားဖြင့် သင်သည် ကြောက်ရွံ့စရာမလိုဘဲ အမြင့်ပိုင်း စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ထမ်းများထံ သွားရောက်တွေ့ဆုံသင့်ပါသည်။

## ကျွန်ုပ်အပေါ် ဆိုးကျိုးဖြစ်စေမည့် မည်သည့်အရေးယူမှုမျိုးမှ ပြုလုပ်မည်မဟုတ်ကြောင်းကျွန်ုပ်မည်သို့ သေချာသိနိုင်မည်နည်း?

သင်သည် Colgate-Palmolive EthicsLine ကိုသုံးပြီး အလုံးစုံကျင့်ဝတ်နှင့် လိုက်နာမှု ဌာနသို့ ဆက်သွယ်နိုင်ပါသည်။

EthicsLine မှတစ်ဆင့် ရလာသော အချက်အလက်များကို ပြန်လည်သုံးသပ်ပြီး ကျင့်ဝတ်နှင့် ဆက်စပ်နေပါက အဆိုပါကိစ္စကို အလုံးစုံကျင့်ဝတ်နှင့် လိုက်နာမှု နှင့်/သို့မဟုတ် ကမ္ဘာလုံးဆိုင်ရာဥပဒေအဖွဲ့မှ သေချာစေ့စပ်စွာ စုံစမ်းစစ်ဆေးပါမည်။ အရေးကြီးသည်မှာ အစီရင်ခံသူသည် မိမိတို့ဘာသာ စုံစမ်းစစ်ဆေးမှုများ မပြုရန်ဖြစ်သည်။ စုံစမ်းစစ်ဆေးမှုများသည် ရှုပ်ထွေးသော ဥပဒေရေးပြဿနာများ ပါဝင်နိုင်ပါသည်။ သင့်ဖာသာ ဆောင်ရွက်ခြင်းသည် စုံစမ်းစစ်ဆေးမှု၏ စွမ်းရည်ကို ထိခိုက်စေပြီးသင်နှင့်တကွ Colgate ကို ဆိုးရွားသော သက်ရောက်မှု ဖြစ်စေနိုင်ပါသည်။

အစီရင်ခံစာများအား ဥပဒေနှင့်အညီ မည်သူမည်ဝါဟု မဖော်ပြဘဲ ပြုလုပ်နိုင်ပါသည်။ သို့သော် ကျွန်ုပ်တို့သည် သင်ဖုန်းခေါ်သောအခါ သင့်ကိုယ်သင်မည်သူဟု ဖော်ပြရန် တိုက်တွန်းပါသည်။ သို့မှသာ စုံစမ်းစစ်ဆေးမှုနှင့် နောက်ဆက်တွဲကို ချောမွေ့လွယ်ကူစေရန် အကူအညီရမည် ဖြစ်ပါသည်။ အချို့နိုင်ငံများတွင် သင်အစီရင်ခံနိုင်သော အချက်အလက်အမျိုးအစားကို ကန့်သတ်ထားသည့် ဥပေဒများ ရှိပါသည်။ သင့်အဖြစ်အပျက်တွင် အဆိုပါဥပဒေများ သက်ရောက်မှုရှိပါက အလုံးစုံကျင့်ဝတ်နှင့် လိုက်နာမှု တာဝန်ရှိသူမှ သင့်မေးမြန်းမှု သို့မဟုတ် ပြဿနာကို ကူညီပေးရန်အတွက် သင့်လုပ်ငန်းအစုထဲမှ တစ်စုံတစ်ဦးထံ ညွှန်းပါလိမ့်မည်။

သို့သော် သင့်ကိုယ်သင် ဖော်ပြလိုပါက ကုမ္ပဏီသည် ပုဂ္ဂိုလ်ရေး အချက်အလက်နှင့် ပေးအပ်သော အချက်အလက်များကို လျှို့ဝှက်အဖြစ်ထိန်းသိမ်းရန် လိုအပ်သော အဆင့်အတိုင်း ဆောင်ရွက်မည်ဖြစ်ပြီး အချက်အလက်ကို ထုတ်ပြောခြင်းအား လိုအပ်မှုရှိမှသာ အောက်ပါအခြေအနေတို့တွင် လုပ်ဆောင်ပါမည်-

ထိရောက်သော စုံစမ်းစစ်ဆေးမှုပြုလုပ်ရန်နှင့် သင့်လျော်သော အရေးယူမှုပြုလုပ်ရန် လိုအပ်သောအခါ သို့မဟုတ်

သက်ရောက်မှုရှိသော ဥပဒေအရ လိုအပ်လာသောအခါ။

အစီရင်ခံစာ သို့မဟုတ် တိုင်ကြားမှုတွင် ပုဂ္ဂိုလ်ရေးအချက်အလက်များ ပါနိုင်ပါသည်။ ဖောက်ဖျက်ခြင်း သို့မဟုတ် ဖောက်ဖျက်ကြောင်း သံသယရှိမှုကို စုံစမ်းစစ်ဆေးရန်အတွက် ဒေသတွင်းဥပဒေနှင့်အညီ နိုင်ငံတစ်နိုင်ငံမှအချက်အလက်ကို အမေရိကန်အပါအဝင် အခြားနိုင်ငံများသို့ လွှဲပြောင်းပေးရန် လိုအပ်နိုင်ပါသည်။ အဆိုပါကိစ္စမျိုးတွင် ပုဂ္ဂိုလ်ရေးအချက်အလက်ကို အလုံးစုံကျင့်ဝတ်နှင့် လိုက်နာမှုတွင် ပါဝင်နေသော ကုမ္ပဏီဝန်ထမ်းနှင့် Colgate တာဝန်ရှိသူတို့မှ အစီရင်ခံစာကိုစစ်ဆေးရန် သုံးမည်ဖြစ်သော်လည်း ထိုအတွက် လိုအပ်သည့် ကာလတစ်ခုသာ ဖြစ်ပါသည် (ထို့နောက်တွင် အဆိုပါ ကိုယ်ရေးအချက်အလက်အား ဖျက်ဆီးခြင်း သို့မဟုတ် ကုမ္ပဏီပေါ်လစီ သို့မဟုတ် ဥပဒေ လိုအပ်ချက်အရ ထိန်းသိမ်းထားခြင်း ပြုလုပ်ပါမည်)။

## လိုက်နာရန် စည်းမျဉ်းများ ETHICSLINE

**ethics@colpal.com**

**(800) 778-8080**
**(အမေရိကန်၊ ကနေဒါနှင့်**
**ပျူတိုရီကိုမှဆက်လျှင် အခမဲ့)**
**1-(212) 310-2330**
**(အခြားဒေသ အားလုံးအတွက်)**

**Global Ethics & Compliance**
**Colgate-Palmolive Company**
**300 Park Ave, 5th Floor**
**New York, NY 10022**

ဝဘ်ဆိုက်

ဖက်စ်
**(212) 310-3745**

**မေးခွန်း-**

ကျွန်ုပ်ပြောပြချက်အပေါ် တုံ့ပြန်မှုပြုလုပ်မည်ဟု သိရသော်လည်း ပြီးခဲ့သည့်တစ်ခေါက် ကျွန်ုပ်မန်နေဂျာထံ ပြဿနာအကြီးတစ်ရပ်အား “ထုတ်ဖော်ပြောဆို” သော်လည်းဘာမှ ဖြစ်လာခဲ့ခြင်း မရှိပါ။ ယခု ကျွန်ုပ်ဘာလုပ်သင့်သနည်း?

**အဖြေ-**

ကျွန်ုပ်တို့ကုမ္ပဏီသည် ပူးပေါင်းမှုနှင့် မြင့်မားသော ကျင့်ဝတ်စံနှုန်းများရှိကြောင်း သေချာစေရန် ကျွန်ုပ်တို့အားလုံးတွင် တာဝန်ရှိပါသည်။ သင်ထုတ်ဖော်ပြောဆိုသော ပြဿနာအတွက် သင့်လျော်သော တုံ့ပြန်ဆောင်ရွက်ချက် မပြုလုပ်ဟု သင်ယူဆပါက သင်ထပ်မံပြုလုပ်နိုင်သော နောက်ထပ်အရင်းအမြစ်များ ရှိပါသေးတယ်။ ကိစ္စရပ်အား ထိပ်ပိုင်းပုဂ္ဂိုလ်များထံ “ထုတ်ဖော်ပြောပြ” ရန် မကြောက်ရွံ့ပါနှင့်။ အပေါ်ပိုင်းစီမံခန့်ခွဲမှု၊ လူ့စွမ်းအားအရင်းအမြစ်၊ ကမ္ဘာလုံးဆိုင်ရာဥပဒေအဖွဲ့ သို့မဟုတ် အလုံးစုံကျင့်ဝတ်နှင့်လိုက်နာမှုများဌာန တို့အား ပြောပြပါ။ ကိစ္စရပ်အား ပြောပြသင့်အတွက် သင့်ကို ကုမ္ပဏီမှ ကျေးဇူးတင်ပါတယ်။

## ETHICSLINE ကို ကျွန်ုပ်ဆက်သွယ်ပြီးပါက ဘာဖြစ်လာမည်နည်း?



## COLGATE စုံစမ်းစစ်ဆေးမှု လုပ်ငန်းစဉ်

1. GE&C သည် စုံစမ်းစစ်ဆေးသူတစ်ဦးကို တာဝန်ပေးပြီး ထိုသူသည် အစီရင်ခံစာ ရောက်လာသည့် ဌာနအစိတ်အပိုင်းနှင့် မည်သည့် လုပ်ငန်းဆက်စပ်မှုမျှ မရှိသူဖြစ်ပါသည်။
2. စုံစမ်းစစ်ဆေးသူမှ စုံစမ်းစစ်ဆေးမှု စတင်ပါသည်။
3. စုံစမ်းစစ်ဆေးသူမှ တွေ့ရှိချက်များကို တင်ပြပါသည်။
4. အလုံးစုံကျင့်ဝတ်နှင့်လိုက်နာမှုဌာနမှ တွေ့ရှိချက်များကို ပြန်လည်သုံးသပ်ပြီး အရေးယူရန်နှင့် ပြန်လည်တည့်မတ်ရန်တို့ကို အကြံပြုပါသည်။
5. စုံစမ်းစစ်ဆေးမှု အဆုံးသတ်တွင် အစီရင်ခံသူအား အကြောင်းပြန်ပါမည် (ဆက်သွယ်ရန် အချက်အလက် ပေးထားပါက)။

## စည်းကမ်းပိုင်းဆိုင်ရာ ဆောင်ရွက်မှုများ ပြုလုပ်ပါသည်

ကုမ္ပဏီသည် ကျင့်ဝတ် သို့မဟုတ် လုပ်ငန်းလုပ်ဆောင်မှုလမ်းညွှန်ချက်များအပေါ် မည်သည့်ဖောက်ဖျက်မှုမဆို "လုံးဝလျစ်လျူမရှုသော" မူဝါဒ ရှိပါသည်။ ဆိုလိုသည်မှာ ဖောက်ဖျက်မှုရှိသည်ဟု ဖော်ထုတ်မိပါက ဖောက်ဖျက်မှုနှင့် ကိုက်ညီမှုရှိသော သင့်လျော်သည့် အရေးယူမှုကို ပြုလုပ်ပါမည်။ ကုမ္ပဏီရှိ မည်သည့်လူ သို့မဟုတ် မန်နေဂျာမျှ ကျင့်ဝတ်နှင့်မညီသော အပြုအမူကို လုပ်ဆောင်ခွင့် မရှိပါ သို့မဟုတ် အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ လုပ်ဆောင်ရန် ခိုင်းစေခြင်း၊ ညွှန်ကြားခြင်း၊ ခွင့်ပြုခြင်း သို့မဟုတ် ခွင့်လွှတ်ခြင်း မပြုနိုင်ပါ။ ကုမ္ပဏီသည် ကျင့်ဝတ် သို့မဟုတ် လုပ်ငန်းလုပ်ဆောင်မှုလမ်းညွှန်ချက်များကို ဖောက်ဖျက်မှုများ ဟန့်တားနိုင်ရန် ရည်ရွယ်ထားပြီး ထိုသို့ ဖြစ်လာပါက ထုတ်ဖော်သိရှိရသည်နှင့် ရပ်တန့်ရန် ကြိုးစားပါမည်။ ကျင့်ဝတ် သို့မဟုတ် လုပ်ငန်းလုပ်ဆောင်မှုလမ်းညွှန်ချက်များကို ဖောက်ဖျက်သည့် Colgate ဝန်ထမ်းများသည် အလုပ်မှရပ်ဆိုင်းခြင်းနှင့် ဒေသတွင်း ဥပဒေအရ အရေးယူမှုအပါအဝင် စည်းကမ်းပိုင်း အရေးယူမှုများကို ရင်ဆိုင်ရပါမည်။

## COLGATE ဝန်ထမ်းအာလုံးနှင့် ကုမ္ပဏီလုပ်ဆောင်မှုများအပေါ် သက်ရောက်မှုရှိသော ကျင့်ဝတ်များ

ကျင့်ဝတ်များနှင့် လုပ်ငန်းလုပ်ဆောင်မှုလမ်းညွှန်ချက်များကို လိုက်နာခြင်းအားအလုံးစုံကျင့်ဝတ်နှင့်လိုက်နာမှုဌာနမှ စောင့်ကြည့်လေ့လာပါမည်။ ဌာနမှ စီအီးအို/ဘုတ်အဖွဲ့ဥက္ကဋ္ဌနှင့် Colgate ဒါရိုက်တာဘုတ်အဖွဲ့၏ စာရင်းစစ်အဖွဲ့ဥက္ကဋ္ဌ တို့ထံ ကျင့်ဝတ်နှင့် ဆက်စပ်အစီအစဉ်တို့၏ အရင်းတည်မှု၊ ဖြစ်ပျက်မှု၊ ဖြေရှင်းမှုတို့နှင့် ပတ်သက်ပြီး အစီရင်ခံသွားပါမည်။

အလုံးစုံကျင့်ဝတ်နှင့်လိုက်နာမှုဌာနသို့ သို့မဟုတ် အခြားလမ်းကြောင်းမှ သတင်းပို့သော အချက်အလက်များကို သင့်လျော်မှုရှိပါက စာရင်းစစ်ကော်မတီသို့ လျှို့ဝှက်အဖြစ် အကြောင်းကြားပါသည်။

ကျင့်ဝတ်သည် Colgate-Palmolive ကုမ္ပဏီနှင့် ၎င်း၏အခွဲများတွင် အလုပ်လုပ်သည့် အရာရှိများ၊ ကုမ္ပဏီဒါရိုက်တာများနှင့် ဥပဒေအရ ဆက်စပ်နေသော အေးဂျင့်များ အပါအဝင် ကုမ္ပဏီအတွက်လုပ်လုပ်သည့် လူအားလုံးနှင့် သက်ဆိုင်ပါသည်။ ကျင့်ဝတ်အကြောင်း မိတ္တူများကို ကျွန်ုပ်တို့၏ ဌာနတွင်းဝဘ်ဆိုက်နှင့် ပြင်ပဝဘ်ဆိုက်များတွင် ရနိုင်ပြီး အခြားအဖွဲ့များအား ကုမ္ပဏီကိုယ်စား ဆောင်ရွက်နိုင်ရန် အခွင့်ပေးထားနိုင်ပါသည်။ ကမ္ဘာတစ်ဝှမ်းရှိ Colgate ဝန်ထမ်းများသည် ကုမ္ပဏီ၏ ကျင့်ဝတ်စံနှုန်းများကို လိုက်နာကြောင်း ပြသရန် ကျင့်ဝတ်ဆိုင်ရာသင်တန်းကို နှစ်စဉ်တက်ရောက်ကြပါသည်။

COLGATE-PALMOLIVE COMPANY

300 Park Avenue
New York, NY 10022
212-310-2000
www.colgatepalmolive.com